မြဝတီ နေ့စဉ်

မှန်ရမည်၊ မြန်ရမည် ပြည်သူ့အတွက် မြဝတီ

မြတ်ဗုဒ္ဓ၏ အဆုံးအမ တရား

စန္ဒကူးပန်း၊ တောင်ဇလပ်ပန်း၊ ကြာပန်း၊ မြတ်လေးပန်း စသော ပန်းနံ့သာတို့ထက် သီလတည်းဟူသောအနံ့သည် အတုမရှိ ထူးကဲလွန်မြတ်၏။

ဓမ္မပဒ

ဒို့တာဝန်အရေးသုံးပါး

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

■ www.myawady.net.mm
■ E-mail:mwddailynewspapergroup@gmail.com
■ အတွဲ(၁၆)၊ အမှတ်(၁၂၂)
■ ၁၃၈၈ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁၁ ရက်၊ ၂၀၂၆ ခုနှစ်၊ နိုဝင်ဘာ ၆ ရက်၊ သောကြာနေ့

တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် တတိယပုံမှန်အစည်းအဝေး နဝမနေ့ကျင်းပ

နေပြည်တော် နိုဝင်ဘာ ၅

တတိယအကြိမ်ပြည်ထောင်စုလွှတ်တော် တတိယပုံမှန်အစည်းအဝေး နဝမနေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်ထောင်စုလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ ပြည်ထောင်စုလွှတ်တော်နာယက ဦးအောင်လင်းဒွေး၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ၊ ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက Jeng Phang Nawng တောင်၊ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်အုန်း၊ ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များနှင့် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များ၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့မှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယကက တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် တတိယပုံမှန်အစည်းအဝေး နဝမနေ့သို့ တက်ရောက်ခွင့်ရှိသည့်

စာမျက်နှာ ၃ ကော်လံ ၁ ●



တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် တတိယပုံမှန်အစည်းအဝေး နဝမနေ့ကျင်းပစဉ်။

လွှတ်တော်ကိုယ်စားလှယ်များ စွမ်းဆောင်ရည်မြှင့်တင်ရေးအတွက် “နိုင်ငံတော်၏ လျှပ်စစ်နှင့်စွမ်းအင်ကဏ္ဍဆိုင်ရာ ဆောင်ရွက်ချက်များ” လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနက ရှင်းလင်းတင်ပြ



နေပြည်တော် နိုဝင်ဘာ ၅

လွှတ်တော်များ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရေးအဖွဲ့ (JCC)နှင့် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနတို့ပူးပေါင်း၍ လွှတ်တော်ကိုယ်စားလှယ်များ စွမ်းရည်မြှင့်တင်ရေးအတွက် “နိုင်ငံတော်၏လျှပ်စစ်နှင့် စွမ်းအင်ကဏ္ဍဆိုင်ရာ ဆောင်ရွက်ချက်များ”အား လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနက ရှင်းလင်းတင်ပြခြင်း

စာမျက်နှာ ၁၇ ကော်လံ ၁ ➲

တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်)သို့ ပျဉ်းမနားမြို့နယ်ရှိ အမှတ် (၃) အခြေခံပညာ အထက်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများ သွားရောက်လေ့လာ

နေပြည်တော် နိုဝင်ဘာ ၅

ကျောင်းသားလူငယ်များအား မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်လာစေရန်၊ ကျောင်းပြင်ပဗဟုသုတများ ရရှိစေပြီး သင်ရိုးညွှန်းတမ်းပါ သင်ခန်းစာများကို စာတွေ့အပြင် လက်တွေ့ယှဉ်တွဲ လေ့လာနိုင်စေရန်၊ လွှတ်လပ်ရေးကြိုးပမ်းမှုကာလနှင့်အတူ ယှဉ်တွဲပေါ်ပေါက်လာသည့် မြန်မာ့တပ်မတော်၏ အဆင့်ဆင့် ပြောင်းလဲတိုးတက်လာခဲ့မှု အခြေအနေ

စာမျက်နှာ ၁၂ ကော်လံ ၁ ➤



ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများ တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်)တွင် ကြည့်ရှုလေ့လာစဉ်။

လွှတ်တော်အသီးသီးတွင် လွှတ်တော်ကိုယ်စားလှယ် လစ်လပ်နေသော မဲဆန္ဒနယ်များအတွက် ကြားဖြတ်ရွေးကောက်ပွဲများ ကျင်းပမည့်နေ့ရက် သတ်မှတ်ကြေညာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ကြေညာချက်အမှတ် (၆၈ / ၂၀၂၆)

၁၃၈၈ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁၀ ရက် (၂၀၂၆ ခုနှစ်၊ နိုဝင်ဘာလ ၅ ရက်)

လွှတ်တော်အသီးသီးတွင် လွှတ်တော်ကိုယ်စားလှယ် လစ်လပ်နေသော မဲဆန္ဒနယ်များအတွက် ကြားဖြတ်ရွေးကောက်ပွဲများ ကျင်းပမည့်နေ့ရက် သတ်မှတ်ကြေညာခြင်း

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေပုဒ်မ ၁၀ ပါ တာဝန်နှင့်လုပ်ပိုင်ခွင့်များကို ကျင့်သုံး၍ သက်ဆိုင်ရာလွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၃၄(ဂ) နှင့် နည်းဥပဒေ ၁၆(က) တို့အရ ၁၃၈၈ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၃ ရက် (၂၀၂၇ ခုနှစ်၊ ဧပြီလ ၄ ရက်) တနင်္ဂနွေနေ့တွင် လွှတ်တော်ကိုယ်စားလှယ် နေရာလစ်လပ်နေသည့် အောက်ပါမဲဆန္ဒနယ်များအတွက် ကြားဖြတ်ရွေးကောက်ပွဲများ ကျင်းပပြုလုပ်မည်ဖြစ်ကြောင်း သတ်မှတ်ကြေညာလိုက်သည် -

စာမျက်နှာ ၅ ကော်လံ ၁ ➤

၂၀၂၇ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲကျင်းပမည့် မဲဆန္ဒနယ်များအား ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ထုတ်ပြန်ကြေညာ **စာ- ၇ သို့**

နိုင်ငံခြားငွေလဲလှယ်နှုန်း တည်ငြိမ်မှုကိုပျက်ပြားစေရန် ရည်ရွယ်ချက်ရှိရှိဖြင့် ဆောင်ရွက်လျက်ရှိသည့် လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများအား ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည် **စာ- ၁၆ သို့**

အယ်ဒီတာ့အာဏော်

၂၀၂၆ ခုနှစ်၊ နိုဝင်ဘာ ၆ ရက်

နှစ်နိုင်ငံပြည်သူများလုံခြုံအေးချမ်း၍ ဒေသတည်ငြိမ်ရေး

မြန်မာ-ထိုင်း နှစ်နိုင်ငံအနေဖြင့် နိုင်ငံတော်အစိုးရအချင်းချင်း ဆက်ဆံရေး၊ တပ်မတော်အချင်းချင်းဆက်ဆံရေး၊ ပြည်သူအချင်းချင်းနှင့် အဖွဲ့အစည်းများအကြားဆက်ဆံရေးတို့တွင် ကဏ္ဍာပေါင်းစုံ၌ ခိုင်မာ အားကောင်းလျက်ရှိပြီး မဟာဗျူဟာမြောက်မိတ်ဖက်ဆက်ဆံရေး (Natural Strategic Partnership)အဆင့်ရှိသည့်နိုင်ငံများလည်းဖြစ်သည်။ မြန်မာ့တပ်မတော်အနေဖြင့်လည်း နယ်စပ်ဒေသတည်ငြိမ်အေးချမ်းရေးကို အထူးအလေးထားဆောင်ရွက်လျက်ရှိပြီး နှစ်နိုင်ငံတပ်မတော် နှစ်ရပ်အကြားတွင်လည်း ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်လုပ်ဆောင်လျက်ရှိသည်။ ထို့ပြင် နှစ်နိုင်ငံပြည်သူများအနေဖြင့်လည်း ကာလရှည်ကြာသည့် မိတ်ဖက်ချစ်ကြည်ရင်းနှီးမှုများရှိပြီးဖြစ်သည်။

မြန်မာ့တပ်မတော်အနေဖြင့် ထိုင်းနိုင်ငံနှင့်ကာလရှည်ကြာသော မိတ်ဆွေဖက်ချစ်ကြည်ရင်းနှီးမှုရှိပြီး တပ်မတော်နှစ်ရပ်အကြား ပူးပေါင်းဆောင်ရွက်မှုများမြှင့်တင်ဆောင်ရွက်လျက်ရှိသည်နှင့်အညီ နှစ်နိုင်ငံနယ်စပ်ဒေသတည်ငြိမ်အေးချမ်းရေးနှင့် နယ်မြေလုံခြုံရေး လုပ်ငန်းများကို အစဉ်တစိုက်ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။ နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုကိုမလိုလားသော KNU၊ KNLA အပါအဝင် CRPH၊ NUG နှင့် PDF အမည်ခံအကြမ်းဖက်အဖွဲ့များအနေဖြင့် နယ်စပ်ဒေသများတွင် နှစ်နိုင်ငံပြည်သူများထိခိုက်စေရန် အကြမ်းဖက်တိုက်ခိုက်ခြင်း၊ တရားမဝင်လုပ်ငန်းများလုပ်ကိုင်ခြင်းတို့အပြင် ပြည်သူများအထင်အမြင်လွဲမှားမှုများဖြစ်ပေါ်စေရန် နည်းလမ်းမျိုးစုံဖြင့် အွန်လိုင်းမီဒီယာများတွင် ကောလာဟလသတင်းများပျံနှံ့အောင်လုပ်ဆောင်လျက်ရှိသည်။

ပြည်ဖျက်မီဒီယာများအနေဖြင့် နှစ်နိုင်ငံချစ်ကြည်ရေး ကောင်းမွန်မှုကို မလိုလားသည့်အတွက် နယ်စပ်ရှိဒေသခံများအား စိုးရိမ်ကြောက်ရွံ့စိတ်များဖြစ်ပေါ်စေရန်ရည်ရွယ်၍ ထိုင်းနိုင်ငံဘက်ရှိ ကုန်လှောင်ရုံများကိုဖျက်ဆီးမည်ဆိုသည့်သတင်းအပါအဝင် အခြေအမြစ်မရှိသည့်ကောလာဟလသတင်းများကိုဖြန့်ဝေနေကြောင်း တွေ့ရှိရပြီး အဆိုပါအွန်လိုင်းမီဒီယာသတင်းများသည် မှန်ကန်မှုမရှိသည့်သတင်းမှားများသာဖြစ်ကြောင်း တွေ့ရှိရသည်။

KNU၊ KNLA အပါအဝင် CRPH၊ NUG နှင့် PDF အမည်ခံအကြမ်းဖက်အဖွဲ့များအနေဖြင့် နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုပျက်ပြားစေရန်ရည်ရွယ်၍ နှစ်နိုင်ငံနယ်စပ်တွင် အဖျက်အမှောင့်လုပ်ငန်းများ လုပ်ဆောင်လျက်ရှိရာ ၂၀၂၆ ခုနှစ်၊ အောက်တိုဘာလ ၂၉ ရက်နေ့တွင် ၁၂ ဒဿမ ၇ မမ စက်သေနတ်ကြီးဖြင့်ပစ်ခတ်ခံရမှုကြောင့် ထိုင်းပြည်သူတစ်ဦးထိခိုက်ဒဏ်ရာရခဲ့သည်ဟုသိရပြီး မြန်မာ့တပ်မတော်၌ အဆိုပါလက်နက်အသုံးပြုမှုမရှိသည်ကို ထိုင်းတပ်မတော်တာဝန်ရှိသူများထံ အသိပေးပြီးဖြစ်သည်။ အကြမ်းဖက်သောင်းကျန်းသူများက နှစ်နိုင်ငံချစ်ကြည်ရေးကိုပျက်ပြားစေရန် ထိုင်းနိုင်ငံနယ်နိမိတ်အတွင်းသို့ရည်ရွယ်ချက်ရှိရှိဖြင့် ပစ်ခတ်ခဲ့ခြင်းဖြစ်သည်။ ထိုသို့ပစ်ခတ်မှုကြောင့် ထိခိုက်ဒဏ်ရာရရှိခဲ့မှုအတွက် မြန်မာ့တပ်မတော်မှ များစွာစာနာနားလည်ပါကြောင်းဖော်ပြအပ်ပါသည်။

နိုင်ငံတော်အစိုးရအနေဖြင့် စစ်မှန်၍ စည်းကမ်းပြည့်ဝသောပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့်ဆက်လက်ဆောင်ရွက်လျက်ရှိသည်။ အကြောင်းအရာအမျိုးမျိုးပြကာ နိုင်ငံနှင့်လူမျိုးပျက်စီးရေးကိုရှေးရှုလုပ်ဆောင်နေသည့်အကြမ်းဖက်အဖွဲ့ KNU၊ KNLA အပါအဝင် CRPH၊ NUG နှင့် PDF အမည်ခံအကြမ်းဖက်အဖွဲ့များ၏လုပ်ရပ်များအား ပြည်သူလူထုကလည်း လုံးဝလက်မခံတော့ပါ။

မြန်မာ့တပ်မတော်အနေဖြင့် မြန်မာ-ထိုင်း တပ်မတော်နှစ်ရပ်အကြား ရှိရင်းစွဲချစ်ကြည်ရင်းနှီးမှုအား အလေးထားသည်နှင့်အညီ အခြားနိုင်ငံများ၏ အချုပ်အခြာအာဏာကိုထိပါးစေမည့်အပြုအမူများကို မည်သည့်အချိန်တွင်မှလုပ်ဆောင်မည်မဟုတ်ဘဲ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုများကို တိုးမြှင့်လုပ်ဆောင်လျက်ရှိပြီး နှစ်နိုင်ငံဖွံ့ဖြိုးတိုးတက်မှုနှင့် နှစ်နိုင်ငံပြည်သူများလုံခြုံအေးချမ်း၍ဒေသတည်ငြိမ်ရေးကိုသာ အထူးအလေးထားဆောင်ရွက်လျက်ရှိပါကြောင်း။ ။

သောက်သုံးရေပြတ်လပ်မှုမရှိစေရေးနှင့် သောက်သုံးရေစနစ်တကျသုံးစွဲနိုင်ရေး အသိပညာပေး

နမ့်စန် နိုဝင်ဘာ ၅

ရှမ်းပြည်နယ်(တောင်ပိုင်း)နမ့်စန်မြို့နယ် ကျေးလက် ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသည်နမ့်လစ်ကျေးရွာအုပ်စု လွယ်စန့်ကျေးရွာ၌ အယ်လ်နီညို ရာသီဥတုဖြစ်စဉ်ကြောင့် သောက်သုံးရေပြတ်လပ်မှုမရှိစေရေးနှင့် သောက်သုံးရေစနစ်တကျသုံးစွဲနိုင်ရေး အသိပညာပေးခြင်းကို နိုဝင်ဘာလ ၅ ရက်တွင် ဆောင်ရွက်သည်။

ရှေးဦးစွာ နမ့်စန်ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနခရိုင်ဦးစီးမှူး ဦးကျော်မြင့်လွင်ဦးက အယ်လ်နီညို ရာသီဥတုဖြစ်စဉ်ကြောင့် ရေရှားပါးမှုဒဏ်မှ ကြိုတင်ကာကွယ်နိုင်ရေးအတွက် ရေစုကန်များနှင့် ရေအရင်းအမြစ်များကို စနစ်တကျထိန်းသိမ်းသုံးစွဲရန်၊ သောက်သုံးရေပြတ်လပ်မှုများဖြစ်ပေါ်လာပါက ဌာနမှဆောင်ရွက်ပေးမည့်အခြေအနေများ၊ အယ်လ်နီညိသက်ရောက်မှုကြောင့်အပူဒဏ်ကြိုတင်ကာကွယ်နိုင်ရန်အချက်များနှင့် ဆောင်ရန်၊ ရှောင်ရန်အချက်များကိုရှင်းလင်းပြောကြားပြီး အယ်လ်နီညိုအန္တရာယ်ကြိုတင်ကာကွယ်ရေး လက်ကမ်းစာစောင်များကို ဖြန့်ဝေပေးသည်။

ဆက်လက်၍ နမ့်စန်ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး၊ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးနှင့် တာဝန်ခံအင်ဂျင်နီယာတို့က အယ်လ်နီညိုကျရောက်လာပါက သောက်သုံးရေပြတ်လပ်မှုမရှိစေရေးရေလှောင်ထားကန်များအတွင်းရေစုဆောင်းထားရှိမှု အခြေအနေများ၊ ဌာနမှဆောင်ရွက်ခဲ့သော ရေအရင်းအမြစ်များ လည်ပတ်သုံးစွဲမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးကြောင်း သိရသည်။

သံသာ(ကျေးလက်)

အယ်လ်နီညိုရာသီဥတုဖြစ်စဉ်အတွင်း သောက်သုံးရေပြတ်လပ်မှုမရှိစေရေး အောက်ပါနည်းလမ်းများကိုလိုက်နာနိုင်ရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်

အိမ်တွင်းသုံးရေချွေတာရေးနည်းလမ်းကောင်းများ

၁။ ပိုက်ယိုစိမ့်မှုများကို စစ်ဆေးပါ၊ ရေပိုက်ခေါင်းများ၊ ရေစည်ပိုင်းများ ကျိုးပျက်ယိုစိမ့်နေခြင်းရှိ၊ မရှိ ပုံမှန်စစ်ဆေးပြီး အမြန်ပြုပြင်ပါ။

၂။ ရေချိုးချိန်နှင့်နေ့စဉ်ရေသုံးစွဲမှုကို လျှော့ချပါ၊ သွားတိုက်နေစဉ်၊ မျက်နှာသစ်နေစဉ်နှင့် ပန်းကန်ဆေးကြောနေစဉ်အတွင်း ရေပိုက်ခေါင်းကို အမြဲပိတ်ထားပါ။

၃။ အဝတ်လျှော်ရာတွင် တစ်ထည်ချင်း၊ နည်းနည်းချင်းမလျှော်ဘဲ ပေါင်းလျှော်ပါ။ အဝတ်လျှော်စက်သုံးလျှင် တစ်ခါတည်းစုပြီးလျှော်ပါ။ ပန်းကန်ဆေးစက်အသုံးပြုရာတွင်လည်း စက်ကဆေးကြောနိုင်သည့်ပန်းကန်အရေအတွက်အထိစောင့်၍စုစည်းဆေးကြောပါ။

၄။ အသုံးပြုပြီးသည့်ရေကို ပြန်လည်သုံးစွဲနိုင်ရန်စီစဉ်ပါ။ (ဥပမာ- ဟင်းသီးဟင်းရွက်ဆေးကြောထားသောရေများ၊ ဆန်ဆေးရေများကို အပင်ရေလောင်းရာတွင် ပြန်လည်အသုံးပြုပါ။)

၅။ ရေကိုစနစ်တကျအသုံးပြုမှုအလေ့အထများကို အသိပညာပေးမျှဝေပါ။ မိမိတို့၏အသိုက်အဝန်း၊ လုပ်ငန်းခွင်၊ သူငယ်ချင်းများနှင့် မိသားစုအတွင်း ရေချွေတာသုံးစွဲခြင်း၏အရေးပါပုံကို အသိပညာပေးမျှဝေခြင်းဖြင့် ပိုင်းဝန်းပါဝင်ဆောင်ရွက်ကြပါရန် နှိုးဆော်အပ်ပါသည်။

သုံးရေချွေတာသုံးစွဲရေးဆိုင်ရာနှိုးဆော်ချက်

၁။ အပင်ရေလောင်းချိန်ကိုအချိန်ကိုက်လုပ်ဆောင်ပါ။ ရေငွေ့ပြန်မှုလျော့နည်းစေရန်နှင့် ရေကိုအကျိုးရှိရှိအသုံးချနိုင်ရန် နံနက်စောစော သို့မဟုတ် ညနေနှောင်းပိုင်းကဲ့သို့ အေးမြသောအချိန်များတွင်သာ မြက်ခင်းနှင့်အပင်များကိုရေလောင်းပါ။

၂။ မိုးရေကိုစုဆောင်းအသုံးချပါ။ အပင်ရေလောင်းခြင်းနှင့် ဥယျာဉ်ခြံလုပ်ငန်းများအတွက် မိုးရေကိုသိုလှောင်ရန် ရေစည်များ သို့မဟုတ် အခြားသောမိုးရေစုဆောင်းသည့်စနစ်များကို ကြံဆဆောင်ရွက်ပါ။

၃။ ခြောက်သွေ့မှုဒဏ်ခံနိုင်သောအပင်များကို ရွေးချယ်စိုက်ပျိုးပါ။ မိမိတို့၏ဥယျာဉ်ခြံတွင် ရေနည်းနည်းဖြင့်ရှင်သန်နိုင်သော အပင်မျိုးများကိုရွေးချယ်စိုက်ပျိုးပါ။

၄။ သစ်ပင်များကို စနစ်တကျစိုက်ပျိုးထိန်းသိမ်းခြင်းဟာ သဘာဝအတိုင်းရေကိုစုဆောင်းသိုလှောင်ပြီး ချွေတာရာရောက်သည့်အတွက် ရေရှည်ရေတည်တံ့နိုင်စေရေး သစ်ပင်များအား စနစ်တကျစိုက်ပျိုးထိန်းသိမ်းကြပါရန် နှိုးဆော်အပ်ပါသည်။

သတင်(FM)အသံလွှင့်အစီအစဉ်

၆-၁၁-၂၀၂၆(သောကြာနေ့)

၁။ ၀၈:၀၀ ဥယျာဉ်မှူးတို့သိမှတ်စရာ
၂။ ၁၀:၀၀ လောကနီတိ
၃။ ၁၃:၀၀ တိုင်းရင်းသားစကားပြောကြရအောင်
၄။ ၁၇:၀၀ ထူးခြားထင်ရှားကမ္ဘာတစ်လွှား
၅။ ၁၉:၀၀ စစ်သည်ကဏ္ဍာ
၆။ ၂၁:၂၀ မြန်မာသံစဉ်(ကာလပေါ်တေး)

စာတည်းမှူးချုပ် - ဦးမျိုးဝင်းရှိန်
စာတည်းမှူး (မြန်မာ) - ဦးရာဇာအောင်
စာတည်းမှူး (အင်္ဂလိပ်) - ဦးရဲမင်းတင်
စာတည်း (ကျွမ်းကျင်) အင်္ဂလိပ် - ဦးတင်မောင်သန်း
စာတည်းအဖွဲ့ (မြန်မာ) - ဦးနေမင်းဦး၊ ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်နှင်းဝတ်ရည်ဖွေး၊ ဒေါ်ဆွေငဲသိမ့်
စာတည်းအဖွဲ့ (အင်္ဂလိပ်) - ဦးထက်မြတ်၊ ဒေါ်သီရိမွန်
သတင်းအဖွဲ့ (နေပြည်တော်) - ဦးစံမင်းသူ၊ ဒေါ်ခိုင်ဝါဝါကျော်
သတင်းအဖွဲ့ (ရန်ကုန်) - ဦးရဲစိုးအောင်

Online Newspaper

နေပြည်တော်
စာတည်းအဖွဲ့ ၀၃၁-၇၃၉၉၈၊ ဖက်စ် ၀၃၁-၇၃၉၉၉/၀၃၂-၃၀၂၆၂၊
ဖြန့်ချိရေး/ကြော်ငြာ ၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈၊
ဘုရင့်နောင်လမ်းမကြီး၊ ပုဇွန်သီရိမြို့နယ်၊ နေပြည်တော်။

ရန်ကုန်(ရုံးခွဲ)
စာတည်းအဖွဲ့ ၀၃၁-၇၄၀၂၁၊ ဖြန့်ချိရေး ၀၁၈-၄၀၀၆၉၇၊
ကြော်ငြာ ၀၃၁-၇၄၀၂၂၊
အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

မန္တလေး(ရုံးခွဲ)
တာဝန်ခံ ၀၉-၆၈၈၈၃၇၅၈၊ ၈၄ လမ်း၊ ၂၉ x ၃၀ လမ်းကြား၊
ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

ကျိုင်းတုံ (ရုံးခွဲ)
တာဝန်ခံ ၀၉-၄၄၄၄၁၈၆၉၁၊ ၀၃၄-၇၃၆၀၁
လွိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ် - ၀၀၃၇၈/၀၀၄၉၄
စတင်ထုတ်ဝေသည့်ရက် - ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်
E-mail: mwddailynewspapergroup@gmail.com
Website - www.myawady.net.mm

● ရှေ့ဖုံးမှအဆက်

လွှတ်တော်ကိုယ်စားလှယ်ဦးရေ စုစုပေါင်း ၅၆၀ ဦးရှိသည့်အနက် ယနေ့အစည်းအဝေးသို့ ၅၄၈ ဦး တက်ရောက်သဖြင့် ၉၇ ဒသမ ၆၆ ရာခိုင်နှုန်းရှိသည့်အတွက် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်းကြေညာကာ အစည်းအဝေးတက်ရောက်မှုအခြေအနေကို လွှတ်တော်၏အတည်ပြုချက်ရယူ၍ မှတ်တမ်းတင်သည်။

ယင်းနောက်ပဲခူးတိုင်းဒေသကြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အမှတ်(၇) ဦးဇင်မင်းထက်က **"ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)မှ ပြင်ဆင်၊ ဖြည့်စွက်သင့်သည့် အချက် (၄၃) ချက်ကို ပြင်ဆင်နိုင်ရေးနှင့် ပြည်ထောင်စုသဘောတူစာချုပ် Union Accord အစိတ်အပိုင်း (၁)(၂)(၃)ပါ အချက်များနှင့် စပ်လျဉ်း၍ လေ့လာသုံးသပ်ရေးနှင့် ဥပဒေမူကြမ်းပြုစုရေး ပူးပေါင်းကော်မတီတစ်ရပ်ကို သင့်လျော်သည့် ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များနှင့် ဖွဲ့စည်းရန်အဆို"**နှင့်စပ်လျဉ်း၍ အဆိုတင်သွင်းရာတွင် လက်ရှိမြန်မာနိုင်ငံ၏ အခြေအနေအရပ်မြန်မာနိုင်ငံသားပြည်သူများ၏ ငြိမ်းချမ်းသာယာရေးနှင့် သက်ဆိုင်သည့်ကိစ္စဖြစ်ပြီး ပြည်ထောင်စုလွှတ်တော်၏ဆုံးဖြတ်ချက်ရယူရန်လိုအပ်သည့်ကိစ္စဖြစ်သည့်အတွက် အဆိုကို တင်သွင်းရခြင်းဖြစ်ပါကြောင်း။

မိမိအနေဖြင့် **"ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)မှ ပြင်ဆင်၊ ဖြည့်စွက်သင့်သည့် အချက် (၄၃) ချက်ကို ပြင်ဆင်နိုင်ရေးနှင့် ပြည်ထောင်စုသဘောတူစာချုပ် Union Accord အစိတ်အပိုင်း(၁)(၂)(၃)ပါ အချက်များနှင့် စပ်လျဉ်း၍ လေ့လာသုံးသပ်ရေးနှင့် ဥပဒေမူကြမ်းပြုစုရေး ပူးပေါင်းကော်မတီတစ်ရပ်ကို သင့်လျော်သည့် ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များနှင့် ဖွဲ့စည်းရန်အဆို"**ကို ပြည်ထောင်စုလွှတ်တော်ဆိုင်ရာနည်းဥပဒေများ၊ နည်းဥပဒေ ၆၆ အရ တင်သွင်းရခြင်းဖြစ်ပါကြောင်း။

၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်ရေးနှင့်စပ်လျဉ်း၍ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)၊ အပိုဒ် ၂၀ (c)အရ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံတွင်ဆွေးနွေးခဲ့ကြပြီး ပြည်ထောင်စုလွှတ်တော်သို့တင်သွင်းထားသည့်ပြည်ထောင်စုသဘောတူစာချုပ်အစိတ်အပိုင်း(၁)၊ (၂)နှင့်(၃)ပါ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသော ပြည်ထောင်စုအဖြစ် တည်ဆောက်ရေးဆိုင်ရာ အချက်များကို လည်းကောင်း၊ နိုင်ငံတော်သမ္မတက ပြည်ထောင်စုလွှတ်တော်သို့ ပေးပို့ထားသည့် ၂၀၂၆ ခုနှစ် ဇူလိုင်လ ၁ ရက်စွဲပါ သဝဏ်လွှာတွင်ဖော်ပြပါရှိသည့် EAOs များနှင့်ညှိနှိုင်းရရှိထားသည့် အချက်(၂၁)ချက်အပါအဝင် နိုင်ငံရေးပါတီအစုအဖွဲ့နှင့် ညှိနှိုင်းရရှိထားသည့်ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)မှ ပြင်ဆင်ဖြည့်စွက်သင့်သည့် အချက် (၄၃)ချက်ကိုလည်းကောင်း လေ့လာသုံးသပ်၍ ဥပဒေမူကြမ်းရေးဆွဲကာ ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ရေး ဆောင်ရွက်နိုင်ရန် ဖြစ်ပါကြောင်း။

နိုင်ငံတော်၏ ဖွဲ့စည်းပုံအခြေခံဥပဒေကို နိုင်ငံတော်၏မျက်မှောက်အခြေအနေနှင့် နိုင်ငံသားများ၊ တိုင်းရင်းသားများအားလုံး မျှော်မှန်းတောင့်တနေသည့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသော ပြည်ထောင်စုစနစ်ကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ ယခုကဲ့သို့ဆောင်ရွက်ခြင်းသည် ဥပဒေပြုရေးမဏ္ဍိုင်ဖြစ်သည့် ပြည်ထောင်စုလွှတ်တော်ကြီး၏ အဓိကတာဝန်တစ်ရပ်လည်း ဖြစ်ပါကြောင်း၊ တိုင်းရင်းသားလူမျိုးစုအားလုံး အားသွန်ခွန်စိုက်ကြိုးပမ်းဆောင်ရွက်နေကြသည့် ထာဝရငြိမ်းချမ်းရေးရရှိရန်နှင့် အမျိုးသားပြန်လည်သင့်မြတ်ရေး လုပ်ငန်းများအတွက် လိုက်လျောညီထွေစွာ ဆက် လက် ဆောင် ရွ က် ရမည့် လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ အပြန် အလှန် ယုံကြည်မှု တည် ဆော က် ရေး တို့အတွက် ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့် လိုက်လျောညီထွေဖြစ်စေမည့် အချက်အလက်များကို ပြင်ဆင်ဆောင်ရွက်ပေးရမည်ဖြစ်ပါကြောင်း။

ဖွဲ့စည်းပုံအခြေခံဥပဒေကိုပြင်ဆင်ရေးဆိုင်ရာအခန်း(၁၂)ပုဒ်မ ၄၃၃၊ ၄၃၄၊ ၄၃၅၊ ၄၃၆ တို့၏ပြဋ္ဌာန်းချက်များအရ ပြင်ဆင်သည့်အဆင့်မဟုတ်သေးဘဲ ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်ရေးလေ့လာသုံးသပ်အကောင်အထည်ဖော်နိုင်မည့်ယန္တရားတစ်ရပ် စနစ်တကျဖွဲ့စည်းဆောင်ရွက်သွားရန် လိုအပ်နေသည့်အတွက် အဆိုကိုတင်သွင်းရခြင်းဖြစ်ပါကြောင်း။

ပြည်သူလူထု၏ သဘောဆန္ဒများနှင့်အညီ ပေါ်ပေါက်ပြဋ္ဌာန်းထားသည့် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)ပါ ပြဋ္ဌာန်းချက်များအပေါ် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသော ပြည်ထောင်စုစနစ်ကို အကောင်အထည်ဖော်ကျင့်သုံးနိုင်ရေး၊ တိုင်းရင်းသားလူမျိုးစုများ၏ အခြေခံအခွင့်အရေးများကို ကာကွယ်စောင့်ရှောက်ပေးနိုင်ရေး၊ နိုင်ငံတော်အချုပ်အခြာအာဏာ၏ ခက်မသုံးဖြာဖြစ်သည့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးမဏ္ဍိုင်ကြီး ၃ ရပ်တို့ကို ဟန်ချက်ညီပိုင်းခြားသုံးစွဲနိုင်ရေးနှင့် နိုင်ငံတော်၏ကဏ္ဍအသီးသီးတို့တွင် ပိုမိုထိရောက်စွာအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးတို့အတွက် ပြင်ဆင်ပြဋ္ဌာန်းပေးရန် လိုအပ်သည့်အချက်များကိုဖြည့်စွက် ပြင်ဆင်ပြဋ္ဌာန်းပေးနိုင်ရန်အတွက် **"ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)မှ ပြင်ဆင်၊ ဖြည့်စွက်သင့်သည့် အချက် (၄၃)ချက်ကို ပြင်ဆင်နိုင်ရေးနှင့် ပြည်ထောင်စုသဘောတူစာချုပ် Union Accord အစိတ်အပိုင်း (၁)(၂)(၃)ပါ အချက်များနှင့် စပ်လျဉ်း၍ လေ့လာသုံးသပ်ရေးနှင့် ဥပဒေမူကြမ်းပြုစုရေး ပူးပေါင်းကော်မတီတစ်ရပ်ကို သင့်လျော်သည့် ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များနှင့် ဖွဲ့စည်းရန်အဆို"**အား တင်သွင်းအပ်ပါကြောင်း အဆိုတင်သွင်းသည်။

ဆက်လက်၍ အဆိုနှင့်စပ်လျဉ်း၍ အမရပူရမဲဆန္ဒနယ်မှ ဦးသိန်းထွန်းဦးက ထောက်ခံဆွေးနွေးသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယကက အဆိုတွင်ထည့်သွင်းရှင်းလင်းခဲ့သည့်အတိုင်း ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)ကို ပြင်ဆင်ဖြည့်စွက်ခြင်းဆိုင်ရာ လုပ်ငန်းများ ဆောင်ရွက်နိုင်ရေးအတွက် ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်နိုင်ရန် လေ့လာသုံးသပ်ရေးနှင့်ဥပဒေကြမ်းပြုစုရေး ပူးပေါင်းကော်မတီတစ်ရပ်ကို သင့်လျော်သည့် ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များနှင့် ဖွဲ့စည်းရန် သဘောတူအတည်ပြုကြောင်း ကြေညာသည်။

ယင်းနောက် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ နောက်ထပ်ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေး ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေဆိုင်ရာသုံးသပ်ချက်အစီရင်ခံစာနှင့် ငွေကြေးဆိုင်ရာသုံးသပ်ချက်အစီရင်ခံစာတို့နှင့်စပ်လျဉ်း၍ ဥပဒေကြမ်းပူးပေါင်းကော်မတီဒုတိယဥက္ကဋ္ဌ(၁) ဧရာဝတီတိုင်းဒေသကြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ် အမှတ်(၂)ဒေါ်နွယ်နွယ်ဦးကလည်းကောင်း၊ ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီဒုတိယဥက္ကဋ္ဌ(၁) ဧရာဝတီတိုင်းဒေသကြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အမှတ်(၁၀) ဦးချစ်ဆွေကလည်းကောင်း လွှတ်တော်သို့ဖတ်ကြားတင်ပြကြသည်။

ဆက်လက်၍ ပြည်ထောင်စုလွှတ်တော်နာယက က အဆိုပါ ဥပဒေကြမ်း၏မူနှင့်အခြေခံသဘောများ၊ ရငွေသုံးငွေများ၊ ဥပဒေအကြောင်းအရာများနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်ရှိပါက ပြည်ထောင်စုလွှတ်တော်ရုံးညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ထို့နောက် မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်၏ ၂၀၂၅ ခုနှစ်၊ နှစ်ပတ်လည်အစီရင်ခံစာနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

တနင်္သာရီတိုင်းဒေသကြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ် အမှတ်(၁၀) ဦးသန်းအေး(ခ) ဦးတင်ထိုးက အစီရင်ခံစာအပိုဒ်၈၀တွင် မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်အပေါ် ပြည်သူလူထုက ပိုမိုယုံကြည်အားထားလာစေရန်၊ ပြည်သူလူထုနှင့်လွယ်ကူစွာထိတွေ့ဆက်ဆံနိုင်စေရန်ရည်ရွယ်လျက် ကော်မရှင်ရုံးချုပ်နှင့် ရုံးခွဲ(၄)ခုကို ရန်ကုန်၊ နေပြည်တော်၊ မန္တလေး၊ စစ်တွေ၊ ပုသိမ် စသည့်မြို့များတွင် ဖွင့်လှစ်ထားကြောင်း ဖော်ပြထားကြောင်း၊ ဖွဲ့စည်းပုံအရ ရည်ရွယ်ချက်များကို ပိုမိုတိုးချဲ့ဆောင်ရွက်နိုင်ရန် ပြည်နယ်နှင့်တိုင်းဒေသကြီးများရှိသင့်တော်သည့်မြို့ကြီးများ၌လည်း ကော်မရှင်ရုံးခွဲများ တိုးချဲ့ဖွင့်လှစ်ဆောင်ရွက်သင့်သည်ဟု အကြံပြုလိုပါကြောင်း၊ အစီရင်ခံစာအပိုဒ် ၁၁ အရ လူ့အခွင့်အရေးအသိပညာပေးဟောပြောဆွေးနွေးပွဲများပြုလုပ်ရာတွင် ရန်ကုန်မြို့တွင် (၅)ကြိမ်၊ နေပြည်တော်တွင် (၁)ကြိမ်ဖြင့် ပညာပေးဟောပြောနိုင်ခဲ့သည်ကို တွေ့ရှိရပါကြောင်း၊ နောင်နှစ်များတွင် အခြားသောမြို့ကြီးများတွင်ပါ စနစ်တကျဆွေးနွေးခြင်းဖြင့် ကော်မရှင်အပေါ် ပိုမိုကျယ်ပြန့်စွာ သိရှိနားလည်နိုင်မည်ဟု ထင်မြင်မိပါကြောင်း။

အစီရင်ခံစာအပိုဒ်(၁၈)ပါလူ့အခွင့်အရေးဘာသာရပ်ဆိုင်ရာသင်တန်းပို့ချပေးခြင်းတွင် ကာကွယ်ရေးဝန်ကြီးဌာနအောက်ရှိ နိုင်ငံတော်ကာကွယ်ရေးတက္ကသိုလ်၊ စစ်ဦးစီးတက္ကသိုလ်နှင့် တပ်မတော်ဆေးတက္ကသိုလ်များ၊ ပြည်ထဲရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ရဲတပ်ဖွဲ့မှူး၊ စခန်းမှူးသင်တန်းများ၊ နေရာအများအပြားရှိ ဝန်ထမ်းများအား လူ့အခွင့်အရေးသင်တန်းများ ပို့ချနိုင်ခဲ့သည့်အတွက် ကောင်းမွန်ပြီး အကျိုးရှိသည်ဟု ထင်မြင်မိပါကြောင်း၊ လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်ရေးဆိုင်ရာဆောင်ရွက်ချက်များအပိုင်းတွင် ကော်မရှင်အစီရင်ခံစာအပိုဒ်(၄၅)အရ ၂၀၁၅ ခုနှစ်အတွင်း တိုင်တန်းချက်ပေါင်း ၃၄၅၇ စောင်ရရှိခဲ့သည့်အနက် အစီရင်ခံစာအပိုဒ် (၄၈/က)တွင် ကော်မရှင်လုပ်ပိုင်ခွင့်အတွင်း မကျေရောက်သည့် တိုင်တန်းချက် ၁၃၅၉ ခုကို မှတ်တမ်းအဖြစ်သာ ထားရှိခဲ့ရကြောင်း ဖော်ပြထားသော်လည်း အားလုံးမျှော်လင့်ချက်ဖြင့် တိုင်တန်းလာသူများ၏အသိအမြင်နည်းပါးမှုကြောင့်ဖြစ်သည်ဟုယူဆပါသဖြင့် ရှင်းလင်းဖော်ပြထားပြီးဖြစ်သင့်သည်ဟု ယူဆပါကြောင်း ဆွေးနွေးသည်။

ရှမ်းပြည်နယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အမှတ် (၁၀) စိုင်းဝင်းခိုင်က နိုင်ငံတော်အစိုးရက ပြုပြင်ပြောင်းလဲရေးဆောင်ရွက်ရာတွင် ပြည်သူလူထုနှင့် အနီးကပ်ထိတွေ့နေသည့် အောက်ခြေအုပ်ချုပ်ရေး အဖွဲ့အစည်းများက အဓိကကျသဖြင့် ပြည်သူ့ဆန္ဒနှင့်အညီ ဥပဒေအတိုင်း အမြန်ဆုံးဆောင်ရွက်မှသာ အစိုးရအပေါ်လူထုယုံကြည်မှုပိုမိုရနိုင်ပြီး ပြည်သူလူထုအများစု၏ ပြောင်းလဲလိုမှု ပကတိဆန္ဒအမှန်ဖြစ်သည့် အစိုးရရုံးဌာနဝန်ထမ်းအချို့တို့သည် လုပ်ငန်းတစ်ခုဆောင်ရွက်ရာတွင် သက်ဆိုင်ရာအစိုးရဝန်ကြီးဌာနများနှင့် အဖွဲ့အစည်းများကလည်း ပူးပေါင်းဆောင်ရွက်ရန် တာဝန်ရှိပါကြောင်း၊ လုပ်ငန်းဆောင်ရွက်မှုပိုမိုထိရောက်ရန်အတွက် လိုအပ်သည့်ဥပဒေ၊ နည်းဥပဒေများနှင့် အညီ ပိုမိုကြိုးပမ်းဆောင်ရွက်သင့်ပါကြောင်း၊ လွှတ်တော်အနေဖြင့်လည်း ကော်မရှင်၏ ဥပဒေ၊ နည်းဥပဒေများတွင် လိုအပ်ချက်များရှိနေပါက ပြန်လည်သုံးသပ်သင့်ပါကြောင်း ဆွေးနွေးသည်။

ကရင်ပြည်နယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အမှတ် (၁၁)နေသူဇနေဝါက ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေအခန်း(၁) နိုင်ငံတော်အခြေခံမူ(၄၈)ချက်တွင် ပုဒ်မ ၂၁၊ ၂၂၊ ၂၃၊ ၂၄၊ ၂၅၊ ၂၆၊ ၃၂၊ ၃၆၊ ၃၈၊ ၃၉ များဖြင့် နိုင်ငံသားများ၏ မူလအခြေခံမူ လူ့အခွင့်အရေးကို အပြည့်အဝပေးအပ်ထားပြီးဖြစ်ပါကြောင်း၊ ပုဒ်မ ၄၄ အရ လူ့ဂုဏ်သိက္ခာညှိုးနွမ်းသေးသိမ်စေသည့် ပြစ်ဒဏ်ပြဋ္ဌာန်းခွင့်မရှိစေရဆိုသည့် အချက်သည် နိုင်ငံသားတိုင်းအပေါ် သက်ညှာပြီး လူ့အခွင့်အရေးနှင့် လူ့ဂုဏ်သိက္ခာကို အခိုင်အမာ အာမခံပေးထားပါကြောင်း၊ သို့ပါ၍ တရားရေးမဏ္ဍိုင်နှင့် အုပ်ချုပ်ရေးမဏ္ဍိုင်များတွင်လည်း အတိအကျ လိုက်နာကျင့်သုံးရမည်ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံ လူ့အခွင့်အရေးကော်မရှင်၏ ၂၀၂၅ ခုနှစ်နှစ်ပတ်လည်အစီရင်ခံစာတွင် အခန်း(၈)ခန်းပါရှိပြီး အခန်း(၃) လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်ရေးဆိုင်ရာဆောင်ရွက်ချက်များမှ အမှတ်စဉ်(၅၁) ဇယားပါ တိုင်တန်းချက်များ အမှုပေါင်း ၃၄၇ မှုကို ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များအား soft file များ ဖြန့်ဝေပေးစေလိုပါကြောင်း။

မိမိတို့နိုင်ငံသည် အကြမ်းဖက်တိုက်ခိုက်မှုများ ဆယ်စုနှစ်များစွာဖြစ်ပွားနေဆဲဖြစ်သဖြင့် တရားဥပဒေစိုးမိုးမှုမရှိသောနေရာများတွင် လူ့အခွင့်အရေးချိုးဖောက်မှုများ အနည်းနှင့်အများ ရှိနိုင်ပါကြောင်း၊ ထိုသို့ဖြစ်ပွားရာဒေသများမှ နိုင်ငံသားများကို တရားဝင်ရွေးကောက်ပွဲမှ ပြည်သူ့မဲဖြင့် ပေါ်ပေါက်လာသော ပြည်ထောင်စုလွှတ်တော်မှ အကာအကွယ်ပေးရန်လိုအပ်ပါကြောင်း၊ လူ့အခွင့်အရေးကော်မရှင်၏ ၂၀၂၅ ခုနှစ်နှစ်ပတ်လည်အစီရင်ခံစာတွင် အခန်း(၈)ခန်းပါရှိပြီး အခန်း(၃) လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်ရေးဆိုင်ရာဆောင်ရွက်ချက်များမှ အမှတ်စဉ်(၅၁) ဇယားပါ တိုင်တန်းချက်များ အမှုပေါင်း ၃၄၇ မှုကို ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များအား soft file များ ဖြန့်ဝေပေးစေလိုပါကြောင်း။

မိမိတို့နိုင်ငံသည် အကြမ်းဖက်တိုက်ခိုက်မှုများ ဆယ်စုနှစ်များစွာဖြစ်ပွားနေဆဲဖြစ်သဖြင့် တရားဥပဒေစိုးမိုးမှုမရှိသောနေရာများတွင် လူ့အခွင့်အရေးချိုးဖောက်မှုများ အနည်းနှင့်အများ ရှိနိုင်ပါကြောင်း၊ ထိုသို့ဖြစ်ပွားရာဒေသများမှ နိုင်ငံသားများကို တရားဝင်ရွေးကောက်ပွဲမှ ပြည်သူ့မဲဖြင့် ပေါ်ပေါက်လာသော ပြည်ထောင်စုလွှတ်တော်မှ အကာအကွယ်ပေးရန်လိုအပ်ပါကြောင်း၊ လူ့အခွင့်အရေးကော်မရှင်၏ ၂၀၂၅ ခုနှစ်နှစ်ပတ်လည်အစီရင်ခံစာတွင် ပဋိပက္ခဒေသအတွင်း နှစ်အလိုက်သေဆုံးမှုစာရင်း၊ နေရပ်စွန့်ခွာရွှေ့ပြောင်းသွားရသော လူဦးရေစာရင်း၊ မသန်စွမ်းဖြစ်သွားသည့် လူဦးရေစာရင်း စသည့်အရေအတွက် ကိန်းဂဏာန်းများကို မှတ်တမ်းတင်ထည့်သွင်းအစီရင်ခံရန် လိုအပ်ပါကြောင်း၊ ထို့ပြင် အကျဉ်းသားများ **စာမျက်နှာ ၄ သို့ ●**

● **စာမျက်နှာ ၃ မှ**

စာရင်းနှင့် လွတ်ငြိမ်းချမ်းသာခွင့် ပေးလိုက်သောစာရင်းများကိုလည်း ထည့်သွင်းအစီရင်ခံသင့်သည်ဟု တိုက်တွန်းပါကြောင်း ဆွေးနွေးသည်။

ဗိုလ်တထောင်မဲဆန္ဒနယ်မှ ဦးဉာဏ်ဝင်းထိုက်က ကော်မရှင်၏ လုပ်ငန်းဆောင်ရွက်မှုများကို ပိုမိုထိရောက်စေရန်၊ ပြည်ထောင်စုဝန်ကြီးဌာနများနှင့် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရန်၊ ပြည်သူများ၏ နစ်နာဆုံးရှုံးမှုများကို ပြန်လည်ကုစားပေးနိုင်ရေးအတွက်လက်တွေ့ အကောင်အထည်ဖော်နိုင်သော လုပ်ငန်းစဉ်များ ချမှတ်ဆောင်ရွက်သင့်ပါကြောင်း၊ ယင်းအချက်သည် အစီရင်ခံစာ၏ လက်တွေ့ရလဒ်ကို တိုင်းတာနိုင်သည့် အရေးကြီးသော အချက်ဖြစ်ပါကြောင်း၊ လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်ရေး လုပ်ငန်းများ၏ အောင်မြင်မှုကို ဆောင်ရွက်ခဲ့သည့် လုပ်ငန်း အရေးအတွက်ဖြင့် မတိုင်းတာဘဲ ပြည်သူများ၏နစ်နာဆုံးရှုံးမှုများကို မည်မျှအထိ ပြန်လည်ကုစားပေးနိုင်ခြင်း၊ သက်ဆိုင်ရာဌာနများက မည်မျှအထိ တာဝန်ယူဆောင်ရွက်ပေးနိုင်ခြင်း စသည့် လက်တွေ့ရလဒ်ဖြင့် တိုင်းတာသင့်ပါကြောင်း။

ကော်မရှင်၏ အစီရင်ခံစာများတွင် လုပ်ငန်းဆောင်ရွက်မှု အရေးအတွက်များကို ဖော်ပြရုံသာမက တိုင်ကြားချက်များ၏ ဖြေရှင်းပြီးစီးမှု အခြေအနေ၊ သက်ဆိုင်ရာဌာနများ၏ တုံ့ပြန်ဆောင်ရွက်မှုနှင့် ပြည်သူများအပေါ် အမှန်တကယ် အကျိုးသက်ရောက်မှုများကိုပါ ပိုမိုပြည့်စုံစွာ ဖော်ပြသင့်ပါကြောင်း၊ ကော်မရှင်သည် လူ့အခွင့်အရေး ချိုးဖောက်မှုများကိုစုံစမ်းစစ်ဆေးပြီး အကြံပြုချက်ပေးပို့သည့် အဖွဲ့အစည်းအဆင့်တွင်သာ ရပ်တန့်မနေဘဲ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ပူးပေါင်းဆောင်ရွက်မှုနှင့် ပြည်သူများ၏ နစ်နာဆုံးရှုံးမှုများကို လက်တွေ့ပြန်လည်ကုစားပေးနိုင်သည့် ပိုမိုအားကောင်းသော စနစ်တစ်ခုဖြစ်လာစေရေးအတွက် လုပ်ဆောင်ရန်လိုအပ်ပါကြောင်း ဆွေးနွေးသည်။

ဒဂုံမြို့သစ်(အရှေ့ပိုင်း) မဲဆန္ဒနယ်မှ ဒေါ်အေးအေးမြင့်က အစီရင်ခံစာ၏ စာမျက်နှာ ၃၂၊ အပိုဒ် ၃၇၊ ၃၈ တွင် မြန်မာနိုင်ငံ လူ့အခွင့်အရေးကော်မရှင်အကြောင်း အများပြည်သူများ အလွယ်တကူ သိရှိနိုင်စေရန် ကော်မရှင် အသိပညာပေးစာအုပ် ၇၀၀၀ နှင့် လက်ကမ်းစာစောင် ၃၃၀၀ တို့ကို ဖြန့်ချိခဲ့သည်ဟု ဖော်ပြထားချက်အရ မြန်မာနိုင်ငံရှိ လူဦးရေနှင့် နှိုင်းယှဉ်ပါက အသိပညာပေးနိုင်မှု ထိရောက်မှုမရှိသည်ကို သုံးသပ်တွေ့ရှိရပါကြောင်း၊ ထို့ကြောင့် မိမိတို့နိုင်ငံရှိ ပြည်သူအများစုက လူ့အခွင့်အရေး ကော်မရှင်၏ ဆောင်ရွက်ပေးနေမှုများနှင့် ဆောင်ရွက်ပေးနိုင်မှုများကို သိရှိနိုင်မှု အားနည်းနေသည်ကို တွေ့ရှိရပါကြောင်း၊ ထို့ကြောင့် လူ့အခွင့်အရေး ချိုးဖောက်သည့်ကိစ္စရပ်များကိုမသိရှိသူများ များပြားလာသည့်အတွက် အကြမ်းဖက်မှု၊ အနိုင်ကျင့်မှု၊ စွန့်ပစ်မှု၊ ဂုဏ်သိက္ခာညှိုးနွမ်းအောင် ပြုမူဆောင်ရွက်မှုများ တစ်နေ့ထက်တစ်နေ့များပြားလျက်ရှိနေသည်ကို လေ့လာတွေ့ရှိရပါကြောင်း။

စာမျက်နှာ ၃၂၊ အပိုဒ် ၄၀ တွင် ဘာသာရပ် ဆန်းစစ်ခြင်းနှင့် အသစ်ရေးဆွဲခြင်းတွင် အချက် ၁၈ ချက် ပါဝင်ပြီး မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင် ဥပဒေ၊ ကလေးသူငယ်အခွင့်အရေး၊ အမျိုးသမီးအခွင့်အရေး၊ မသန်စွမ်းသူများအခွင့်အရေး၊ လူ့အခွင့်အရေး သဘောတရားနှင့် လူသားများ၏ တာဝန်ရှိမှု၊ သက်ကြီးပုဂ္ဂိုလ်များ ဆိုင်ရာအခွင့်အရေးများ၊ လူငယ်များအတွက် လူ့အခွင့်အရေး အရေးပါပုံ စသည့်အချက်များကို ထည့်သွင်းရေးဆွဲထားသော်လည်း လက်တွေ့ အကောင်အထည်ဖော်နိုင်မှု အားနည်းနေသည်ကို သုံးသပ်တွေ့ရှိရပါကြောင်း၊ လူ့အခွင့်အရေး ဆိုင်ရာ ဆောင်ရွက်မှုလုပ်ငန်းများ အောင်မြင်မှုသည် အစီရင်ခံစာများ ထုတ်ပြန်ခြင်း၊ အစည်းအဝေးများ ကျင်းပခြင်း၊ စစ်ဆေးမှုများ ပြုလုပ်နိုင်ခြင်းတို့ဖြင့် ချိုးဖောက်ခံရသူများ၏ နစ်နာမှုများကို မည်မျှ ကုစားပေးနိုင်ခဲ့သည်။ ချိုးဖောက်မှု များ မည် မျှ လျော့ပါးသွားခဲ့သည်။ ပြည်သူတို့၏ ဂုဏ်သိက္ခာကာကွယ်ရေးကို မည် မျှ ထိရောက်စွာ ကာကွယ်ပေးနိုင်ခဲ့သည်ဆိုသည့် အကြံပြုချက်များကို လက်တွေ့ဆောင်ရွက်နိုင်သည့် စနစ်တစ်ရပ်ဖြစ်ပေါ်လာစေရေး တို့ကို အလေးထားဆောင်ရွက်ရန် လိုအပ်ပါကြောင်း ဆွေးနွေးသည်။

အဆိုပါကိစ္စနှင့်စပ်လျဉ်း၍ စစ်ကိုင်းတိုင်းဒေသကြီး အမျိုးသားလွတ်တော် ကိုယ်စားလှယ်အမှတ် (၁၂) ဦးလွမ်းမိုးနိုင်၊ ကျောက်ကြီး မဲဆန္ဒနယ်မှ ဦးဟံသာဝင်း၊ မလှိုင် မဲဆန္ဒနယ်မှ ဦးအောင်ကျော်သူ၊ ရန်ကုန်တိုင်းဒေသကြီး အမျိုးသား လွတ်တော်ကိုယ်စားလှယ် အမှတ် (၁၂) ဦးဝဏ္ဏစိုး၊ ပုဗ္ဗသီရိမဲဆန္ဒနယ် ဦးလှဆွေ၊ တနင်္သာရီတိုင်းဒေသကြီး အမျိုးသားလွတ်တော်ကိုယ်စားလှယ် အမှတ် (၇) ဦးယုနိုင်၊ ကော့ကရိတ် မဲဆန္ဒနယ်မှ ဒေါ်ခင်နီနီအောင်၊ မော်လမြိုင် မဲဆန္ဒနယ်မှ ဒေါ်ဥမ္မာဌေး၊ မန္တလေးတိုင်းဒေသကြီး အမျိုးသားလွတ်တော် ကိုယ်စားလှယ် အမှတ် (၁၂) ဦးကျော်တင့်နှင့် ရန်ကုန်တိုင်းဒေသကြီး အမျိုးသား လွတ်တော်ကိုယ်စားလှယ်အမှတ် (၆) ဦးအေးပိုင်တို့က ဆက်လက် ဆွေးနွေးကြသည်။

ထို့နောက် ပြည် ထောင် စု လွတ်တော်နာယက က အဆိုပါ အစီရင်ခံစာနှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေး ကော်မရှင်က ပြန်လည်ရှင်းလင်းခြင်းနှင့် လွတ်တော်ကမှတ်တမ်းတင်ခြင်းအစီအစဉ်တို့ကို ဆက်လက်ကျင်းပပြုလုပ်မည့် ပြည်ထောင်စုလွတ်တော် အစည်းအဝေးတွင် ဆောင်ရွက်ရန်လျာထားပါကြောင်း ကြေညာသည်။

ယင်းနောက် တတိယအကြိမ် ပြည်ထောင်စုလွတ်တော် တတိယပုံမှန်အစည်းအဝေး နဝမနေ့ကို ရပ်နားလိုက်ပြီး အစည်းအဝေး ဒသမနေ့ကို နိုဝင်ဘာလ ၁၀ ရက်တွင် ဆက်လက်ကျင်းပသွားမည် ဖြစ်ကြောင်းသိရသည်။

မြဝတီ

ကယားပြည်နယ် လွိုင်ကော်ပညာရေးဒီဂရီကောလိပ်တွင် မိုးလုံလေလုံအားကစားရုံ တည်ဆောက်ခြင်းနှင့်ဘောလုံးကွင်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်းများဆောင်ရွက်

လွိုင်ကော် နိုဝင်ဘာ ၅

ကယားပြည်နယ် လွိုင်ကော် ပညာရေးဒီဂရီကောလိပ် တွင် ၂၀၂၆–၂၀၂၇ ဘဏ္ဍာနှစ်ပြည်ထောင်စု ဘဏ္ဍာရန်ပုံငွေဖြင့် မိုးလုံလေလုံ အားကစားရုံတည်ဆောက်ခြင်းနှင့် ဘောလုံးကွင်းအဆင့်မြှင့်တင်ခြင်း လုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါလုပ်ငန်းများ ဆောင်ရွက်နေမှုကို ယနေ့နံနက်ပိုင်းတွင် ကယားပြည်နယ် ဝန်ကြီးချုပ် ဦးအံ့မော်သည် ပြည်နယ်ဝန်ကြီးများနှင့်အတူ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစဉ် အားကစားရုံနှင့် အားကစားကွင်းများကို သတ်မှတ်စံချိန်စံညွှန်းပြည့်မီစွာ ဆောက်လုပ်ဆောင်ရွက်ရန်၊ လုပ်ငန်းများ သတ်မှတ်ချိန်အတွင်း အချိန်မီပြီးစီးရေးနှင့် ဘဏ္ဍာငွေထုတ်ယူမှုများကို စနစ်တကျထုတ်ယူနိုင်ရေးကြီးကြပ် ဆောင်ရွက်ရန် တာဝန်ရှိသူများကို မှာကြားသည်။

ဆက်လက်၍ ၂၀၂၆–၂၀၂၇ ဘဏ္ဍာနှစ် ပြည်နယ်ဘဏ္ဍာရန်ပုံငွေဖြင့် လူငယ်စင်တာ RC သုံးထပ်အဆောက်အအုံ တည်ဆောက်ခြင်း လုပ်ငန်းကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းဆိုင်ရာများ မှာကြားသည်။

ထိုမှ တစ်ဆင့် ပြည်နယ်ကျက်သရေဆောင် သမိုင်းဝင်မြို့နာမ်ရွှေစေတီတော်၌ ဘုရားဖူး ပြည်သူများ စိတ်အေးချမ်းသာစွာ ဖူးမြော်ကြည်ညိုနိုင်ရေးအတွက် စေတီတော်ရင်ပြင်နှင့် ပရိဝုဏ် အတွင်း မီးသတ်တပ်ဖွဲ့ဝင်များနှင့် ပြည်နယ်သာသနာရေးဦးစီးဌာန ဝန်ထမ်းများ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်နေမှုနှင့် ဗုဒ္ဓဓမ္မတ်စွယ်တော်တိုက်အတွင်း ဝေယျာဝစ္စ ဆောင်ရွက်နေမှုကို ကြည့်ရှု အားပေးခဲ့ကြောင်းသိရသည်။



ပြည်နယ်(ပြန်/ဆက်)

ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၆-၁၁-၂၀၂၆ ကျပ်/လီတာ

Fuel (လက်လီဈေးနှုန်း)	ရန်ကုန်	မန္တလေး	နေပြည်တော်	ပဲခူး	မကွေး	ထားဝယ်	စဉ့်ကူ	ပုသိမ်	မြစ်ကြီးနား	စစ်ကိုင်း	ဘားအံ	မော်လမြိုင်	လားရှိုး	တောင်ကြီး	လွိုင်ကော်	ဟားခါး
92 Ron	၄၅၃၀	၄၆၈၅	၄၆၃၅	၄၅၄၅	၄၆၈၅	၄၇၀၀	၄၇၃၅	၄၆၁၅	၄၉၈၀	၅၀၁၀	၄၆၃၅	၄၇၉၀	၄၇၂၅	၄၆၈၅	၄၆၉၅	၄၉၂၅
95 Ron	၄၅၅၀	၄၇၀၅	၄၆၆၀	၄၅၆၅	၄၇၁၀	၄၇၂၅	၄၇၆၀	၄၆၃၅	၅၀၀၅	၅၀၃၅	၄၆၆၀	၄၈၁၅	၄၇၅၀	၄၇၀၅	၄၇၁၅	၄၉၄၅
HSD (500 ppm)	၄၅၅၅	၄၇၀၅	၄၆၅၅	၄၅၇၀	၄၇၁၀	၄၇၂၀	၄၇၅၅	၄၆၄၀	-	၅၀၂၀	၄၆၅၅	၅၂၅၀	၄၇၄၅	၄၇၀၅	၄၇၁၅	၄၉၃၅
HSD (50 ppm)	၅၁၂၀	၅၆၀၅	၅၆၂၅	၅၁၃၅	၅၆၈၀	၅၆၉၅	၅၇၂၅	၅၆၀၅	၅၉၇၅	၆၀၀၅	၅၆၂၅	၅၈၂၀	၅၇၁၅	၅၆၇၅	၅၆၈၅	၅၉၁၅
HSD (10 ppm)	၅၁၂၀	၅၆၀၅	၅၆၂၅	၅၁၃၅	၅၆၈၀	၅၆၉၅	၅၇၂၅	၅၆၀၅		၆၀၀၅	၅၆၂၅	၅၈၂၀	၅၇၁၅	၅၆၇၅	၅၆၈၅	၅၉၁၅

ကျပ်/လီတာ မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

Fuel (လက်ကားဈေးနှုန်း)	ရန်ကုန်	မန္တလေး
92 Ron	၄၃၀၄	၄၄၂၄
95 Ron	၄၃၂၇	၄၄၄၈
HSD (500 ppm)	၄၃၄၆	၄၄၆၂
HSD (50 ppm)	၅၂၆၅	၅၄၀၀
HSD (10 ppm)	၅၂၆၅	၅၄၀၀

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်–

၀၆၇-၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇-၄၁၁၂၈၂၊ ၀၉-၆၈၀၅၈၉၈၉၈၈

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

လူငယ်စကားဝိုင်းဆွေးနွေးပွဲကျင်းပ

ဟိုပုံး နိုဝင်ဘာ ၅

ရှမ်းပြည်နယ် (တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ ဟိုပုံးမြို့နယ်၌ လူငယ်နှင့် ဖြောင့်မတ်တည်ကြည်မှု လူငယ် စကားဝိုင်းဆွေးနွေးပွဲကို ယနေ့ နံနက်ပိုင်းတွင် ထူးမြတ်အိမ်ကိုယ်ပိုင် အထက်တန်းကျောင်း၌ ကျင်းပသည်။

ရှေ့ဦးစွာအဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင် တောင်ကြီး (ရုံးခွဲ)မှ တာဝန်ခံညွှန်ကြားရေးမှူး ဒေါ်နန်းချောစိန်က အဂတိလိုက်စားမှုကို ရှက်ရွံ့သည့်၊ ဆန့်ကျင်သည့်၊ တွန်းလှန်တိုက်ဖျက်လိုစိတ်ရှိသည့် လူ့အဖွဲ့အစည်းဖြစ်တည်လာရေး ဆောင်ရွက်ရာတွင် ကျောင်းသား လူငယ်တို့၏ အခန်းကဏ္ဍပါဝင်လာစေရန်၊ ဖြောင့်မတ်တည်ကြည်မှုရှိသည့် နိုင်ငံ့သားကောင်းများဖြစ်တည်စေရန်ရည်ရွယ်၍ ကျင်းပရခြင်းဖြစ်ကြောင်းပြောကြားသည်။

ထို့နောက် ဆရာမဒေါ်နွဲ့ယဉ်အောင်က ဦးဆောင်ဆွေးနွေးပြီး Grade–7 မှမောင်ရဲထက်အောင်က အခြေခံစဉ်းစားတွေးခေါ်ပါခေါင်းစဉ် ဖြင့်လည်းကောင်း၊ Grade–11 မှ မယွန်းမေဖူးက ပွင့်လင်းမြင်သာမှုနှင့် အဂတိလိုက်စားမှုကိုရှက်ရွံ့ခြင်း ခေါင်းစဉ်ဖြင့်လည်းကောင်း ဆွေးနွေးကြသည်။

ယင်းနောက် ကျောင်းအုပ် ဆရာမကြီး ဒေါ်ခင်သစ်လွင်က ကျေးဇူးတင်စကားပြန်လည် ပြောကြားခဲ့ကြောင်းသိရသည်။

(၄၀၅)

➡ ရှေ့ဖုံးမှအဆက်

ပြည်သူ့လွှတ်တော်မဲအများဆုံးရသူအနိုင်ယူစနစ် ၃၄ နယ်

(FPTP)မဲဆန္ဒနယ်

(၁) တွန်းဇံမြို့နယ်ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်
(၂) ဖလမ်းမြို့နယ်ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်
(၃) ထီးချိုင့်မြို့နယ်ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်
(၄) ဗန်းမောက်မြို့နယ်ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်
(၅) အင်းတော်မြို့နယ်ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်
(၆) ကောလင်းမြို့နယ်ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်
(၇) ပုလဲမြို့နယ်ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်
(၈) ယင်းမာပင်မြို့နယ်ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်
(၉) တန့်ဆည်မြို့နယ်ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်
(၁၀) မြိတ်မြို့နယ်ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်
(၁၁) ညောင်လေးပင်မြို့နယ်ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်
(၁၂) ပေါက်ခေါင်းမြို့နယ်ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်
(၁၃) ပန်းတောင်းမြို့နယ်ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်
(၁၄) ချောက်မြို့နယ်ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်
(၁၅) မင်းဘူးမြို့နယ်ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်
(၁၆) ပြင်ဦးလွင်မြို့နယ်ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်
(၁၇) မိတ္ထီလာမြို့နယ်ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်
(၁၈) နွားထိုးကြီးမြို့နယ်ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်
(၁၉) စဉ့်ကူးမြို့နယ်ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်
(၂၀) မိုးကုတ်မြို့နယ်ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်
(၂၁) ကျိုက်မရောမြို့နယ်ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်
(၂၂) မရမ်းကုန်းမြို့နယ်ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်
(၂၃) ရွှေပြည်သာမြို့နယ်ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်
(၂၄) လှည်းကူးမြို့နယ်ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်
(၂၅) တာမွေမြို့နယ်ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်
(၂၆) ကိုကိုးကျွန်းမြို့နယ်ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်
(၂၇) လှိုင်သာယာ(အနောက်ပိုင်း) မြို့နယ်ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်
(၂၈) ကျောက်မဲမြို့နယ်ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်
(၂၉) မိုင်းဖြတ်မြို့နယ်ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်
(၃၀) မိုင်းပန်မြို့နယ်ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်
(၃၁) မအူပင်မြို့နယ်ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်
(၃၂) ဇမ္ဗူသီရိမြို့နယ်ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်
(၃၃) ဒကွိဏသီရိမြို့နယ်ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်
(၃၄) ဥတ္တရသီရိမြို့နယ်ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်

အမျိုးသားလွှတ်တော်မဲအများဆုံးရသူအနိုင်ယူစနစ် ၅ နယ်

(FPTP)မဲဆန္ဒနယ်

(၁) ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ် (၅)
(၂) ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ် (၃)
(၃) ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၄)
(၄) ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၅)
(၅) မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၆)

တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ် ၁၆ နယ်
လွှတ်တော်မဲအများဆုံးရသူအနိုင်ယူစနစ်

(FPTP) မဲဆန္ဒနယ်

(၁) တွန်းဇံမြို့နယ်မဲဆန္ဒနယ်
(၂) ဖလမ်းမြို့နယ်မဲဆန္ဒနယ်
(၃) ထီးချိုင့်မြို့နယ်မဲဆန္ဒနယ်
(၄) ဗန်းမောက်မြို့နယ်မဲဆန္ဒနယ်
(၅) အင်းတော်မြို့နယ်မဲဆန္ဒနယ်
(၆) ကောလင်းမြို့နယ်မဲဆန္ဒနယ်
(၇) ပုလဲမြို့နယ်မဲဆန္ဒနယ်
(၈) ယင်းမာပင်မြို့နယ်မဲဆန္ဒနယ်
(၉) တန့်ဆည်မြို့နယ်မဲဆန္ဒနယ်
(၁၀) ရွှေဘိုမြို့နယ်မဲဆန္ဒနယ်
(၁၁) ဇီးကုန်းမြို့နယ်မဲဆန္ဒနယ်
(၁၂) သဲကုန်းမြို့နယ်မဲဆန္ဒနယ်
(၁၃) နွားထိုးကြီးမြို့နယ်မဲဆန္ဒနယ်
(၁၄) စဉ့်ကူးမြို့နယ်မဲဆန္ဒနယ်
(၁၅) မိုးကုတ်မြို့နယ်မဲဆန္ဒနယ်
(၁၆) ရေကြည်မြို့နယ်မဲဆန္ဒနယ်

(ပုံ) သန်းစိုး
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

နည်းပညာတက္ကသိုလ်၊ ကွန်ပျူတာတက္ကသိုလ်နှင့် Polytechnic University များ၏ ညှိနှိုင်းအစည်းအဝေးကျင်းပ



နေပြည်တော် နိုဝင်ဘာ ၅

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနအဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာနရှိ နည်းပညာတက္ကသိုလ်၊ ကွန်ပျူတာတက္ကသိုလ်နှင့် Polytechnic University များ၏ ညှိနှိုင်းဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းတွင် Naypyitaw State Polytechnic University အစည်းအဝေးခန်းမ၌ Hybrid စနစ်ဖြင့် ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော်၊ ဒုတိယဝန်ကြီး ဒေါက်တာနေခြည်လွဲလွဲသိန်း၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များ၊ ဒုတိယပါမောက္ခချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက Polytechnic University၊ နည်းပညာတက္ကသိုလ်နှင့် ကွန်ပျူတာတက္ကသိုလ်များသည် နိုင်ငံ၏လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေး၊ သိပ္ပံနှင့် နည်းပညာကဏ္ဍမြှင့်တင်ရေးနှင့် နိုင်ငံ့စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် အရေးပါသောအခန်းကဏ္ဍမှ ပါဝင်လျက်ရှိကြောင်း၊ နည်းပညာကျွမ်းကျင်မှု၊ ဆန်းသစ်တီထွင်နိုင်မှုနှင့် အရည်အသွေးမြင့် လူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်ပေးနိုင်ရေးအတွက် ကျောင်းသားလူငယ်များကို ဗဟုသုတနှင့် ပြည့်စုံပြီး ကျန်းမာကြံ့ခိုင်ကာ ပညာရေး၊ လူမှုရေးနှင့်စည်းကမ်းပိုင်းဆိုင်ရာများတွင် ထူးချွန်ပြည့်ဝသည့် မျိုးဆက်သစ်လူငယ်များဖြစ်လာစေရန် ပြုစုပျိုးထောင်ပေးရန် လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးက သင်ရိုးညွှန်းတမ်းများကို လုပ်ငန်းခွင်လိုအပ်ချက်များနှင့် ကိုက်ညီစေရန် ပြန်လည်သုံးသပ်ပြင်ဆင်ရေး၊ Outcome-Based Education (OBE) စနစ်ကို ထိရောက်စွာအကောင်အထည်ဖော်ရေးနှင့်ခေတ်ကာလ၏ လိုအပ်ချက်များနှင့်အညီ တက္ကသိုလ်များတွင် Digital Transformation ကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်ရေးဆွေးနွေးပြောကြားသည်။

ယင်းနောက် တက်ရောက်လာကြသည့် တက္ကသိုလ်များမှ ပါမောက္ခချုပ်များနှင့် ဒုတိယပါမောက္ခချုပ်များက တက္ကသိုလ်အလိုက် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများ၊ သင်ကြားသင်ယူမှုဆိုင်ရာ ဆောင်ရွက်ချက်များ၊ အားသာချက်များ၊ အားနည်းချက်များနှင့် ရှေ့ဆက်ဆောင်ရွက်မည့်လုပ်ငန်းစဉ်များကို ဆွေးနွေးတင်ပြကြသည်။

အဆိုပါ Polytechnic University၊ နည်းပညာတက္ကသိုလ်နှင့် ကွန်ပျူတာတက္ကသိုလ်များ၏ ညှိနှိုင်းဆွေးနွေးပွဲကို နိဝင်ဘာလ ၅ ရက်မှ ၆ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

မြဝတီ

စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် ဒီဂျစ်တယ် စီးပွားရေးကဏ္ဍသည် အရေးပါသောကဏ္ဍတစ်ခုဖြစ်

နေပြည်တော် နိုဝင်ဘာ ၅

ဒီဂျစ်တယ်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကော်မတီ၏လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၁/၂၀၂၆)ကို ယနေ့ မွန်းလွဲပိုင်းတွင် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနရုံးအမှတ်(၃) အစည်းအဝေးခန်းမ -၂ ၌ ကျင်းပသည်။

အစည်းအဝေးတွင် ဒီဂျစ်တယ်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကော်မတီဥက္ကဋ္ဌ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံက ဒီဂျစ်တယ်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကော်မတီ (DEDC)အနေဖြင့် **"မြန်မာဒီဂျစ်တယ် စီးပွားရေးလမ်းပြမြေပုံ ၂၀၃၀"**ကို ၂၀၂၄ ခုနှစ် ဒီဇင်ဘာလ ၂၄ ရက်တွင် ထုတ်ပြန်ထားပြီးဖြစ်ကြောင်း၊ အဆိုပါလမ်းပြမြေပုံသည် မြန်မာနိုင်ငံ၏ဒီဂျစ်တယ်စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရန်ဆောင်ရွက်သွားကြရမည့်ကိစ္စရပ်များအတွက် မဟာဗျူဟာမျှော်မှန်းချက်၊ မဟာဗျူဟာရည်မှန်းချက် လုပ်ငန်းစဉ်များပါဝင်၍ ဖွဲ့စည်းရေးဆွဲထားခြင်းဖြစ်ကြောင်း။

DEDC ၏လုပ်ငန်းကော်မတီ ၄ ခုအနေဖြင့် သက်ဆိုင်သောလုပ်ငန်းစဉ်များကို ကာလတို၊ ကာလလတ်၊ ကာလရှည်အချိန်ဇယားများနှင့်အညီဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်ကို သိရှိရကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် ဒီဂျစ်တယ် စီးပွားရေးကဏ္ဍသည် အရေးပါသောကဏ္ဍတစ်ခုဖြစ်ခြင်းကြောင့် သက်ဆိုင်ရာလုပ်ငန်းကော်မတီများအနေဖြင့် တက်ညီလက်ညီဖြင့် အောင်မြင်အောင်ဝိုင်းဝန်းဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ Living Document အဖြစ် ထုတ်ပြန်ခဲ့ပြီးဖြစ်သော မြန်မာဒီဂျစ်တယ်စီးပွားရေးလမ်းပြမြေပုံ ၂၀၃၀ (Myanmar Digital Economy Roadmap 2030)ပါ ကာလတို၊ ကာလလတ်၊ ကာလရှည်လုပ်ငန်းစဉ်များအပေါ် လုပ်ငန်းကော် မတီများအနေဖြင့် ဆက်လက်ဆောင်ရွက်ရန် ပြောကြားသည်။

ဆက်လက်၍ တက်ရောက်လာကြသူများက ဒီဂျစ်တယ်စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန်အတွက် ဆောင်ရွက်နေမှုအခြေအနေကို သက်ဆိုင်ရာကဏ္ဍအလိုက် ရှင်းလင်းဆွေးနွေးမှုများအပေါ် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

အစည်းအဝေးသို့ ဒီဂျစ်တယ်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကော်မတီ၏လုပ်ငန်းကော်မတီ ၄ ခုမှဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးများ၊ အဖွဲ့ဝင်နှင့် အတွင်းရေးမှူးများ၊ ဖိတ်ကြားထားသော အစိုးရ/ပုဂ္ဂလိကကဏ္ဍတို့မှ သက်ဆိုင်ရာတာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများတက်ရောက်ကြကြောင်း သိရသည်။

မြဝတီ



(၅-၁၁-၂၀၂၆) ရက်နေ့ရှိ နိုင်ငံခြားငွေကြေးဈေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏနှင့် ငွေလဲလှယ်နှုန်းများ

	အမေရိကန်ဒေါ်လာ	တရုတ်ယွမ်	ထိုင်းဘတ်	အိန္ဒိယရူပီး
ငွေလဲလှယ်နှုန်း	၃၆၅၀ ~ ၃၆၇၁	၅၅၅.၃ ~ ၅၅၈.၇	၁၂၄.၉ ~ ၁၂၅.၇	၄၃.၆
ဈေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏ	၁၇,၄၀၃,၀၅၆.၄၇	၅,၅၀၃,၆၃၇.၅၀	၇၂,၂၃၁,၁၀၁.၀၆	-



နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဆရာတော်ကြီးများအား ဒီပါဝလီပွဲတော် အထိမ်းအမှတ်အကြို ဆွမ်းဆက်ကပ်လှူဒါန်း


ရန်ကုန် နိုဝင်ဘာ ၅

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဆရာတော်ကြီးများအား ဒီပါဝလီပွဲတော်အထိမ်းအမှတ်အကြို ဆွမ်းဆက်ကပ်လှူဒါန်းပွဲကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေရှိ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဆွမ်းစားဆောင်၌ ကျင်းပသည်။

ဆွမ်းဆက်ကပ်လှူဒါန်းပွဲသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဆရာတော်ဘဒ္ဒန္တစန္ဒာဝရာဘိဝံသ အမှူးပြုသည့် ဆရာတော်ကြီးများကြွရောက်ကြပြီး ဟိန္နူဘာသာရေးဗဟိုအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးတင်မြင့်၊ သနန္တနဓမ္မပါလက ဟိန္နူအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးမောင်မောင်၊ မြန်မာနိုင်ငံလုံးဆိုင်ရာ တမီလ်ဟိန္နူဖောင်ဒေးရှင်းဥက္ကဋ္ဌ ဦးသိန်းလွင်၊ မြန်မာ-အိန္ဒိယ အပြည်ပြည်ဆိုင်ရာစီးပွားရေးလုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဦးဇော်ဇော်နိုင်နှင့်တာဝန်ရှိသူများ တက်ရောက်ကြည်ညိုကြသည်။

ဆွမ်းဆက်ကပ်လှူဒါန်းပွဲတွင် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌဆရာတော်ထံမှ ဧည့်ပရိသတ်များက ငါးပါးသီလခံယူဆောက်တည်ကြပြီး ပရိတ်တရားတော်များနာယူကြကာ တာဝန်ရှိသူများက လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြပြီး ဆရာတော်ကြီးများအား တစ်နေ့တာ ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။ မြဝတီ



ကချင်ပြည်နယ်အတွင်းရှိ အသက် ၈၅ နှစ်နှင့်အထက် ဘိုး/ဘွား ၁၈၂၀ တို့အတွက် လူမှုရေးပင်စင်အဖြစ် ငွေကျပ် ၁၀၆ ဒသမ ၈၃ သန်း ထောက်ပံ့ပေးအပ်



မြစ်ကြီးနား နိုဝင်ဘာ ၅


အသက် ၈၅ နှစ်နှင့်အထက် သက်ကြီးဘိုး/ဘွားများအား လိုအပ်သော စားဝတ်နေရေး၊ ကျန်းမာရေးစောင့်ရှောက်မှုနှင့် လူမှုရေးစောင့်ရှောက်မှုပေးသည့်အနေဖြင့် လူမှုရေးပင်စင်ကို ဘဏ္ဍာနှစ်အလိုက် ပေးအပ်လျက်ရှိရာ ကချင်ပြည်နယ်အတွင်း ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်တွင် ဘိုး/ဘွား ၁၈၂၀ တို့အတွက် လူမှုရေးပင်စင်စုစုပေါင်း ငွေကျပ် ၁၀၆ ဒသမ ၈၃ သန်း ထောက်ပံ့ပေးအပ်ပွဲကို ယနေ့ နံနက်ပိုင်းတွင် မြစ်ကြီးနားမြို့ ပြည်သူ့အားကစားကွင်းအတွင်း ရှိ မိုးလုံလေလုံအားကစားခန်းမ၌ ပြုလုပ်သည်။

ထောက်ပံ့ငွေ ပေးအပ်ပွဲတွင် မြို့နယ်များအလိုက် စာရင်းကောက်ခံရရှိထားသည့် အသက် ၈၅ နှစ်နှင့်အထက် သက်ကြီးဘိုး/ဘွားဦးရေ စုစုပေါင်း ၁၈၂၀ တို့အတွက် လူမှုရေးပင်စင်အဖြစ် စုစုပေါင်း ငွေကျပ် ၁၀၆ ဒသမ ၈၃ သန်းကို သက်ဆိုင်ရာမြို့နယ်များအလိုက် ဘိုး/ဘွားများနှင့် တာဝန်ရှိသူများထံ ထောက်ပံ့ပေးအပ်သည်။

အခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်းက သက်ကြီးပုဂ္ဂိုလ်များ၏ အခွင့်အရေးများကို ဘက်စုံလက်လှမ်းမီရယူနိုင်စေရန် ရည်ရွယ်ထားသည့် အတွက် သက်ကြီးများ၏ အခွင့်အရေးများမဆုံးရှုံးစေရေး အလေးထားဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊ ထို့ပြင် မြန်မာနိုင်ငံ၏ လူဦးရေစာရင်းများအရ လာမည့် ၂၀၃၀ ပြည့်နှစ်တွင် အသက် ၆၀ နှစ်နှင့်အထက် သက်ကြီးဦးရေ ၈ ဒသမ ၂ သန်းခန့် ရှိလာနိုင်မည်ဟု ခန့်မှန်းထားသည့်အတွက် သက်ကြီးဦးရေ အချိုးအစား ပြောင်းလဲမှုနှင့်အတူ သက်ကြီးပုဂ္ဂိုလ်များအား ပြီးပြည့်စုံသည့် ပြုစုစောင့်ရှောက်မှုများနှင့် လူမှုရေးဝန်ဆောင်မှုများ ပေးနိုင်ရေး အလေးထားကူညီဆောင်ရွက်ပေးကြရန် တိုက်တွန်းလိုကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်နယ်အစိုးရအဖွဲ့ဝင် လူမှုရေးရာဝန်ကြီး ဦးကျော်မင်းခိုင်က သက်ကြီးဘိုး/ဘွားများအား လူမှုရေးပင်စင် ထောက်ပံ့ပေးရသည့် ရည်ရွယ်ချက်များနှင့် ကချင်ပြည်နယ်အတွင်း ဘဏ္ဍာနှစ်အလိုက် ထောက်ပံ့ပေးအပ်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့်တာဝန်ရှိသူများက ခန်းမအတွင်း လူမှုဝန်ထမ်းဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြန်မာ့စီးပွားရေးဘဏ် စသည့် ဌာနဆိုင်ရာများစုပေါင်း၍ ဘိုး/ဘွားများအား လူမှုရေးပင်စင် ထုတ်ပေးနေမှုများကို လှည့်လည်ကြည့်ရှုအားပေးကြကြောင်း သိရသည်။ ပြည်နယ်(ပြန်/ဆက်)

ဖလမ်းမြို့ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများဆောင်ရွက်ရာတွင် ဌာနဆိုင်ရာအချင်းချင်း အချိတ်အဆက်မိမိ စည်းစည်းလုံးလုံး ညီညီညွတ်ညွတ် ပူးပေါင်းဆောင်ရွက်ကြရန်လိုအပ်



ဖလမ်း နိုဝင်ဘာ ၅

ဖလမ်းမြို့ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ အလုံးစုံပြီးစီးမှုမရှိသေးသော်လည်း ကျန်ရှိသည့် ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများ အချိန်မီပြီးစီးရေး အလေးထားကြပ်မတ်ဆောင်ရွက်ကြရန်၊ ဖလမ်းမြို့ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများဆောင်ရွက်ရာတွင် ဌာနဆိုင်ရာ အချင်းချင်း အချိတ်အဆက်မိမိ စည်းစည်းလုံးလုံး ညီညီညွတ်ညွတ် ပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်ကြောင်း နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်ကျော်ဟန်သည် ချင်းပြည်နယ် အစိုးရအဖွဲ့ဝင် လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ခင်မောင်ထွေး၊ ချင်းပြည်နယ်အတွင်း ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေး ကော်မတီဝင်များနှင့်အတူ ယနေ့ နံနက်ပိုင်းတွင် ဖလမ်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာဝန်ထမ်းများနှင့်တွေ့ဆုံစဉ် တိုက်တွန်းမှာကြားသည်။

ဆက်လက်၍ ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးက ဖလမ်းမြို့ပြန်လည်ထူထောင်ရေး လုပ်ငန်းများ အမြန်ဆုံးပြီးစီးရေး ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ပြင်ဆင်ပြီးသည့် ဌာနဆိုင်ရာ အဆောက်အအုံများ ရေရှည် တည်တံ့ခိုင်မြဲအောင် ထိန်းသိမ်းကြရန်လိုကြောင်း၊ နယ်မြေဒေသ တည်ငြိမ်အေးချမ်းနေပြီးဖြစ်သဖြင့် ဒေသခံပြည်သူများအနေဖြင့် အုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့်ပူးပေါင်း ဆောင်ရွက်ရေး စည်းရုံးဆောင်ရွက်သွားကြရန်လိုကြောင်း ပြောကြားသည်။

ထို့နောက် ချင်းပြည်နယ်အတွင်း ပြန်လည်ထူထောင်ရေးနှင့်ပြန်လည် တည်ဆောက်ရေး ကော်မတီဝင်များက လုပ်ငန်းဆောင်ရွက်မှုများနှင့် ရှေ့ဆက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြကြရာ ဒုတိယဝန်ကြီးက တင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ပြီး ဌာနဆိုင်ရာ ဝန်ထမ်းများကို ဆန်နှင့်ဆီများ ထောက်ပံ့ပေးအပ်သည်။

ယင်းနောက် ဖလမ်းမြို့ ယာယီ ပြည်သူ့ဆေးရုံသို့ ရောက်ရှိပြီး ဆေးရုံတက်ရောက် ကုသမှုခံယူ နေသည့်လူနာများအား ကြည့်ရှုအားပေးစကား ပြောကြားကာ အာဟာရဖြည့် အစားအစာများ ထောက်ပံ့ပေးအပ်ပြီး ဆေးရုံအုပ်နှင့်သူနာပြု ဆရာ၊ ဆရာမများကို အားပေးစကားပြောကြား၍ ဆေးရုံအတွက် တင်ပြချက်များအပေါ် တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့မှတစ်ဆင့် ကလေး-ဖလမ်း-ဟားခါးလမ်းပိုင်းတွင် ဖလမ်းခရိုင်လမ်းဦးစီးဌာနမှ စက်ယန္တရားကြီးဖြင့် လမ်းဘေးဝဲယာချုံနွယ်များ ရှင်းလင်းနေမှုနှင့် အလင်းဖွင့် ရှင်းလင်းဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး ကလေး-ဖလမ်း - ဟားခါးလမ်းသည် ပြည်ထောင်စုလမ်းမကြီးဖြစ်သဖြင့် လမ်းမကြီးကောင်းမွန်ရေး၊ ပြည်သူများ လုံခြုံအေးချမ်းစွာသွားလာနိုင်ရေး အလွန်အရေးကြီးကြောင်း၊ လမ်းဘေးဝဲယာချုံနွယ်များ ရှင်းလင်းရာတွင် လမ်းဘေးရေနုတ်မြောင်းများ ပိတ်ဆို့မှုမဖြစ်စေရေး၊ မော်တော်ယာဉ်နှင့်ဆိုင်ကယ်များ၊ လမ်းသွားလမ်းလာများ အဆင်ပြေချောမွေ့စေရေး ဆောင်ရွက်ပေးကြရန်မှာကြားခဲ့ရာ တင်ပြချက်များအပေါ် ဒုတိယဝန်ကြီးက တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ညနေပိုင်းတွင် ဖလမ်းခရိုင်ဖွံ့ဖြိုးမှုကြီးကြပ်ရေးမှူးရုံးသို့ ရောက်ရှိပြီး ရုံးအဆောက်အအုံ၊ ဝန်ထမ်းအိမ်ရာများ ပြန်လည်ပြုပြင်ပြီးစီးမှုအခြေအနေများကိုလည်းကောင်း၊ ဖလမ်းခရိုင်/ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန (RC) နှစ်ထပ်ပြုပြင်နေမှု အခြေအနေများကိုလည်းကောင်း၊ ဖလမ်းခရိုင်မီးသတ်ဦးစီးဌာနရုံးသို့လည်းကောင်း ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

၂၀၂၇ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲကျင်းပမည့် မဲဆန္ဒနယ်များအား ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ထုတ်ပြန်ကြေညာ

နေပြည်တော် နိုဝင်ဘာ ၅

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ၂၀၂၇ ခုနှစ်၊ ဧပြီလ ၄ ရက်နေ့တွင် ကျင်းပမည့် ကြားဖြတ်ရွေးကောက်ပွဲအတွက် လွှတ်တော်မဲဆန္ဒနယ်များအား ၂၀၂၆ ခုနှစ်၊ နိုဝင်ဘာလ ၅ ရက် ရက်စွဲပါ ကြေညာချက်အမှတ် (၆၈ / ၂၀၂၆) ဖြင့် သတ်မှတ်ထုတ်ပြန်ခဲ့ပါသည်။

၂။ ယင်းမဲဆန္ဒနယ်မြေ သတ်မှတ်ထုတ်ပြန်ချက်များနှင့် လွှတ်တော်အလိုက် မဲဆန္ဒနယ်များတွင် ကျင်းပမည့် နယ်မြေများစာရင်းအသေးစိတ်ကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး Website ဖြစ်သည့် www.uec.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း သတင်းရရှိသည်။

မြဝတီ

၂၀၂၇ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲအတွက် သတ်မှတ်ထားသည့် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်များ

စဉ်	မဲဆန္ဒနယ်	ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်တွင် ကျင်းပမည့်နယ်မြေများစာရင်း
၁	**ချင်းပြည်နယ်** တွန်းဇံမြို့နယ် မဲဆန္ဒနယ်	တွန်းဇံမြို့နယ်အတွင်းရှိ ၁။ ခေါဝုန်/လေးဆန်ရပ်ကွက် (တွန်းဇံမြို့)၊ ၂။ ခေါလိုင်/ဂိုးဇန်ရပ်ကွက်(တွန်းဇံမြို့)။
၂	ဖလမ်းမြို့နယ် မဲဆန္ဒနယ်	ဖလမ်းမြို့နယ်အတွင်းရှိ ၁။ ကျင်မွာလ်ရပ်ကွက်(ဖလမ်းမြို့)၊ ၂။ဗလိုင်ရပ်ကွက် (ဖလမ်းမြို့)၊ ၃။ဖာရ်ထောက်ရပ်ကွက် (ဖလမ်းမြို့)၊ ၄။တလန်လိုရပ်ကွက် (ဖလမ်းမြို့)၊ ၅။ လိုင်ဇိုးရပ်ကွက် (ဖလမ်းမြို့)၊ ၆။ လိုင်လွန်ရပ်ကွက်(ဖလမ်းမြို့)၊ ၇။ လုံဝီးရပ်ကွက်(ဖလမ်းမြို့)၊ ၈။ ဇာလိုင်ရပ်ကွက်(ဖလမ်းမြို့)။
၃	**စစ်ကိုင်းတိုင်းဒေသကြီး** ထီးချိုင့်မြို့နယ် မဲဆန္ဒနယ်	ထီးချိုင့်မြို့နယ်အတွင်းရှိ ၁။ စံပြရပ်ကွက်၊ ၂။ အောင်ဇေယျာရပ်ကွက်၊ ၃။ ဝိသာခါရပ်ကွက်၊ ၄။ ဘုရင့်နောင်ရပ်ကွက်၊ ၅။ မြတောင်ကျေးရွာအုပ်စု၊ ၆။ မောင်းကုန်းကျေးရွာအုပ်စု။
စက်ဝန်းစိုက်ပျိုးရေးသည် ဓာတ်မြေဩဇာသုံးစွဲမှုကို လျှော့ချပေးရုံသာမက သီးနှံ-သစ်တော ရောနှောစိုက်ပျိုးခြင်းနှင့် မြေဆီလွှာကို ပြန်လည်ရှင်သန်စေသော (Regenerative Agriculture) စနစ်များဖြင့် လေထုထဲမှ ကာဗွန်ဓာတ်ငွေ့များကို စုဆောင်းသိမ်းဆည်းပေးသည်။ ထို့ပြင် စိုက်ပျိုးရေးနှင့် တိရစ္ဆာန်မွေးမြူရေးကို ဟန်ချက်ညီညီ ပေါင်းစပ်ကျင့်သုံးခြင်းဖြင့် တိရစ္ဆာန်စွန့်ပစ်ပစ္စည်းများမှ ထွက်ရှိလာမည့် မီသိန်းဓာတ်ငွေ့ထုတ်လွှတ်မှုကိုပါ သိသာထင်ရှားစွာ လျှော့ချပေးနိုင်သည်။

(ဃ) ရေအရင်းအမြစ်များကို ထိန်းသိမ်ခြင်း

ရေရှားပါးမှုသည် စိုက်ပျိုးရေးကဏ္ဍတွင် တစ်နေ့တခြား ပိုမိုကြုံတွေ့လာသည့် စိန်ခေါ်မှုတစ်ရပ်ဖြစ်ပြီး စက်ဝန်းစိုက်ပျိုးရေးစနစ်များသည် ရေအသုံးချမှုစွမ်းဆောင်ရည်မြင့်မားမှုကို အားပေးမြှင့်တင်ခြင်းဖြင့် ဤစိန်ခေါ်မှုများကို ပံ့ပိုးဖြေရှင်းပေးသည်။ မိုးရေစုဆောင်းသုံးစွဲခြင်း၊ အစက်ချစနစ်ဖြင့်ရေသွင်းခြင်း၊ ရေဖျန်းစနစ်ဖြင့်ရေသွင်းခြင်းနှင့် စွန့်ပစ်ရေများကို ပြန်လည်စစ်ထုတ်သုံးစွဲခြင်းကဲ့သို့သော နည်းလမ်းများသည် သီးနှံအထွက်နှုန်းများကို တိုးတက်စေပြီး ရေသုံးစွဲမှုကို လျှော့ချပေးသည်။

(c) ဇီဝမျိုးစုံမျိုးကွဲများ ထိန်းသိမ်းခြင်း

အမယ်စုံ သီးနှံများ၊ သစ်ပင်များနှင့် တိရစ္ဆာန်များပါဝင်သည့် မတူကွဲပြားသော စိုက်ပျိုးရေးစနစ်များကို အားပေးခြင်းဖြင့် စက်ဝန်းစိုက်ပျိုးရေးသည် ဇီဝမျိုးစုံမျိုးကွဲများစုံလင်စေရန် ပံ့ပိုးပေးသည်။ ဇီဝမျိုးစုံမျိုးကွဲများ ပိုမိုကြွယ်ဝခြင်းက ဂေဟစနစ်၏ခံနိုင်ရည်အားကို မြှင့်တင်ပေးပြီး သဘာဝအလျောက် ပိုးမွှားနှိမ်နင်းမှုနှင့် ဝတ်မှုန်ကူးခတ်မှု ဝန်ဆောင်မှုများကို ပံ့ပိုးပေးကာ သီးနှံများကို ရောဂါများနှင့် ပတ်ဝန်းကျင်ဆိုင်ရာဖိအားများမှကာကွယ်ပေးသည်။

(စ) စီးပွားရေးအရ ရေရှည်ရပ်တည်နိုင်စွမ်း

စက်ဝန်းစိုက်ပျိုးရေးကို ကျင့်သုံးကြသည့် တောင်သူများသည် သဘာဝမြေဩဇာများ၊ ဇီဝဗေဒဆိုင်ရာ ပိုးမွှားနှိမ်နင်းမှုများနှင့် လယ်ယာအတွင်း စွမ်းအင်ထုတ်လုပ်မှုတို့ကို အသုံးပြုခြင်းဖြင့် သွင်းအားစုစရိတ်များကို လျှော့ချနိုင်သည်။ ထို့ပြင် မတူကွဲပြားသော သီးနှံစိုက်ပျိုးရေးစနစ်များသည် သီးနှံတစ်မျိုးတည်းစိုက်ပျိုးခြင်းအတွက် ပြောင်းလဲနေသော ဈေးကွက်ပေါက်ဈေးများကြောင့် ဖြစ်ပေါ်လာသည့် ဘဏ္ဍာရေးဆိုင်ရာ အန္တရာယ်ကို လျော့ပါးစေသည်။

စိန်ခေါ်မှုများ

စက်ဝန်းစိုက်ပျိုးရေးစနစ်သည် ရေရှည်အတွက် အကျိုးကျေးဇူးများစွာရှိနေသော်လည်း လက်တွေ့အကောင်အထည်ဖော်ရာတွင် စိန်ခေါ်မှုနှင့် အတားအဆီးအချို့ ရှိနေပါသေးသည်။ ပထမဦးစွာ စက်ဝန်းစိုက်ပျိုးရေးစနစ်အား တောင်သူများ လက်ခံကျင့်သုံးလာနိုင်ရန် အသိပညာနှင့် သတိပြုမိမှု အားနည်းနေသေးခြင်းဖြစ်သည်။ တောင်သူအများစုသည် ဤစနစ်ကို လက်ခံကျင့်သုံးရန် လိုအပ်သော နည်းပညာရပ်ဆိုင်ရာ အသိပညာနှင့် အရင်းအမြစ်များ ကင်းမဲ့နေကြဆဲဖြစ်ရာ တောင်သူများ ရေရှည်တည်တံ့သော ကျင့်စဉ်များဆီသို့ အောင်မြင်စွာကူးပြောင်းနိုင်ရန်အတွက် လေ့ကျင့်ရေးအစီအစဉ်များ၊ စိုက်ပျိုးပညာပေးဝန်ဆောင်မှုများနှင့် လိုအပ်သည့်ပံ့ပိုးမှုများကို စနစ်တကျ လုပ်ဆောင်ပေးရန် အလွန်ပင်အရေးကြီးသည်။ ဒုတိယအချက်မှာ စီးပွားရေးဆိုင်ရာ အတားအဆီးများဖြစ်သည်။ စက်ဝန်းစိုက်ပျိုးရေးသည် ရေရှည်တွင် ကုန်ကျစရိတ်များကို သက်သာစေနိုင်သော်လည်း မြေဆွေးပြုလုပ်သည့်စနစ်များ၊ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ရင်းမြစ်များ သို့မဟုတ် ဇီဝဓာတ်ငွေ့ထုတ်လုပ်ခြင်းကဲ့သို့သော နည်းပညာများအတွက် ကနဦး ရင်းနှီးမြှုပ်နှံမှုမှာ အလွန်ပင်မြင့်မားနိုင်သည်။ ထို့ကြောင့် ဤကျင့်စဉ်များကို တောင်သူများ ကျယ်ကျယ်ပြန့်ပြန့် လက်ခံကျင့်သုံးလာစေရန် အစိုးရများနှင့် သက်ဆိုင်ရာ အဖွဲ့အစည်းများအနေဖြင့် ဘဏ္ဍာရေးဆိုင်ရာ ပံ့ပိုးကူညီမှုများကိုဖန်တီးပေးရန် လိုအပ်သည်။ တတိယအနေဖြင့် မူဝါဒဆိုင်ရာကွက်လပ်များ ရှိနေခြင်းပင်ဖြစ်သည်။ ရေရှည်တည်တံ့သော စိုက်ပျိုးရေးကျင့်စဉ်များကို တက်ကြွစွာအားပေးသည့် အထောက်အကူပြုမူဝါဒများ လိုအပ်လျက်ရှိရာ အစိုးရအနေဖြင့် အရင်းအမြစ်စွမ်းဆောင်ရည်ပြည့်ဝမှုကို မြှင့်တင်ပေးသည့်မူဝါဒများကို ချမှတ်ကျင့်သုံးခြင်း၊ စက်ဝန်းပုံစံကျင့်စဉ်များကို လုပ်ကိုင်ဆောင်ရွက်နေသော တောင်သူများအတွက် အခွန်ဆိုင်ရာ အကျိုးခံစားခွင့်များ သို့မဟုတ် ပံ့ပိုးငွေများပေးအပ်ခြင်းနှင့် စဉ်ဆက်မပြတ် စိုက်ပျိုးရေးအတွက် ခိုင်မာသောမူဘောင်များကို ဖန်တီးပေးခြင်းတို့ လုပ်ဆောင်ရမည်ဖြစ်သည်။ နောက်ဆုံးအချက်မှာ ဈေးကွက်ဝယ်လိုအားနှင့် ချိတ်ဆက်မှုဖြစ်သည်။ ရေရှည်တည်တံ့သောနည်းလမ်းများဖြင့် ထုတ်လုပ်ထားသော အစားအစာများအတွက် ဝယ်လိုအားသည် စက်ဝန်းစိုက်ပျိုးရေးကျင့်စဉ်များကို လက်ခံကျင့်သုံးလာမှုနှင့် အတူ တစ်ပြိုင်နက်တိုးတက်လာရမည်ဖြစ်သည်။ စားသုံးသူများကို သတိပြုမိစေရန် အသိပညာပေးခြင်းနှင့်အတူ တရားဝင်အသိအမှတ်ပြုလက်မှတ်ပေးသည့် အစီအစဉ်များနှင့် အစိမ်းရောင်ကုန်အမှတ်တံဆိပ်ကပ်ခြင်း စသည့် နည်းလမ်းများသည် စက်ဝန်းစိုက်ပျိုးရေးထုတ်ကုန်များအတွက် ခိုင်မာသည့်ဈေးကွက်သစ်များကို ဖန်တီးပေးရန် အထောက်အကူဖြစ်စေမည်ဖြစ်သည်။

စက်ဝန်းစိုက်ပျိုးရေး၏အနာဂတ်

ကမ္ဘာတစ်ဝန်းတွင် ရေရှည်တည်တံ့ခိုင်မြဲမှုနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အသိပညာဗဟုသုတများ တိုးပွားလာသည်နှင့်အမျှ စက်ဝန်းစိုက်ပျိုးရေးစနစ်အတွက် အလားအလာအလွန်ကောင်းမွန်သည့် အနာဂတ်ရှိနေသည်။ အနာဂတ်တွင် ဤစနစ်ကို ပိုမိုခိုင်မာအားကောင်းလာစေရန်အတွက် တိကျသေချာသော စိုက်ပျိုးရေးစနစ် (Precision Farming)၊ အရင်းအမြစ်များကို စနစ်တကျစီမံခန့်ခွဲနိုင်သည့် ဒီဂျစ်တယ်နည်းပညာကိရိယာများနှင့် ဇီဝနည်းပညာဆိုင်ရာ ဆန်းသစ်တီထွင်မှုများသည် အဓိကမောင်းနှင်အားများအဖြစ် အပြည့်အဝပါဝင်လာမည်ဖြစ်ပေသည်။

ထို့ပြင် နိုင်ငံအချင်းချင်း ပူးပေါင်းဆောင်ရွက်မှုများနှင့် အသိပညာမျှဝေသည့် ကွန်ရက်များကို ကျယ်ကျယ်ပြန့်ပြန့် တည်ဆောက်သွားခြင်းဖြင့် ဆန်းသစ်တီထွင်မှုအသစ်များကို အရှိန်အဟုန်မြှင့်တင်ပေးနိုင်ပြီး စက်ဝန်းစိုက်ပျိုးရေးကျင့်စဉ်များကို ကမ္ဘာ့နေရာအနှံ့အပြားသို့ ထိရောက်စွာ ပျံ့နှံ့ရောက်ရှိစေမည်ဖြစ်သည်။ သုတေသနနှင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် အလေးထားရင်းနှီးမြှုပ်နှံခြင်းနှင့်အတူ ရေရှည်တည်တံ့သော စိုက်ပျိုးရေးကို အမှန်တကယ်အထောက်အကူပြုမည့် မူဝါဒဆိုင်ရာ ခိုင်မာသော မူဘောင်များကို ချမှတ်ဖော်ဆောင်ခြင်းသည်လည်း ဤစနစ်ကို ရေရှည်တွင် ကျယ်ပြန့်စွာချဲ့ထွင်လုပ်ကိုင်နိုင်ရန်အတွက် မရှိမဖြစ်လိုအပ်ချက်ပင်ဖြစ်သည်။

စက်ဝန်းစိုက်ပျိုးရေးစနစ်သည် မြေဆီလွှာကျန်းမာရေးကို တိုးတက်စေခြင်း၊ ဇီဝမျိုးစုံမျိုးကွဲများကိုထိန်းသိမ်းခြင်းနှင့် ဖန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှုကို လျှော့ချပေးနိုင်သည့် ရေရှည်တည်တံ့ပြီး စွန့်ပစ်ပစ္စည်းကင်းစင်သော စိုက်ပျိုးရေးစနစ်များဆီသို့ ဦးတည်သည့် အလားအလာကောင်းသော လမ်းကြောင်းတစ်ခုကို ပံ့ပိုးပေးသည်။ အာဟာရဓာတ်များပြန်လည်အသုံးပြုခြင်း၊ အရင်းအမြစ်များကို ထိန်းသိမ်းခြင်းနှင့် ဂေဟစနစ်ကို ပြန်လည်ထူထောင်ခြင်းတို့ကို အားပေးမြှင့်တင်ခြင်းအားဖြင့် ဤစနစ်သည် မြေဆီလွှာပျက်စီးဆုတ်ယုတ်ခြင်း၊ အရင်းအမြစ်များ ကုန်ခန်းခြင်းနှင့် ရာသီဥတုပြောင်းလဲခြင်းတို့အပါအဝင် ခေတ်မီလယ်ယာစိုက်ပျိုးရေးနှင့်ရင်ဆိုင်နေရသော အရေးပေါ်စိန်ခေါ်မှုများစွာကို ဖြေရှင်းပေးနိုင်မည်ဖြစ်သည်။

ရေရှည်တည်တံ့သော စားရေရိကွာထုတ်လုပ်ရေးစနစ်များအပေါ် ကမ္ဘာလုံးဆိုင်ရာ ဝယ်လိုအားတိုးတက်လာခြင်းနှင့် သမားရိုးကျ စိုက်ပျိုးရေးနည်းလမ်းများ၏ပတ်ဝန်းကျင်အပေါ် သက်ရောက်မှုများကို သတိပြုမိလာမှုမြင့်မားလာခြင်းတို့နှင့် အတူ စက်ဝန်းစိုက်ပျိုးရေးသည် အရှိန်အဟုန် ရရှိလာလျက်ရှိသည်။

နောင်လာမည့် စားရေရိကွာစနစ်များအတွင်းသို့ စက်ဝန်းစိုက်ပျိုးရေးကို ပေါင်းစပ်ထည့်သွင်းခြင်းသည် စွန့်ပစ်ပစ္စည်းကင်းစင်သော ကျင့်စဉ်များကို အားပေးခြင်း၊ စားရေရိကွာလုံခြုံမှုကို မြှင့်တင်ပေးခြင်းနှင့် ကြံ့ကြံ့ခံနိုင်သော စိုက်ပျိုးဂေဟစနစ်များကို ဖန်တီးပေးခြင်းတို့ဖြင့် စိုက်ပျိုးရေးကဏ္ဍကို အသွင်ပြောင်းလဲပေးနိုင်စွမ်း အလွန်ကြီးမားသည်။ ၎င်း၏ဘက်စုံညီချဉ်းကပ်ပုံစံကပင် ရေရှည်ပတ်ဝန်းကျင်တည်တံ့ခိုင်မြဲမှုကို ရရှိရန်နှင့် စိုက်ပျိုးရေးတွင် ရာသီဥတုပြောင်းလဲမှု၏ သက်ရောက်မှုများကို ကိုင်တွယ်ဖြေရှင်းရန်ရည်ရွယ်သည့် မဟာဗျူဟာများတွင် ၎င်းကို မရှိမဖြစ် အရေးပါသော အစိတ်အပိုင်းတစ်ခုဖြစ်စေသည်။ သို့ဖြစ်ပါ၍ စွန့်ပစ်ပစ္စည်းများကို အဖိုးတန်သယံဇာတအဖြစ် ပြောင်းလဲပေးမည့် စက်ဝန်းစိုက်ပျိုးရေးစနစ်သည် ပတ်ဝန်းကျင်ကို ထိန်းသိမ်းရုံသာမက တောင်သူလယ်သမားများ၏ဝင်ငွေနှင့် စီးပွားရေးလုံခြုံမှုကိုပါ အာမခံချက်ပေးမည့် ရေရှည်တည်တံ့ခိုင်မြဲသည့် စိုက်ပျိုးရေးစနစ်တစ်ခုဖြစ်၍ တောင်သူဦးကြီးများ လိုက်ပါကျင့်သုံးဆောင်ရွက်နိုင်ရေး တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

ဒေါက်တာသူဇာဝင်း(စိုက်ပျိုးရေး)

ပွင့်ဖြူမြို့နယ်၌ ယခုနှစ်ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ပဲယဉ်းကေ ၂၃၀ စိုက်ပျိုးမည်

ပွင့်ဖြူ နိုဝင်ဘာ ၅

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်၌ ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ပဲယဉ်းဧက ၂၃၀ စိုက်ပျိုးမည်ဖြစ်ကြောင်း ပွင့်ဖြူမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှသိရသည်။

ပွင့်ဖြူမြို့နယ်၌ ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ပဲယဉ်း ဧက ၂၃၀ စိုက်ပျိုးရန် လျာထားပြီး နိုဝင်ဘာလ တတိယပတ်တွင် စတင်စိုက်ပျိုးဆောင်ရွက်မည်ဖြစ်ရာ တောင်သူများ အခက်အခဲမရှိအဆင်ပြေစွာ စိုက်ပျိုးနိုင်ရေးအတွက် ဒေသနှင့်ကိုက်ညီသောမျိုးများ စိုက်ပျိုးနိုင်ရေးနှင့် စိုက်နည်းစနစ်များ မှန်ကန်စေရေး အတွက် စိုက်ပျိုးရေးဦးစီးဌာနမှ မြေပြင်ကွင်းဆင်း၍ ဆောင်ရွက်ပေးလျက်ရှိသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ပွင့်ဖြူမြို့နယ်မှာ ပဲယဉ်းဧက ၂၃၀ စိုက်ပျိုးဖို့အတွက်လျာထားပါတယ်။ ယခုလတတိယပတ်လောက် စတင်စိုက်ပျိုးသွားမှာပါ။ လျာထားဧကက ပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးသွားပါမယ်။ ပဲယဉ်းစိုက်ပျိုးတာနဲ့ပတ်သက်ပြီး စိုက်ဧကတွေတိုးချဲ့စိုက်ပျိုးနိုင်ရေး၊ အထွက်နှုန်းများတိုးတက်စေရေးအတွက် မျိုးကောင်းမျိုးသန့်တွေ ရွေးချယ်စိုက်ပျိုးနိုင်ရေး၊ စိုက်နည်းစနစ်များ မှန်ကန်စေရေး၊ သွင်းအားစုများ စနစ်တကျ သုံးစွဲတတ်စေရေးနဲ့ ပိုးမွှားရောဂါကင်းရှင်းရေး စတဲ့ စိုက်ပျိုးရေးဆိုင်ရာ အသိပညာပေးတာတွေကို တောင်သူတွေနဲ့ ပူးပေါင်းဆောင်ရွက်သွားမှာဖြစ်ပါတယ်" ဟု ပွင့်ဖြူမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မိုးမိုးဝေကပြောသည်။



ပဲယဉ်းကို အထွက်နှုန်းတိုးတက်အောင်စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှုကို ဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ပဲယဉ်းကို စိုက်ဧကများ ပိုမိုတိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းဆောင်ရွက်သင့်ကြောင်း သိရသည်။

လှိုင်ဝင်းလေး(ပွင့်ဖြူမြေ)

ကျောက်ဆည်မြို့နယ် ပဲခင်းကျေးရွာ၌စိုက်ပျိုးထားသော ငှက်ပျောစိုက်ခင်းများအောင်မြင်ဖြစ်ထွန်း

ကျောက်ဆည် နိုဝင်ဘာ ၅

မန္တလေး တိုင်းဒေသကြီး ကျောက်ဆည်မြို့နယ် ရဲကြီးကျေးရွာ၌ တောင်သူဦးကျော်ဌေး၏ ကွင်းအမှတ် ၂၆၂ တွင် စိုက်ပျိုးထားသည့် ငှက်ပျောစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းလျက်ရှိသည်။

ငှက်ပျော စိုက်ပျိုးခြင်းနှင့် ပတ်သက်၍ တောင်သူဦးကျော်ဌေးက မိသားစုတစ်ပိုင်တစ်နိုင် အဖြစ် စိုက်ပျိုးထားကြောင်း၊ ငှက်ပျောစိုက်ရာတွင် အလုပ်သမားအခက်အခဲမရှိကြောင်း၊ သွင်းအားစုများထည့်သွင်းရကြောင်း၊ ရောင်းချရာတွင်လည်း စိုက်ခင်းအပြတ်ဝယ်ယူပြီး ငှက်ပျောခိုင်များအသီးရင့်ချိန်တွင် လာရောက်ခုတ်ယူကြကြောင်း၊ တောင်သူများအနေဖြင့် ငှက်ပျောတိုးချဲ့စိုက်ပျိုးလာကြောင်းနှင့် အကျိုးအမြတ်များသည့် သီးနှံဖြစ်ကြောင်း သိရသည်။



သက်မောင်(ကျောက်ဆည်)

အယ်လ်နီညိုဖြစ်စဉ်ကြောင့် သောက်သုံးရေရှားပါးမှုမဖြစ်ပေါ်စေရေးနှင့် အပူဒဏ်အန္တရာယ်ကာကွယ်ရေး အသိပညာပေးဟောပြော

ပူတာအို နိုဝင်ဘာ ၅

ကချင်ပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသည် မြို့နယ်ကျေးလက်ဦးစီးဌာနနှင့်ပူးပေါင်း၍ အယ်လ်နီညိုဖြစ်စဉ်ကြောင့် ရာသီဥတုပြောင်းလဲမှုများဖြစ်ပေါ်လာနိုင်သဖြင့် ပြည်သူများ ကြိုတင်ပြင်ဆင်နိုင်ရန်နှင့် ကျယ်ကျယ်ပြန့်ပြန့် သိရှိနိုင်စေရန်ရည်ရွယ်၍ အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိရာ ပူတာအိုမြို့နယ်အတွင်းရှိ ပင်စင်၊ ဆာရ်ခွမ်ဒမ်း၊ ဇာရိတ္တ၊ ဂျူဗလီ၊ ဇီဒမ်း-၁၊ ဇီဒမ်း-၂၊ နမ်ပါနှင့် နောင်ခိုင်ကျေးရွာတို့၌ အသိပညာပေးဟောပြောပွဲများကို နိုဝင်ဘာလ ၄ ရက်က ကျင်းပသည်။

ရှေးဦးစွာ ပူတာအိုခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ခင်မေညွန့်က အယ်လ်နီညိုဖြစ်စဉ်ကြောင့် ရာသီဥတုပြောင်းလဲလာနိုင်သည့်အခြေအနေများအကြောင်း၊ အယ်လ်နီညိုကြောင့် အကျိုးသက်ရောက်နိုင်မှုအခြေအနေများ၊ အယ်လ်နီညိုမကျရောက်မီ ကြိုတင်ပြင်ဆင်ရမည့်အချက်များနှင့်ဖြစ်ပေါ်လာပါက တုံ့ပြန်လုပ်ဆောင်ရမည့် အချက်များအကြောင်းကို ကျယ်ကျယ်ပြန့်ပြန့်သိရှိနိုင်စေရန် အသိပညာပေးရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြို့နယ်ဦးစီးမှူး ဦးဇော်လင်းနှင့် တာဝန်ရှိသူများက သဘာဝဘေးအန္တရာယ်များဖြစ်ပေါ်လာပါက ဌာနဆိုင်ရာ အဖွဲ့အစည်းများထံသို့ အချိန်နှင့်တစ်ပြေးညီ ဆက်သွယ်ဆောင်ရွက်နိုင်ကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသော ရပ်မိရပ်ဖများ၊ ကျေးရွာသူ၊ ကျေးရွာသားများထံသို့ အယ်လ်နီညိုရာသီဥတုနှင့် အပူဒဏ်ကာကွယ်ရေးဆိုင်ရာ အသိပညာပေးလက်ကမ်းစာစောင်များဖြန့်ဝေပေးကြောင်း သိရသည်။

ချစ်ဦးကို



ရောဝတီတိုင်းဒေသကြီး ဝါးခယ်မမြို့နယ် စိုက်ပျိုးထုတ်လုပ်မှုတိုးတက်မြင့်မားရေးကော်မတီဥက္ကဋ္ဌ ဦးသိန်းအောင်နှင့်အဖွဲ့ဝင်များ၊ ဒေသခံတောင်သူများသည် သဲကုန်းကျေးရွာအုပ်စု ကွင်းအမှတ် ၁၀၀၄၊ ဦးပိုင်အမှတ် ၁၈/၂ ရှိ တောင်သူ ဒေါ်ငြိမ်းဌေး၏ လယ်မြေ၌ နိုဝင်ဘာလ ၄ ရက်က ဆင်းသုခပါးမျိုး ရိတ်သိမ်းခြင်းလေ့နေမှုကို စစ်ဆေးကြည့်ရှုကြစဉ်။

ရီရီလွင်(ပြန်/ဆက်)

ဆရာဟူသည်

- ဆရာဟူသည် စိတ်ထားကြည်၏၊ နေခြည်အလား တပည့်များကို၊ အားသစ်မာန်ဝေ ဖူးပွင့်စေ၏။
- ဆရာဆိုတာ မေတ္တာပါ၏၊ ပညာတတ်စေ ပန်းလိုဝေဖို့၊ "စေတနာ"ပါ "အနစ်နာ"နှင့်၊ "ဝါသနာ"ပေး ပန်းလိုမွေး၏။
- "အာစရိယ" ပူဇော်ကြ၏၊ "ဗလငါးတန်" ပြည့်စုံရန်တွက်၊ မှန်ကန်ကြိုးပမ်း "မျိုးဆက်ပန်း"တွေ၊ ပွင့်လန်းဝေဖြာ ပေါ်ထွက်လာဖို့၊ ပညာဖြန့်ဝေ တိုးတက်စေ၏။
- ဆရာဟူသည် အနာဂတ်ပြည်ရွာ၊ သာထက်သာအောင် မေတ္တာတံတား၊ ဖောက်လုပ်ထားကာ လမ်းမှားမရောက်၊ လမ်းမှန်ရောက်အောင် တောက်လျှောက်လမ်းပြ၊ "စာရိတ္တ"မှာ မီးပြတိုက်ပမာ၊ လင်းရောင်ဖြာရေး ပညာပေး၏။
- ဆရာကျေးဇူး မြင့်မိုရ်ဦးကို၊ ဦးခိုက်ပူဇော် ပညာတော်ဖို့၊ တော်တည့်မှန်ကန် ဆုံးမပြန်၏။
- ဤသို့ပညာ၊ ဤဆရာကို ဂါရဝတရား၊ လက်ကိုင်ထား၍ အားလုံးရှိသေ၊ တောင်းဆုချွေမည် သေချာဦးတင်၊ ကမ္ဘည်းတွင်အောင် ရင်မှမွေးဖွား၊ တို့ကျောင်းသားတွေ အားလုံးညီညာ၊ ကန်တော့ပါစို့ "ဆရာသက်ရှည်၊ ကျန်းမာစေ"။ ။

ရဲမွန်ကျော်

MWD Education, Knowledge & Sport Channel

၆-၁၁-၂၀၂၆(သောကြာနေ့)

၁။ ၀၇:၀၀ - ၀၈:၃၅ Grade-10 မြန်မာစာ၊ အင်္ဂလိပ်စာ၊ သခ်ၤာ
၂။ ၁၅:၃၀ - ၁၉:၁၅ Grade-10 ဓာတုဗေဒ၊ ရူပဗေဒ၊ ဇီဝဗေဒ
၃။ ၁၉:၁၅ - ၂၀:၂၅ Grade-10 ပထဝီဝင်၊ သမိုင်း၊ ဘောဂဗေဒ

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်နှင့် ပညာရေးဝန်ကြီးဌာနတို့ပူးပေါင်း၍ လူငယ်စကားဝိုင်းဆွေးနွေးပွဲများကျင်းပ

နေပြည်တော် နိုဝင်ဘာ ၅

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သည် အဂတိလိုက်စားမှုကို လက်သင့်မခံသည့် ဖြောင့်မတ် တည်ကြည်မှုရှိသည့် အသိုက်အဝန်းကို တည်ဆောက်နိုင်ရန်၊ လူငယ်ကဏ္ဍာဖြောင့်မတ်တည်ကြည်မှုမြှင့်တင်ရန်ရည်ရွယ်၍ “လူငယ်နှင့်ဖြောင့်မတ်တည်ကြည်မှု”၊ “အဂတိလိုက်စားမှုတိုက်ဖျက်ရေးနှင့် လူငယ်တို့၏ အခန်းကဏ္ဍ” လူငယ်စကားဝိုင်းဆွေးနွေးပွဲများကို ပညာရေးဝန်ကြီးဌာနနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရှမ်းပြည်နယ်၊ ဟိုပုံးမြို့၊ ထူးမြတ်အိမ်ကိုယ်ပိုင်အထက်တန်းကျောင်းနှင့် မွန်ပြည်နယ်၊ မော်လမြိုင်မြို့၊ သမာဓိကိုယ်ပိုင်အထက်တန်းကျောင်းတို့တွင် ကျောင်းသားလူငယ်များဦးဆောင်သည့် စကားဝိုင်းကို ကျင်းပသည်။

အဆိုပါ စကားဝိုင်းများတွင် ကျင့်ဝတ်နှင့်ညီသည့် ခေါင်းဆောင်ကောင်းတစ်ဦး ဖြစ်လာစေရန် အတွက်ငယ်စဉ်ကတည်းက ဖြောင့်မတ်တည်ကြည်မှုကို အခြေပြုရန် လိုအပ်မှုများနှင့် စပ်လျဉ်း၍ လည်းကောင်း၊ အဂတိလိုက်စားမှု၏အဓိပ္ပာယ်၊ သဘောသဘာဝနှင့် ဆိုးကျိုးသက်ရောက်မှုများ စသည့် အကြောင်းအရာများနှင့် စပ်လျဉ်း၍လည်းကောင်း ကျောင်းသား၊ ကျောင်းသူများက ဆွေးနွေးကြပြီး တက်ရောက်လာသည့် ကျောင်းသား၊ ကျောင်းသူများ၏မေးခွန်းများကို ပြန်လည်ဖြေကြားခဲ့သည်။

အခမ်းအနားသို့ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံး၊ ကော်မရှင်ရုံးခွဲ (တောင်ကြီး)နှင့် ကော်မရှင်ရုံးခွဲ (မော်လမြိုင်)တို့မှ ညွှန်ကြားရေးမှူးများနှင့် တာဝန်ရှိ ပုဂ္ဂိုလ်များ၊ ကျောင်းအုပ်ကြီးများနှင့် ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူ စုစုပေါင်း ၄၀၉ ဦး တက်ရောက်ခဲ့ကြကြောင်း သိရသည်။

မြဝတီ



မိုးစပါးများအချိန်မီရိတ်သိမ်းခြွေလှေ့နိုင်ရန် စက်သုံးဆီအခက်အခဲမရှိစေရေး တွေ့ဆုံရှင်းလင်း

သထုံ နိုဝင်ဘာ ၅

မွန်ပြည်နယ် သထုံမြို့နယ်အတွင်း မိုးစပါးများအချိန်မီရိတ်သိမ်းခြွေလှေ့နိုင်ရန် တောင်သူများ စက်သုံးဆီ အခက်အခဲမရှိစေရေး တွေ့ဆုံရှင်းလင်းပွဲကို နိုဝင်ဘာလ ၅ ရက်တွင် ကျင်းပသည်။

ရှေးဦးစွာ မွန်ပြည်နယ်အစိုးရအဖွဲ့ဝင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးမင်းမြင့်မောင်လေးက ဒေသတွင်းမိုးစပါးများ အချိန်မီရိတ်သိမ်းခြွေလှေ့နိုင်ရေးအတွက် စက်သုံးဆီလိုအပ်ချက်မရှိစေရေးနှင့် တောင်သူများအခက်အခဲရှိ စက်သုံးဆီဝယ်ယူနိုင်ရေး စနစ်တကျစီမံဆောင်ရွက်ပေးလျက်ရှိကြောင်း ပြောကြားသည်။

ယင်းနောက် သထုံမြို့နယ် ခေတ္တအုပ်ချုပ်ရေးမှူးဦးကျော်စိုးက သထုံမြို့နယ်အတွင်း တောင်သူများအား မိုးစပါးများအချိန်မီရိတ်သိမ်း ခြွေလှေ့နိုင်ရေးအတွက် စက်သုံးဆီများ တောင်သူများ လက်ဝယ်သို့ ရောက်ရှိအောင် ဆောင်ရွက်ထားရှိမှုအခြေအနေကို ရှင်းလင်းတင်ပြပြီး တက်ရောက်လာကြသည့်ဒေသခံတောင်သူများက သိရှိလိုသည့်များကို မေးမြန်းရာ တာဝန်ရှိသူတို့က ပြန်လည်ရှင်းလင်း ဖြေကြားပေးကြောင်း သိရသည်။ ခရိုင်(ပြန်/ဆက်)

လူမှုကရုဏာအကူအညီများပေးရာတွင် အသုံးပြုရန် အလှူငွေလှူဒါန်း

ရန်ကုန် နိုဝင်ဘာ ၅

မြန်မာနိုင်ငံကြက်ခြေနီအသင်းမှ ဆောင်ရွက်လျက်ရှိသော လူမှုကရုဏာအကူအညီများပေးရာတွင် အသုံးပြုရန်အတွက် ထိုင်းနိုင်ငံမှ Mr.Chiradej Sangthongsuk က ထိုင်းဘတ်ငွေ (၉၀၀၀)၊ ဦးမောင်မောင်နိုင်က အလှူငွေကျပ် ၄ သိန်းတို့ကို ယနေ့တွင် အသင်းရန်ကုန်ရုံးခွဲတွင် လာရောက်လှူဒါန်းခဲ့ပြီး မြန်မာနိုင်ငံကြက်ခြေနီအသင်း၏ ရာသက်ပန်အသင်းဝင်အဖြစ် ဝင်ရောက်ခဲ့ရာ အသင်းဥက္ကဋ္ဌ ပါမောက္ခဒေါက်တာမျိုးညွန့်က လက်ခံပြီး ကျေးဇူးတင်စကားပြောကြားကာ ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ရာသက်ပန်အသင်းဝင်တံဆိပ်များကို ပေးအပ်ခဲ့သည်။

အဆိုပါလှူဒါန်းပွဲသို့ အသင်းဥက္ကဋ္ဌနှင့်အတူ ဒုတိယဥက္ကဋ္ဌ ဒေါက်တာဒေါ်တင်တင်လေးနှင့် အလုပ်အမှုဆောင်များ၊ ဒုတိယအထွေထွေအတွင်းရေးမှူး၊ ညွှန်ကြားရေးမှူးများနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။



မြဝတီ

၂၀၂၆ ခုနှစ်၊ ဒီဇင်ဘာလူထုအားကစားလှုပ်ရှားမှုအထိမ်းအမှတ် ဝတ္ထုတို၊ ဆောင်းပါး၊ ကဗျာနှင့် ဓာတ်ပုံပြိုင်ပွဲကျင်းပမည်

တစ်မျိုးသားလုံးကျန်းမာကြံ့ခိုင်ရေး၊ အားကစားနည်းအလိုက် မျိုးဆက်သစ်များ စဉ်ဆက်မပြတ်ပေါ်ထွက်ရေး၊ နိုင်ငံတကာပြိုင်ပွဲများတွင် အောင်မြင်မှုရရှိရေး၊ နိုင်ငံတော်၏အနာဂတ်တာဝန်များအား ပခုံးပြောင်းတာဝန်ထမ်းဆောင်ကြမည့် လူငယ်လူရွယ်များ၏ကျန်းမာကြံ့ခိုင်မှု၊ အသိပညာဗဟုသုတပြည့်စုံကြွယ်ဝမှု၊ ဉာဏ်ပညာထက်မြက်မှု၊ မျိုးချစ်စိတ်၊ နိုင်ငံချစ်စိတ်ရှိမှုများနှင့် ဗလငါးတန်ပြည့်စုံစေရေး အပါအဝင် လူငယ်လူရွယ်များအား ဘက်စုံထောင့်စုံမှ အရည်အချင်းမြှင့်တင်ပေးနိုင်ရေး လုပ်ငန်းတာဝန်များအား အားကစားရေးရာဝန်ကြီးဌာနအနေဖြင့် ဆက်စပ်ဝန်ကြီးဌာနများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပြီး အခြေခံအကျဆုံးဖြစ်သည့် ပြည်သူအများပါဝင်သော လူထုစုပေါင်းလမ်းလျှောက်ပွဲများနှင့် စုပေါင်းအားကစားလှုပ်ရှားမှုများကိုလည်း တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် နှစ်စဉ် ဒီဇင်ဘာလတိုင်း ကျင်းပလျက်ရှိပါသည်။ အားကစားရေးရာဝန်ကြီးဌာနမှ ဆောင်ရွက်လျက်ရှိသော လုပ်ငန်းများ ပိုမိုတိုးတက်အောင်မြင်စေရန်ရည်ရွယ်၍ ၂၀၂၆ ခုနှစ်၊ ဒီဇင်ဘာလူထုအားကစားလှုပ်ရှားမှုအထိမ်းအမှတ် (ဝတ္ထုတို၊ ဆောင်းပါး၊ ကဗျာနှင့် ဓာတ်ပုံ) ပြိုင်ပွဲအား ကျင်းပသွားမည်ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ (ဝတ္ထုတို၊ ဆောင်းပါး၊ ကဗျာ)များအတွက် ပြိုင်ပွဲဝင်ရာတွင် ပြိုင်ပွဲဝင်များအနေဖြင့် အားကစားရေးရာဝန်ကြီးဌာနမှ ဆောင်ရွက်လျက်ရှိသည့် အောက်ဖော်ပြပါ ကဏ္ဍတစ်ရပ်စီအတွက် ထပ်မံတိုးမြှင့်/ ပြုပြင်ဆောင်ရွက်သင့်သည့် အကြံပြုချက်များကို ပြည့်စုံစွာ ဖော်ပြရေးသားယှဉ်ပြိုင်ကြရမည်ဖြစ်ပါသည်-

(က) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် လူထုအားကစားလှုပ်ရှားမှုတွင် ပြည်သူလူထုပိုမိုပူးပေါင်းပါဝင်လာစေရေးအတွက် ထပ်မံတိုးမြှင့်/ပြုပြင်ဆောင်ရွက်သင့်သည့်အချက်များ

(ခ) လူထုအားကစားလှုပ်ရှားမှု၏ အရေးပါမှု၊ အားကစားနှင့်ကျန်းမာရေး၊ အားကစားနှင့်လူငယ်ဖွံ့ဖြိုးရေး၊ လူထုအားကစားလှုပ်ရှားမှုများ ပိုမိုတိုးတက်လာစေရေး၊ ရပ်ရွာအခြေပြုအားကစားဖွံ့ဖြိုးရေးနှင့် နိုင်ငံတော်၏အားကစားအဆင့်အတန်းမြှင့်တင်ရေးတို့အတွက် ထပ်မံတိုးမြှင့်/ပြုပြင်ဆောင်ရွက်သင့်သည့်အချက်များ

(ဂ) နိုင်ငံတကာပြိုင်ပွဲများတွင် အောင်မြင်မှုရရှိရေးအတွက် ထပ်မံတိုးမြှင့်/ ပြုပြင်ဆောင်ရွက်သင့်သည့်အချက်များ

ဆောင်းပါးပြိုင်ပွဲအတွက် Microsoft Word ဖြင့် Unicode Pyidaungsu, Font Size(13) အရွယ်အစားဖြင့် A4 စာမျက်နှာ(၉) မျက်နှာထက်မနည်း၊ (၁၀)မျက်နှာထက်မများ၊ ဝတ္ထုတိုပြိုင်ပွဲအတွက် Microsoft Word ဖြင့် Unicode Pyidaungsu, Font Size (13) အရွယ်အစားဖြင့် A4 စာမျက်နှာ(၁၁)မျက်နှာထက်မနည်း၊ (၁၂)မျက်နှာထက်မများ၊ ကဗျာပြိုင်ပွဲအတွက် Microsoft Word ဖြင့် Unicode Pyidaungsu, Font Size (13) အရွယ်အစားဖြင့် A4 စာမျက်နှာ(၅) မျက်နှာထက်မနည်း၊ (၆) မျက်နှာထက်မများ အထက်အပိုဒ်ခွဲ(က၊ ခ၊ ဂ)ပါ အကြောင်းအရာများအပေါ်အခြေခံ၍ မိမိကြိုက်နှစ်သက်ရာခေါင်းစဉ်ဖြင့် ရေးသားယှဉ်ပြိုင်နိုင်သည်။

ပြိုင်ပွဲဝင်ရောင်စုံဓာတ်ပုံများကို ၁၀" x ၁၄" အရွယ်ဖြင့် အကန့်အသတ်မရှိ တင်သွင်းယှဉ်ပြိုင်နိုင်ပြီး ၂၀၂၆ ခုနှစ်၊ ဒီဇင်ဘာလူထုအားကစားစုပေါင်းလှုပ်ရှားမှုပေါ်လွင်စေရမည့်အပြင် ဓာတ်ပုံခေါင်းစဉ်ဖော်ပြရမည်။ ယခင်နှစ်များက ပထမ၊ ဒုတိယ၊ တတိယ၊ နှစ်သိမ့်ဆုနှင့် အထူးဆုရရှိပြီးသော ဓာတ်ပုံများအား ပေးပို့ယှဉ်ပြိုင်ခြင်းကို ခွင့်မပြုကြောင်းနှင့် စိစစ်တွေ့ရှိရပါက ၎င်းပြိုင်ပွဲဝင် ယှဉ်ပြိုင်ထားသည့် အခြားပြိုင်ပွဲဝင်ဓာတ်ပုံများကိုလည်း ပယ်ဖျက်သွားမည်ဖြစ်ပါသည်။

ဓာတ်ပုံပြိုင်ပွဲဝင်သူများအနေဖြင့် ၂၀၂၆ ခုနှစ်၊ ဒီဇင်ဘာလူထုအားကစားလှုပ်ရှားမှုများနှင့် ၂၀၂၇ ခုနှစ်၊ (၇၉)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ပျော်ပွဲရွှင်ပွဲအားကစားပြိုင်ပွဲ မှတ်တမ်းဓာတ်ပုံများကို ထည့်သွင်းယှဉ်ပြိုင်နိုင်ပါသည်။

ပြိုင်ပွဲဝင်များအနေဖြင့် ပြိုင်ပွဲဝင်စာမူနှင့် ဓာတ်ပုံများအား အရေအတွက် အကန့်အသတ်မရှိပေးပို့ယှဉ်ပြိုင်နိုင်သည်။

အထက်ဖော်ပြပါ ပြိုင်ပွဲဝင်ဝတ္ထုတို၊ ဆောင်းပါး၊ ကဗျာစာမူများနှင့် ဓာတ်ပုံများကို ၂၀၂၇ ခုနှစ်၊ ဇန်နဝါရီလ (၁၉) ရက်နေ့ နောက်ဆုံးထား၍ ညွှန်ကြားရေးမှူး၊ လူထုအားကစားနှင့်ပညာပေးဌာနခွဲ၊ အားကစားနှင့်ကာယပညာဦးစီးဌာန၊ နေပြည်တော်အားကစားလေ့ကျင့်ရေးစခန်း (Cluster 5–1) သို့ လိပ်မူ၍ Soft Copy (၁)ချပ်၊ Hard Copy (၁) စုံနှင့်အတူ ပေးပို့ရန်ဖြစ်ပြီး ၎င်းတို့နှင့်အတူ ပြိုင်ပွဲဝင်သူ၏ လိုင်စင်ဓာတ်ပုံ (၂)ပုံ၊ ပေါ်လွင်ထင်ရှားသော နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူမှန်(၁)စောင်၊ ကိုယ်တိုင်ရေးသား/ရိုက်ကူးထားကြောင်း ဝန်ခံချက်တို့ကိုလည်း တစ်ပါတည်း ပူးတွဲပေးပို့ကြရန်ဖြစ်ပါသည်။

ပြိုင်ပွဲတွင် လက်ခံရရှိသော စာမူများနှင့်ဓာတ်ပုံများအနက် ဆုရရှိသည့် ဝတ္ထုတို၊ ဆောင်းပါး၊ ကဗျာနှင့်ဓာတ်ပုံပြိုင်ပွဲများအတွက် ပထမဆု ကျပ်(၁၀)သိန်း၊ ဒုတိယဆု ကျပ်(၈)သိန်း၊ တတိယဆု ကျပ်(၆)သိန်းနှင့် နှစ်သိမ့်ဆု ကျပ်(၅)သိန်း အသီးသီးချီးမြှင့်သွားမည်ဖြစ်သည်။

ပထမ၊ ဒုတိယ၊ တတိယနှင့် နှစ်သိမ့်ဆုရရှိကြသည့် ဆုရစာမူများအား နေ့စဉ်ထုတ်သတင်းစာများ၊ ဌာနမှထုတ်ဝေသည့် လစဉ်ထုတ်သတင်းလွှာနှင့် အားကစားဂျာနယ်များတွင် ဂုဏ်ပြုဖော်ပြသွားမည်ဖြစ်ရာ စာမူပေးပို့ရန် သတ်မှတ်ရက်ထက်နောက်ကျပေးပို့လာသော စာမူများ၊ ဓာတ်ပုံများ၊ သတ်မှတ်ထားသည့် စာရွက်စာတမ်း၊ အထောက်အထားမပြည့်စုံသော စာမူများနှင့်ဓာတ်ပုံများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ကြောင်း၊ အသေးစိတ်သိရှိလိုပါက တယ်လီဖုန်းနံပါတ် ၀၉၂၅၅၉၉၉၊ ၀၉၄၂၀၁၃၄၄၀၊ ၀၉၄၂၈၇၁၀၇၀၀ များသို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦးအား နိုင်ငံတော်ကာကွယ်ရေးတက္ကသိုလ် နိုင်ငံရေးဌာနအကြီးအကဲ Major General Phanseng Bounphan နှင့် တာဝန်ရှိသူများက ဂုဏ်ပြုတပ်ဖွဲ့ဖြင့် ကြိုဆိုနှုတ်ဆက်စဉ်။



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး နိုင်ငံတော်ကာကွယ်ရေးတက္ကသိုလ် နိုင်ငံရေးဌာနအကြီးအကဲ Major General Phanseng Bounphan နှင့် တွေ့ဆုံဆွေးနွေးစဉ်။

➢ ကျောဖုံးမှအဆက်

သိရှိလိုသည်များ မေးမြန်းဆွေးနွေးပြီး မြန်မာ-လာအိုနှစ်နိုင်ငံတပ်မတော်နှစ်ရပ်အကြား ရှိရင်းစွဲ ချစ်ကြည်ရင်းနှီးမှုနှင့် စစ်ဘက်ဆိုင်ရာပူးပေါင်းဆောင်ရွက်မှုများတိုးမြှင့်ရေး၊ စစ်ဘက်ဆိုင်ရာ သင်တန်းကျောင်းများအကြား သင်ကြားရေးပညာရပ်များ၊ အတွေ့အကြုံများနှင့် နည်းပညာများအပြန်အလှန်ဖလှယ်ရေးဆိုင်ရာ ကိစ္စရပ်များ၊ စစ်ဘက်ပညာရေးနှင့် လေ့ကျင့်ရေးဆိုင်ရာ အတွေ့အကြုံများ အပြန်အလှန်ဖလှယ်ရေး၊ အရာရှိများ၏ ခေါင်းဆောင်မှုနှင့် စီမံခန့်ခွဲမှုစွမ်းရည်များမြှင့်တင်ရေး၊ သုတေသနနှင့်ပညာရပ်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးတို့အပြင် နှစ်နိုင်ငံအကြား စစ်ဘက်ပညာရေးကဏ္ဍ ပိုမိုဖွံ့ဖြိုးတိုးတက်စေရေးအတွက် အနာဂတ်တွင် ဆက်လက်ပူးပေါင်းဆောင်ရွက်နိုင်မည့် အလားအလာများအပါအဝင် အခြားကိစ္စရပ်များကို အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြပြီး အထိမ်းအမှတ်တံဆိပ်နှင့် လက်ဆောင်ပစ္စည်းများ အပြန်အလှန်လဲလှယ်ကြကာ အမှတ်တရ စုပေါင်းဓာတ်ပုံရိုက်ကြသည်။



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး ဧည့်သည်တော်မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးစဉ်။



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦးနှင့် ဇနီး ဒေါ်နီလာတို့အား လွန်ပရာဘန်ပြည်နယ် စစ်ဌာနချုပ်မှူး Brigadier General Thongla Xayavongsack နှင့် ဇနီး၊ တာဝန်ရှိသူများက လွန်ပရာဘန် အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်စဉ်။

ယင်းနောက်တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် နိုင်ငံတော်ကာကွယ်ရေးတက္ကသိုလ် ကျောင်းသမိုင်းပြတိုက်ရှိတက္ကသိုလ်၏သမိုင်းကြောင်း၊ တည်ထောင်ခဲ့သည့် နောက်ခံအကြောင်းအရာများနှင့် ဖွံ့ဖြိုးတိုးတက်လာမှု အဆင့်ဆင့်ကို မှတ်တမ်းတင်ပြသထားသည့် ဓာတ်ပုံများ၊ သမိုင်းဝင်မှတ်တမ်းများနှင့်ပြတိုက်အတွင်း ခင်းကျင်းပြသထားသည့် ပစ္စည်းများကိုလည်းကောင်း၊ နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးဆိုင်ရာ စာအုပ်စာတမ်းများစုဆောင်းထိန်းသိမ်းထားရှိမှုနှင့် သင်ကြားသင်ယူရေးလုပ်ငန်းများတွင် အသုံးချဆောင်ရွက်နေမှုများကိုလည်းကောင်း လေ့လာကြည့်ရှုကြရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြပြီး တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က သိရှိလိုသည်များကို ပြန်လည်မေးမြန်းဆွေးနွေးကာ ဧည့်သည်တော်မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးခဲ့သည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦးဆောင်သည့် မြန်မာ့တပ်မတော်ကိုယ်စားလှယ်အဖွဲ့သည် ယနေ့မွန်းလွဲပိုင်းတွင် ဗီယင်ကျန်းမြို့၊ Wattay အပြည်ပြည်ဆိုင်ရာလေဆိပ်မှမြန်မာ့တပ်မတော်အထူးလေယာဉ်ဖြင့် လွန်ပရာဘန်မြို့သို့ ဆက်လက်ထွက်ခွာကြရာ လာအိုနိုင်ငံဆိုင်ရာမြန်မာနိုင်ငံသံအမတ်ကြီး ဦးအောင်ကိုနှင့်ဇနီး၊ လာအိုအမျိုးသားကာကွယ်ရေးဝန်ကြီးဌာန၊ နိုင်ငံခြားဆက်ဆံရေးဌာန အကြီးအကဲနှင့် တာဝန်ရှိသူများက လေဆိပ်၌ပို့ဆောင်နှုတ်ဆက်ကြသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်စီးနင်းလိုက်ပါလာသည့် မြန်မာ့တပ်မတော်အထူးလေယာဉ်သည် လွန်ပရာဘန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ဆိုက်ရောက်ရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဦးဆောင်သည့် မြန်မာ့တပ်မတော်ကိုယ်စားလှယ်အဖွဲ့အား လွန်ပရာဘန်ပြည်နယ် စစ်ဌာနချုပ်မှူး Brigadier General Thongla Xayavongsack နှင့်ဇနီး၊ တာဝန်ရှိသူများက လေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ခဲ့ကြကြောင်း သတင်းရရှိသည်။

(၁၀၀)

နိုင်ငံခြားငွေလဲလှယ်နှုန်း တည်ငြိမ်မှုကိုပျက်ပြားစေရန် ရည်ရွယ်ချက်ရှိရှိဖြင့် ဆောင်ရွက်လျက်ရှိသည့် လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများအား ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်

အသိပေးကြေညာချက်

နေ့စဉ် နိုင်ငံတော်အတွက် လိုအပ်သောကုန်စည်များအတွက် အမေရိကန်ဒေါ်လာ၊ တရုတ်ယွမ်၊ ထိုင်းဘတ်၊ အိန္ဒိယရူပီး(တို့)ကို FX Online Trading Platform တွင် AD လိုင်စင်ရဘဏ်များမှတစ်ဆင့်သွင်းကုန်လုပ်ငန်းရှင်များသို့ ရောင်းချပေးလျက်ရှိပြီး မြန်မာနိုင်ငံတော်ဗဟိုဘဏ် Website နှင့် နေ့စဉ်နိုင်ငံပိုင်သတင်းစာများတွင် ထုတ်ပြန်ကြေညာပေးလျက်ရှိပါသည်။

၂၀၂၆ ခုနှစ်၊ ဧပြီလမှ ယနေ့အထိ FX Online Trading Platform နှင့် AD လိုင်စင်ရဘဏ်များမှတစ်ဆင့် အမေရိကန်ဒေါ်လာ (၂၂၂၁ ဒသမ ၂) သန်း၊ တရုတ်ယွမ် (၁၉၀၇ ဒသမ ၁)သန်း၊ ထိုင်းဘတ် (၆၇၁၂ ဒသမ ၈)သန်း၊ အိန္ဒိယရူပီး(၇၄ ဒသမ ၅)သန်းခန့်တို့အား သွင်းကုန်လုပ်ငန်းရှင်များသို့ ရောင်းချပေးခဲ့ပြီး မြန်မာနိုင်ငံတော်ဗဟိုဘဏ်အနေဖြင့်လည်း စက်သုံးဆီ၊ စားသုံးဆီ၊ ဓာတ်မြေဩဇာနှင့် အခြားကုန်စည်များတင်သွင်းရန်အတွက် အမေရိကန်ဒေါ်လာ (၁၇၀၃)သန်းခန့်အား ရောင်းချပေးခဲ့ပြီးဖြစ်ပါသည်။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်အနေဖြင့်တရားဝင်ငွေလဲလှယ်နှုန်းများကို ဗဟိုဘဏ် Website တွင် နေ့စဉ် ထုတ်ပြန်ကြေညာပေးလျက်ရှိသဖြင့် Money Changer များတွင်လည်းကောင်း၊ ဘဏ်နှင့် Customer များအကြားတွင်လည်းကောင်း ဝယ်ယူရောင်းချခြင်းများအတွက် မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှသတ်မှတ်ထုတ်ပြန်ထားသော နိုင်ငံခြားငွေလဲလှယ်နှုန်းများဖြင့် လိုက်နာဆောင်ရွက်ရန် ညွှန်ကြားထားပြီးဖြစ်ပါသည်။ သို့ပါ၍ မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ထုတ်ပေးထားသည့် တရားဝင်လိုင်စင်မရှိဘဲ နိုင်ငံခြားငွေကြေးများဝယ်ယူခြင်း၊ ရောင်းချခြင်း၊ လဲလှယ်ခြင်းတို့ကို ဆောင်ရွက်ကြောင်း စစ်ဆေးတွေ့ရှိရပါကလည်းကောင်း၊ သတ်မှတ်ဈေးနှုန်းဖြင့် ဝယ်ယူခြင်း၊ ရောင်းချခြင်းမပြုပါက လည်းကောင်း နိုင်ငံခြားငွေလဲလှယ်နှုန်းတည်ငြိမ်မှုကိုပျက်ပြားစေရန် ရည်ရွယ်ချက်ရှိရှိဖြင့် ဆောင်ရွက်လျက်ရှိသည့် လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများအား **ငွေရေးကြေးရေးအဖွဲ့အစည်းများဥပဒေ၊ နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုဥပဒေနှင့် တည်ဆဲဥပဒေများနှင့်အညီ** ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်

နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။

၁ ရှေ့ဖုံးမှအဆက်

အခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ လွတ်တော်အဆောက်အအုံ သဘင်ဆောင်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ ပြည်ထောင်စုလွတ်တော်နာယက ဦးအောင်လင်းဌေး၊ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ ဦးခင်ရီ၊ ပြည်ထောင်စုလွတ်တော် ဒုတိယနာယက Jeng Phang နော်တောင်၊ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်အုန်း၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင်၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုလွတ်တော်နာယက ဦးအောင်လင်းဌေးက ယနေ့ကျင်းပသည့် အစီအစဉ်သည် လွတ်တော်များဖွဲ့ဖြိုးတိုးတက်ရေး ဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရေးအဖွဲ့(JCC)၏ အစီအစဉ်ဖြင့် ပြည်ထောင်စုအစိုးရအဖွဲ့နှင့်ပေါင်းစပ်ညှိနှိုင်းကာ နိုင်ငံတော်၏လျှပ်စစ်နှင့် စွမ်းအင်ကဏ္ဍဆောင်ရွက်ချက်များကို လွတ်တော်ကိုယ်စားလှယ်များ သိရှိနိုင်ရန် စီစဉ်ဆောင်ရွက်ခြင်းဖြစ်ပါကြောင်း၊ သက်ဆိုင်ရာဝန်ကြီးဌာနက လျှပ်စစ်နှင့်စွမ်းအင်ကဏ္ဍ၏ လက်ရှိအခြေအနေ၊ ကြုံတွေ့နေရသည့် အခက်အခဲများနှင့် ရှေ့ဆက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို တိုက်ရိုက်ရှင်းလင်းတင်ပြပြီး အပြန်အလှန် မေးမြန်းဆွေးနွေးသွားမည်ဖြစ်သည့်အတွက် အကျိုးရှိသော အစီအစဉ်တစ်ရပ်ဖြစ်ပါကြောင်း။

လျှပ်စစ်နှင့်စွမ်းအင်ကဏ္ဍသည် နိုင်ငံတော်၏ စီးပွားရေး၊ လူမှုရေး ဖွံ့ဖြိုးတိုးတက်မှု၊ ပြည်သူများ၏ နေ့စဉ်လူနေမှုဘဝနှင့် စိုက်ပျိုးရေး၊ စက်မှု၊ ဝန်ဆောင်မှုလုပ်ငန်းများအတွက် မရှိမဖြစ် အဓိကမောင်းနှင်အားဖြစ်ပါကြောင်း၊ ထို့ကြောင့် လျှပ်စစ်ဓာတ်အား လုံလောက်စွာနှင့် ယုံကြည်စိတ်ချစွာရရှိရေးသည် ပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် တိုက်ရိုက်ဆက်စပ်လျက်ရှိပါကြောင်း။

ထို့ပြင် ရေနုံနှင့် သဘာဝဓာတ်ငွေ့သည် ယနေ့ခေတ် ကမ္ဘာ့ရေးရာများတွင် အရေးပါသကဲ့သို့ ဖွံ့ဖြိုးဆဲနိုင်ငံများ၏ စီးပွားရေးဦးမော့လာစေရန် အတွက်လည်း မရှိမဖြစ်သွင်းအားစုတစ်ခုဖြစ်ပါကြောင်း၊ သို့ဖြစ်ရာ မိမိတို့နိုင်ငံ၏ လျှပ်စစ်ဓာတ်အား လိုအပ်ချက်ကို ထိရောက်စွာဖြည့်ဆည်းပေးနိုင်ရေး ဝန်ကြီးဌာန၏ ဆောင်ရွက်ချက်များကို လိုအပ်ပါက လွတ်တော်လုပ်ငန်းစဉ်များနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်သွားကြရန်ဖိတ်ခေါ်လိုပါကြောင်း။

လွတ်တော်ကိုယ်စားလှယ်များ အနေဖြင့် ဥပဒေပြုရေး၊ စောင့်ကြည့်ထိန်းကျောင်းရေးနှင့် ပြည်သူ့ကိုယ်စားပြုရေးတာဝန်များကို ထမ်းဆောင်ရာတွင် ဓာတ်အားထုတ်လုပ်ဖြန့်ဖြူးမှုအချက်အလက်မှန်များကို မိမိတို့ဒေသလိုအပ်ချက်နှင့် ဆက်စပ်သုံးသပ်မှသာ လက်တွေ့ကျသော အကြံပြုချက်များကိုပေးနိုင်မည်ဖြစ်ပါကြောင်း၊ ဝန်ကြီးဌာနအနေဖြင့်လည်းလုပ်ငန်းဆောင်ရွက်မှုများအပြင် အခက်အခဲနှင့်ကန့်သတ်ချက်များကိုပါ ပွင့်လင်းစွာထည့်သွင်းရှင်းလင်းပေးရန် တိုက်တွန်းလိုပါကြောင်း။

ယနေ့အစီအစဉ်အရ ရှင်းလင်းတင်ပြမှုအပြီးတွင် မေးမြန်းဆွေးနွေးသည့် အစီအစဉ်ပါရှိသဖြင့် ကိုယ်စားလှယ်များအနေဖြင့် မိမိတို့သိရှိလိုသည်များကို တိတိကျကျမေးမြန်းဆွေးနွေးကြရန်နှင့် ဒေသတွင်းလက်တွေ့ လိုအပ်ချက်များကို အကျိုးရှိရှိ တင်ပြပေးကြစေလိုပါကြောင်း။

ယခုကဲ့သို့ အသိပညာဖလှယ်ပွဲ (Knowledge Sharing) အစီအစဉ်များမှတစ်ဆင့် ရရှိသည့်ဗဟုသုတများကို မိမိတို့၏လွတ်တော်လုပ်ငန်းများနှင့် ပြည်သူ့အကျိုးပြုလုပ်ငန်းများတွင် အကျိုးရှိစွာ ပြန်လည်အသုံးချကာ ကိုယ်စားလှယ်တစ်ဦးချင်းစီ၏ စွမ်းဆောင်ရည်ကို မြှင့်တင်သွားကြရန်တိုက်တွန်းလိုပါကြောင်း ပြောကြားသည်။

ထို့နောက် လျှပ်စစ်နှင့်စွမ်းအင် ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးကိုကိုလွင်က လျှပ်စစ်ကဏ္ဍနှင့် ဆက်စပ်လျက်ရှိသည့် စွမ်းအင်ကဏ္ဍအခြေအနေ၊ လျှပ်စစ်စီမံကိန်းများစတင်ရန် ကြိုးပမ်းဆောင်ရွက်နေမှု၊ နိုင်ငံတော်၏လျှပ်စစ်ဓာတ်အားကဏ္ဍ အခြေအနေနှင့် ရင်ဆိုင်နေရသည့် စိန်ခေါ်မှုများ၊ ပြည်သူများ လျှပ်စစ်ဓာတ် အားတိုးမြှင့်သုံးစွဲနိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်နေမှု၊ Myanmar National Grid Code နှင့် Distribution Code များထွက်ပေါ်လာရေးဆောင်ရွက်နေမှု၊ လျှပ်စစ်ဓာတ်အားတိုးမြှင့်ထုတ်လုပ်နိုင်ရန်အတွက် အရေးပါသည့်စွမ်းအင်ကုန်သွယ်ရေးအခြေအနေနှင့် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်နေမှုများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် တက်ရောက်လာသည့် လွတ်တော်ကိုယ်စားလှယ်များ၏ ဆွေးနွေးမေးမြန်းမှုများ၊ အကြံပြုချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက ပြန်လည်ရှင်းလင်းဆွေးနွေးပေးခဲ့ကြောင်း သိရသည်။

မြဝတီ

အပြည်ပြည်ဆိုင်ရာရွှေ့ပြောင်းသွားလာရေးအဖွဲ့ (International Organization for Migration-IOM)ရုံး၏ Chief of Mission Mr.Daihei Mochizuki အား ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့် လက်ခံတွေ့ဆုံ

နေပြည်တော် နိုဝင်ဘာ ၅

အလုပ်သမား ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့်သည် အပြည်ပြည်ဆိုင်ရာရွှေ့ပြောင်းသွားလာရေးအဖွဲ့ (International Organization for Migration-IOM) ရုံး၏ Chief of Mission Mr.Daihei Mochizuki နှင့်အဖွဲ့အား ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ ပြည်ထောင်စုဝန်ကြီး ဧည့်တွေ့ခန်းမ၌ လက်ခံတွေ့ဆုံသည်။



တွေ့ဆုံစဉ် မြန်မာနိုင်ငံအနေဖြင့် အခြားနိုင်ငံအစိုးရများနည်းတူ ရွှေ့ပြောင်းအလုပ်သမားကိစ္စရပ်များတွင် IOM နှင့်ပူးပေါင်းဆောင်ရွက်နေမှု၊ IOM နှင့် ဝန်ကြီးဌာနအကြား အလုပ်သမားရေးရာပူးပေါင်းဆောင်ရွက်မှု၊ ကုန်သွယ်ရေးနှင့် စီးပွားရေးဆိုင်ရာ မျှော်မှန်းချက်များထားရှိ၍ ဆောင်ရွက်နေမှု၊ ထိုင်းနိုင်ငံနှင့် မလေးရှားနိုင်ငံတို့တွင် သွားရောက်အလုပ်လုပ်ကိုင်လျက်ရှိသည့်မြန်မာအလုပ်သမားများ၏ ရပိုင်ခွင့်အခွင့်အရေးများ ကာကွယ်စောင့်ရှောက်ရေး ကြိုးပမ်းဆောင်ရွက်နေမှု၊ မြန်မာအစိုးရအနေဖြင့် ထိုင်းနိုင်ငံတွင် တရားမဝင်ရောက်ရှိနေသည့် မြန်မာနိုင်ငံသားများကို မည်သူမည်ဝါဖြစ်ကြောင်း သက်သေခံလက်မှတ် (Certificate of Idenity-CI) ထုတ်ပေး၍ သတ်မှတ်ကာလအတွင်း လုပ်ငန်းများ အချိန်မီပြီးစီးနိုင်ရေး ဆောင်ရွက်နေမှု၊ ဝန်ကြီးဌာနအနေဖြင့် စက်ရုံ၊ အလုပ်ရုံများ၏ လုပ်ငန်းခွင်တည်ငြိမ်အေးချမ်းရေးနှင့် အလုပ်သမားများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးကို အလေးထား၍ ဦးစားပေးဆောင်ရွက်နေမှု၊ ပြည်ပရောက် မြန်မာရွှေ့ပြောင်းအလုပ်သမားများကို ဘေးကင်းလုံခြုံပြီး ပုံမှန်စနစ်တကျရှိသော ရွှေ့ပြောင်းသွားလာမှုဖြစ်စေရေး၊ အခွင့်အရေးများကာကွယ်စောင့်ရှောက်ရေး၊ နေရပ်ပြန် မြန်မာလုပ်သားများအတွက် အသက်မွေးဝမ်းကျောင်းဆိုင်ရာ သင်တန်းများပေးအပ်ခြင်းနှင့် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်ရေး၊ တရားမဝင် ရွှေ့ပြောင်းသွားလာမှုကို ကာကွယ်တားဆီးနိုင်ရေးဆိုင်ရာကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့အလုပ်သမားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးအောင်၊ ညွှန်ကြားရေးမှူးချုပ်များ၊ IOM မြန်မာရုံးမှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြောင်း သိရသည်။

မြဝတီ

ကော့သောင်းမြို့နယ် အခြေခံပညာအလယ်တန်းကျောင်း(ခွဲ) ၃ မိုင် ကျောင်းဆောင်သစ်ဖွင့်လှစ်

ကော့သောင်း နိုဝင်ဘာ ၅

တနင်္သာရီ တိုင်းဒေသကြီး ကော့သောင်းမြို့နယ် အခြေခံပညာ အလယ်တန်းကျောင်း(ခွဲ) ၃ မိုင် ကျောင်းဆောင်သစ်ဖွင့်ပွဲကို ယနေ့ နံနက်ပိုင်းတွင် အဆိုပါကျောင်း ဆောင်သစ်ရှေ့မျက်နှာစာ၌ ကျင်းပရာ တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဇော်နိုင်ဦး၊ တိုင်းဒေသကြီးဝန်ကြီးများ၊ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများနှင့် တာဝန်ရှိသူများတက်ရောက်ကြသည်။

အခမ်းအနားတွင် အခြေခံပညာ အလယ်တန်းကျောင်း(ခွဲ) ၃ မိုင်မှ ကျောင်းသူများက ထာဝရသစ္စာသီချင်းဖွင့် ဖျော်ဖြေကြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့် တာဝန်ရှိသူများက နှစ်ထပ်ကျောင်းဆောင်သစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ရွှေမွန်မုန့်တိုက် မိသားစုက ကျောင်းဆောင်သစ်နှင့် သက်ဆိုင်သည့် အချက်အလက်များကို မြို့နယ်ပညာရေးမှူးထံ လွှဲပြောင်းပေးအပ်ပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က ဘင်ခရာအဖွဲ့၊ ပန်းဖွားအဖွဲ့နှင့် အကအဖွဲ့တို့ကို ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်ကာ ကျောင်းဆောင်သစ်အား လှည့်လည်ကြည့်ရှုသည်။

ယင်းနောက် ကော့သောင်းမြို့အေးရိပ်ငြိမ်ရပ်ကွက် ဘိုးဘွားရိပ်သာမှ ဘိုးဘွားများအား သွားရောက်ဂါရဝပြုပြီး အလှူငွေနှင့် တစ်ကိုယ်ရေသုံးပစ္စည်းများပေးအပ်ပြီး တာဝန်ရှိသူများ၏တင်ပြမှုအပေါ် သက်ဆိုင်ရာဌာနများဖြင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **ခရိုင် (ပြန်/ဆက်)**

ရှမ်းပြည်နယ်အတွင်း နှစ်စဉ် စပါးဧက ၁၂ သိန်းကျော် စိုက်ပျိုးထုတ်လုပ်လျက်ရှိပြီး လယ်စပါးခြောက်သိန်းကျော်၊ ယာစပါးလေးသိန်းကျော်နှင့် တောင်ယာစပါးနှစ်သိန်းခန့်စိုက်ပျိုးလျက်ရှိ

ညောင်ရွှေ နိုဝင်ဘာ ၅

ရှမ်းပြည်နယ်အတွင်း နှစ်စဉ်စပါးဧက ၁၂ သိန်းကျော်စိုက်ပျိုးထုတ်လုပ်လျက်ရှိပြီး လယ်စပါးခြောက်သိန်းကျော်၊ ယာစပါးလေးသိန်းကျော်နှင့် တောင်ယာစပါးနှစ်သိန်းခန့် စိုက်ပျိုးလျက်ရှိကြောင်း၊ ၂၀၂၆- ၂၀၂၇ ခုနှစ်တွင် မိုးစပါးဧက ၁၂၄၀၀၀၀ ကျော် စိုက်ပျိုးနိုင်ခဲ့ပြီး ဧက ၃၇၀၀၀၀ ကျော် ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ရှမ်းပြည်နယ်ဝန်ကြီးချုပ်ဦးစိုင်းထိန်စိုးက ယနေ့နံနက်ပိုင်းတွင် ကလောခရိုင် ညောင်ရွှေမြို့နယ်တိလောကျေးရွာ၌ ကျင်းပသည့် မိုးစပါးစံကွက်ရိတ်သိမ်းပွဲတွင် ပြောကြားသည်။

ထို့ပြင် မိုးစပါးစံကွက်ရိတ်သိမ်းခြင်းဖြင့် တိကျသည့်အထွက်နှုန်းခန့်မှန်းနိုင်ခြင်း၊ ရိတ်သိမ်းချိန်ကို အတိအကျ သတ်မှတ်နိုင်ခြင်း၊ စိုက်ပျိုးရေးအတွက် အချက်အလက်များရရှိနိုင်ပြီး စရိတ်သက်သာခြင်း၊ အချိန်ကုန်သက်သာခြင်း၊ မှန်ကန်သည့်ဆုံးဖြတ်ချက်များ ချမှတ်နိုင်ခြင်း စသည့်အကျိုးကျေးဇူးများကို ရရှိနိုင်မည်ဖြစ်ကြောင်း၊ လက်ရှိအချိန်တွင် အခါမဟုတ် မိုးရွာသွန်းမှုများဖြစ်ပေါ်လျက်ရှိသည့်အတွက် ရိတ်သိမ်းပြီးစပါးများ အမိုးအကာအောက်ရောက်ရှိရေးဆောင်ရွက်ရန် လိုအပ်ကြောင်း၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့အနေဖြင့် ပြည်နယ်အတွင်းရှိ တောင်သူများကို လိုအပ်သောမျိုးစေ့နှင့် သွင်းအားစုများကို ရန်ပုံငွေရရှိမှုပေါ်မူတည်ပြီး ကူညီပံ့ပိုးပေးသွားမည်ဖြစ်ကြောင်းလည်း ပြည်နယ်ဝန်ကြီးချုပ်က ထည့်သွင်းပြောကြားသည်။



ထို့နောက်ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာနပြည်နယ်ဦးစီးမှူးနှင့်တာဝန်ရှိသူများက မိုးစပါးစံကွက်ရိတ်သိမ်းခြင်းနှင့် သီးနှံစိုက်ပျိုးမှုအခြေအနေများကိုရှင်းလင်းတင်ပြပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် စံကွက်ရိတ်သိမ်းခြင်း ကွင်းသရုပ်ပြသပွဲကို ကြည့်ရှုအားပေးကြောင်း သိရသည်။ **မောင်မောင်သန်း(တောင်ကြီး)**

မြစ်ကြီးနားမြို့နှင့် ကော့မှူးမြို့တို့ရှိ သံဃာတော်များနှင့် ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်



မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်မှ နယ်လှည့်ဆေးကုသရေးအဖွဲ့က သံဃာတော်များအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုကို တာဝန်ရှိသူများက ကြည့်ရှုအားပေးစဉ်။



ရန်ကုန်တိုင်းစစ်ဌာနချုပ်မှ နယ်လှည့်ဆေးကုသရေးအဖွဲ့က သံဃာတော်များအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

နေပြည်တော် နိုဝင်ဘာ ၅

တပ်မတော်အနေဖြင့် တိုင်းရင်းသားပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများတွင် နိုင်ငံတော်အစိုးရနှင့်အတူ တစ်ဖက်တစ်လမ်းမှ ကူညီစောင့်ရှောက်မှုများ ဆောင်ရွက် ပေးလျက် ရှိရာ တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ တပ်မတော်နယ်လှည့်ဆေးကုသရေးအဖွဲ့များက ဒေသအသီးသီးရှိ ဒေသခံတိုင်းရင်းသားပြည်သူများကို ၎င်းတို့၏ မြို့နယ်၊ ကျေးရွာများအရောက်သွားရောက်၍ လူမျိုး၊ ဘာသာမရွေး ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်၊ နယ်လှည့်ဆေးကုသရေးအဖွဲ့က ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့ရှိမဟာဗောဓိကျောင်းတိုက်၌အခြေပြု၍ သံဃာတော် ၃၀ ပါးတို့ကို ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ အရိုးအကြောရောဂါ၊ အာရုံကြောအားနည်းရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများဆောင်ရွက်ပေးခြင်း၊ ECG စက်ဖြင့် နှလုံးစမ်းသပ်စစ်ဆေးပေးခြင်း၊ ဓာတ်မှန်ရိုက်ကူး၍ရောဂါရှာဖွေပေးခြင်းများ ဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက်ကုသရန်လိုအပ်သော သံဃာတော်များအား နယ်မြေခံတပ်မတော်ဆေးရုံသို့တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို မြစ်ကြီးနားတပ်နယ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး အဆိုပါကျောင်းတိုက်ရှိ သံဃာတော်များအား လျှဖွယ်ပစ္စည်းများနှင့် နေ့ဆွမ်းများ ဆက်ကပ်လှူဒါန်းကြသည်။

အလားတူ ရန်ကုန်တိုင်းစစ်ဌာနချုပ်၊နယ်လှည့်ဆေးကုသရေးအဖွဲ့က ရန်ကုန်တိုင်းဒေသကြီး၊ ကော့မှူးမြို့နယ်၊ တောင်ချောင်ကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများရှိ ဒေသခံပြည်သူ ၁၁၉ ဦးတို့အား အဆိုပါကျေးရွာရှိ မဟာသိမ်ကြီးကျောင်းတိုက်၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့များက ဒေသခံပြည်သူများအား အရိုးအကြောရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ ကလေးရောဂါ၊ မျက်စိရောဂါ၊ နား၊ နာခေါင်း၊ လည်ချောင်းရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ လိုအပ်သည့်ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်သည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို ဒလတပ်နယ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)

ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလိမ်လည်မှုနှင့် လောင်းကစားမှုများကျူးလွန်ရာတွင်အသုံးပြုခဲ့သည့် အဆောက်အအုံ ၉ လုံး ဖြိုချဖျက်ဆီးပြီးစီး၊ ကျန်အဆောက်အအုံများအား စနစ်တကျဖြိုချဖျက်ဆီးခြင်းများ ဆက်လက်ဆောင်ရွက်

ကရင်ပြည်နယ်၊ မြဝတီခရိုင်၊ ရွှေကုက္ကိုလ်ဒေသ တရားမဝင်အွန်လိုင်းလောင်းကစားလုပ်ငန်း (ကျားဖြန့်)လုပ်ကိုင်ခဲ့သည့် ဖြိုချ/ဖောက်ခွဲဖျက်ဆီးမည့် အဆောက်အအုံများမှ (၅-၁၁-၂၀၂၆) ရက် ယန္တရားဖြင့် ဖြိုချလျက်ရှိသည့် (၆) ထပ်အဆောက်အအုံ (၂)လုံး





နေပြည်တော် နိုဝင်ဘာ ၅

မြန်မာနိုင်ငံတော်အစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်မှုများနှင့် အွန်လိုင်းလောင်းကစားမှုများအများဆုံးအခြေချလုပ်ကိုင်ခဲ့သည့် ရွှေကုက္ကိုလ်နယ်မြေအတွင်းရှိ အဆောက်အအုံများ၌ အွန်လိုင်းလိမ်လည်လောင်းကစားမှုများထပ်မံလုပ်ကိုင်နိုင်ခြင်းမရှိစေရန် အဆိုပါအဆောက်အအုံများအား အပြီးတိုင်ဖြိုချဖျက်ဆီးခြင်းများကို ပူးပေါင်းအဖွဲ့များဖြင့် စနစ်တကျဆောင်ရွက်လျက်ရှိရာ ယနေ့အထိ ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ တရားမဝင်အဆောက်အအုံ ၉ လုံးကို စနစ်တကျဖြိုချဖျက်ဆီးခဲ့ပြီးဖြစ်ကြောင်း သိရှိရသည်။

ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိယာဉ်ယန္တရားများဖြင့်ဖြိုချဖျက်ဆီးလျက်ရှိသည့် တရားမဝင် ၆ ထပ်အဆောက်အအုံ ၁ လုံးအား ယာဉ်ယန္တရားများဖြင့်ဖြိုချဖျက်ဆီးခဲ့သည့်အတွက် ယနေ့အထိ တရားမဝင်အဆောက်အအုံ ၉ လုံး ဖြိုချဖျက်ဆီးပြီးဖြစ်ကြောင်းနှင့် ထပ်မံ၍ ၆ ထပ်အဆောက်အအုံ ၁ လုံးအား ယာဉ်ယန္တရားများဖြင့်ဖြိုချဖျက်ဆီးမှုမှာလည်း ယနေ့အထိ ၇၀ ရာခိုင်နှုန်းဖြိုချပြီးစီးခဲ့သည်ကို တွေ့ရှိရသည်။







ရွှေကုက္ကိုလ်နယ်မြေ၊ ဒုတိယပိုင်းအတွင်း၌ အွန်လိုင်းလိမ်လည်လောင်းကစားလုပ်ငန်းများကျူးလွန်ရာတွင် အသုံးပြုခဲ့သည့်ဖြိုချဖျက်ဆီးရန်ကျန် အဆောက်အအုံ ၆၃ လုံးအား ယာဉ်ယန္တရားများဖြင့် ဖြိုချဖျက်ဆီးမည့် အဆောက်အအုံ၊ ဖောက်ခွဲ၍ ဖြိုချဖျက်ဆီးမည့် အဆောက်အအုံနှင့် လူနေအိမ်များနှင့်မလွတ်ကင်း၍ လူအင်အားအသုံးပြုကာတစ်လွှာချင်း ဖြိုချဖျက်ဆီးမည့် အဆောက်အအုံဟူ၍ အမျိုးအစားအလိုက်ခွဲခြားသတ်မှတ်ပြီး စနစ်တကျ ဆက်လက်ဖြိုချဖျက်ဆီးလျက်ရှိရာ ဖောက်ခွဲ၍ဖြိုချမည့် အဆောက်အအုံ ၄ လုံးနှင့် ယာဉ်ယန္တရားများဖြင့် ဖြိုချဖျက်ဆီးမည့် အဆောက်အအုံ ၅ လုံး၊ စုစုပေါင်း အဆောက်အအုံ ၉ လုံး တို့ကို စနစ်တကျ ဖြိုချဖျက်ဆီးခဲ့ပြီးဖြစ်ပြီး ကျန်ရှိသည့် တရားမဝင်အဆောက်အအုံ ၅၄ လုံးကိုလည်း စနစ်တကျဆက်လက်ဖြိုချဖျက်ဆီးသွားမည်ဖြစ်ကြောင်း သိရှိရသည်။

နိုင်ငံတော်အစိုးရ အနေဖြင့် အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်မှုများကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ခံယူကာ မြန်မာနိုင်ငံအတွင်း လုံးဝအခြေမပြုနိုင်ရေးအတွက်ပြည်တွင်းအင်အားစုများအပြင် အိမ်နီးချင်းနိုင်ငံအစိုးရများနှင့်လည်း ပေါင်းစပ်ညှိနှိုင်း၍ ဆက်လက် ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ (၁၀၀)

နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

နေပြည်တော် နိုဝင်ဘာ ၅

ချင်းပြည်နယ်တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။ တနင်္သာရီတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်(တောင်ပိုင်း)တို့တွင် နေရာအနှံ့အပြား၊ နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ်တို့တွင် နေရာကွက်ကျားမိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

(မိုး/၈လ)



အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ (၃၈)နှစ်မြောက် နှစ်ပတ်လည်နေ့ အထိမ်းအမှတ်အခမ်းအနားကျင်းပ

နေပြည်တော် နိုဝင်ဘာ ၅

နိုဝင်ဘာလ ၇ ရက်တွင် ကျရောက်မည့် (၃၈)နှစ်မြောက် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ နှစ်ပတ်လည်နေ့ အထိမ်းအမှတ် အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ကောင်စီရုံး ဧမ္မူသီရိခန်းမ၌ကျင်းပရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးကံမြင့်သန်း၊ နေပြည်တော်ကောင်စီဝင်များ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ၊ အငြိမ်းစားဝန်ထမ်းများ၊ ဌာနဆိုင်ရာများ၊ နေပြည်တော် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများ တက်ရောက်ကြသည်။

အခမ်းအနားတွင် နေပြည်တော်ကောင်စီဥက္ကဋ္ဌက အမှာစကား ပြောကြားပြီး နေပြည်တော်အတွင်းရှိ ခရိုင်၊ မြို့နယ်များအနက် အုပ်ချုပ်ရေး၊ စီးပွားရေး၊ လူမှုရေးနှင့် ရုံးသန့်ရှင်းသာယာလှပရေးတို့တွင် ထူးချွန်စွာဆောင်ရွက်နိုင်သည့် စံပြမြို့နယ်ဆုနှင့် ဝန်ထမ်းများအတွက် ချီးမြှင့်ငွေများပေးအပ်သည်။

ထို့နောက် နေပြည်တော် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူးက အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ လုပ်ငန်းဆောင်ရွက်မှုများကို ရှင်းလင်းပြောကြားပြီး သင်တန်းများတွင် ထူးချွန်ဆုရရှိသူများအား ဂုဏ်ပြုဆု၊ ဝန်ထမ်းများအတွက် ဝတ်စုံများနှင့် ဂုဏ်ပြုဆုငွေများကို ပေးအပ်ကာ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏သမိုင်းကြောင်း မှတ်တမ်းဗီဒီယိုကို ပြသခဲ့ကြောင်း သတင်းရရှိသည်။

အောင်မျိုးဝင်း(ဥတ္တရ)

၅-၁၁-၂၀၂၆ ရက်နေ့ ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး
(Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့် အထက်ရှိ စံချိန်မီ ရွှေ ၁ ကျပ်သား(၁၆.၃၂၉၃၂၅ ဂရမ်) ၏ **ဈေးနှုန်းမှာ (၇,၁၀၀,၀၀၀)ကျပ်** ဖြစ်သည်။ **ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**

နေပြည်တော်အချုပ်ထောင်၊ သက်ကြီးရွယ်အိုများနေ့ပိုင်းစောင့်ရှောက်ရေးဂေဟာနှင့် နေပြည်တော်ကလေးပြုစုရေးဌာနတို့ကို ကော်မရှင်အဖွဲ့ဝင်များ ကြည့်ရှုစစ်ဆေး

နေပြည်တော် နိုဝင်ဘာ ၅

မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်သည် ကော်မရှင် ဥပဒေ ၄၃၊ ၄၄ ပြဋ္ဌာန်းချက်များနှင့်အညီ အကျဉ်းထောင်၊ အကျဉ်းစခန်း၊ အချုပ်ခန်း၊ ထိန်းသိမ်းစောင့်ရှောက်ရေးစခန်းများကို ကြည့်ရှုစစ်ဆေးလျက်ရှိရာ ယမန်နေ့က လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာန ကြီးကြပ်မှုအောက်ရှိပြည်ထောင်စုနယ်မြေနေပြည်တော် ဧမ္မူသီရိမြို့နယ်ရှိ သက်ကြီးရွယ်အိုများနေ့ပိုင်းစောင့်ရှောက်ရေးဂေဟာနှင့် နေပြည်တော်ကလေးပြုစုရေးဌာနသို့လည်းကောင်း၊ ယနေ့တွင် နေပြည်တော် အချုပ်ထောင်သို့လည်းကောင်း ကော်မရှင်အဖွဲ့ဝင် ဦးသန်းဝင်းနှင့် ဦးထွန်းထွန်းဝင်းတို့ ဦးဆောင်သည့်အဖွဲ့က သွားရောက် ကြည့်ရှုစစ်ဆေးသည်။

ကော်မရှင်အဖွဲ့ဝင်များသည် သက်ကြီးရွယ်အိုများ နေ့ပိုင်းစောင့်ရှောက်ရေးဂေဟာအား ကြည့်ရှုစစ်ဆေးစဉ် ဂေဟာ၌လက်ခံစောင့်ရှောက်ပေးလျက်ရှိသော ဘိုးဘွားများ၏အခြေခံကျန်းမာရေး စောင့်ရှောက်ပေးနေမှုနှင့် လူမှုရေးဝန်ဆောင်မှုအခြေအနေ၊ အစားအစာနှင့် အာဟာရဖြည့်ဆည်းကျွေးမွေးမှု၊ သန့်ရှင်းသောသောက်ရေနှင့် သုံးရေရရှိမှု၊ လွတ်လပ်စွာ ယုံကြည်ကိုးကွယ်မှု၊ ဘိုးဘွားများက အသိပညာများ ပြန်လည်ဝေမျှပေးနိုင်မှုနှင့် ဝါသနာပါရာလုပ်ငန်းများ ဆောင်ရွက်ပေးနိုင်မှု၊ အနားယူအပန်းဖြေရန် စီစဉ်ဆောင်ရွက်ပေးထားမှု၊ အိပ်ဆောင်များ၊ သန့်စင်ခန်းများ၊ စားဖိုဆောင်များအား ကျန်းမာရေးနှင့် ညီညွတ်အောင်ဆောင်ရွက်ထားရှိမှု၊ ဂေဟာသို့ လာရောက်ရာတွင် အဆင်ပြေမှုရှိ၊ မရှိ အခြေအနေ၊ ပင်စင်စားအဘိုး၊ အဘွားများ ပင်စင်ထုတ်ယူမှုအခြေအနေနှင့် သက်ကြီးရွယ်အိုများဆိုင်ရာ ဥပဒေပါအခွင့်အရေးများ ရရှိခြင်း ရှိ၊ မရှိတို့ကို မေးမြန်းကြည့်ရှုစစ်ဆေးပြီး ဂေဟာ၌လက်ခံစောင့်ရှောက်ထားသော အဘိုး၊ အဘွား စုစုပေါင်း ၄၉ဦးကိုနွေးထွေးပျူငှာစွာ အားပေးစကားများ ပြောကြားခဲ့သည်။

ထို့နောက် နေပြည်တော် ကလေးပြုစုရေးဌာနတွင် စောင့်ရှောက်ထားသော ကလေးသူငယ် ၃၈ ဦး၏ ကျန်းမာရေးစောင့်ရှောက်မှု၊ ပုံမှန်ကျန်းမာရေးစစ်ဆေးပေးမှုနှင့် အသက်အရွယ်အလိုက် ထိုးနှံရမည့်ကာကွယ်ဆေးများ၊ အာဟာရကျွေးမွေးမှု၊ ကလေးသူငယ်များအား ရုပ်ပိုင်းဆိုင်ရာနှင့် စိတ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်အောင် ပြုစုပျိုးထောင်ပေးမှု၊ မူကြိုပညာရေးနှင့် အခြေခံပညာရေးအတွက် ဆောင်ရွက်ပေးနေမှုစသည့်ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ဥပဒေပါ အခွင့်အရေးများရရှိခြင်းရှိ၊ မရှိတို့ကို ကြည့်ရှုစစ်ဆေးခဲ့သည်။

ယင်းအဖွဲ့သည် နေပြည်တော် အချုပ်ထောင်အား ကြည့်ရှုစစ်ဆေးစဉ် အကျဉ်းသားများကို အိပ်ဆောင်များတွင် တွေ့ဆုံကာ အကျဉ်းသား၊ အချုပ်သားတစ်ဦး၏ အနိမ့်ဆုံးရရှိရမည့် အခွင့်အရေးများဖြစ်သော နေထိုင်စားသောက်မှု၊ ကျန်းမာရေးစောင့်ရှောက်ပေးနေမှု၊ ရောဂါအခြေအနေအပေါ် မူတည်၍ ပြင်ပဆေးရုံများသို့ တင်ပို့ကုသပေးမှု၊ သန့်ရှင်းသောသောက်ရေပေးဝေမှုနှင့် ချိုးရေ၊ သုံးရေ လုံလောက်စွာရရှိစေရန် ဆောင်ရွက်ပေးနေမှု၊ မိသားစုနှင့် ဧည့်တွေ့ဆောင်ရွက်ပေးနေမှု၊ ရာသင့်ရထိုက်သော အသုံးအဆောင်ပစ္စည်းများရရှိမှုနှင့် ထောင်ဝင်စာပစ္စည်းများ စုံလင်စွာလက်ခံရရှိခြင်း ရှိ၊ မရှိ၊ ကျန်းမာကြံ့ခိုင်ရေးအတွက် ကိုယ်လက်လှုပ်ရှားအားကစားဆောင်ရွက်ပေးမှု၊ ယုံကြည်ရာကိုးကွယ်သည့် ဘာသာအလိုက် ဝတ်ပြုကိုးကွယ်နိုင်ခွင့်၊ စာမတတ်သူ အကျဉ်းသား၊ အကျဉ်းသူ၊ အချုပ်သား၊ အချုပ်သူများအတွက် အခြေခံအရေး၊ အဖတ်၊ အတွက် ပညာသင်ကြားပေးနေမှု၊ အကျဉ်းသား၊ အချုပ်သားများအား အချုပ်ထောင်ဝန်ထမ်းများကလည်းကောင်း၊ အကျဉ်းသား၊ အချုပ်သား အချင်းချင်းကလည်းကောင်း ညှဉ်းပန်းနှိပ်စက်မှု ရှိ၊ မရှိ စသည်တို့ကို ကြည့်ရှုစစ်ဆေးပြီး သီခြားလွတ်လပ်စွာ တွေ့ဆုံခွင့်တောင်းခံသူ အကျဉ်းသား၊ အချုပ်သား ၂၀ ဦးကို တစ်ဦးချင်းလက်ခံတွေ့ဆုံ၍ မေးမြန်းမှတ်တမ်းတင်ခဲ့သည်။

ဆက်လက်၍ အကျဉ်းသား၊ အကျဉ်းသူ၊ အချုပ်သား၊ အချုပ်သူများ၏အိပ်ဆောင်များ၊ ဆေးပေးခန်း၊ စာကြည့်တိုက်၊ စားဖိုကြီး၊ ရိက္ခာဂိုဒေါင်၊ ရေသန့်စက်၊ သုံးရေ၊ ချိုးရေကန်များနှင့် အတွင်း၊ အပြင် မိလ္လာများ သန့်ရှင်းမှု ရှိ၊ မရှိ နှင့် ထောင်ဝင်စာတွေ့ဆုံနေမှုအခြေအနေ၊ အကျဉ်းသား၊ အကျဉ်းသူ၊ အချုပ်ဃာ၊ အချုပ်ထူတို့နေ့လယ်စာသုံးဆောင်နေမှုအခြေအနေတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ပြီး ယခင်စစ်ဆေးစဉ်က တွေ့ရှိချက်အပေါ် အကြံပြုချက်များကို ဆောင်ရွက်ပြီးစီးမှုများကိုလည်း ကြည့်ရှုစစ်ဆေးခဲ့ပြီး အချုပ်သားများ ဖတ်ရှုလေ့လာနိုင်ရန်အတွက် ဗဟုသုတရဖွယ် စာအုပ်စာပေ အုပ်ရေ ၅၀ ကို ကော်မရှင်မှပေးအပ်လှူဒါန်းခဲ့သည်။

အဆိုပါအဖွဲ့၏ ခရီးစဉ်အတွင်း စစ်ဆေးတွေ့ရှိချက်နှင့် အကြံပြုချက်များကို သင့်လျော်သကဲ့သို့ ဆောင်ရွက်ပေးနိုင်ရေးအတွက် သက်ဆိုင်ရာသို့ ကော်မရှင်ဥပဒေနှင့်အညီ အကြံပြုပေးပို့သွားမည် ဖြစ်ကြောင်းသိရသည်။ **မြဝတီ**

ဘားအံစက်မှုဇုန်၌ ဒေသတွင်းတိရစ္ဆာန်အစာဖူလုံစေရေး Gold Feed အစာစပ်စက်ရုံဖွင့်လှစ်

ဘားအံ နိုဝင်ဘာ ၅

နိုဝင်ဘာလ ၇ ရက်တွင်ကျရောက်မည့် (၇၁)နှစ်မြောက်ကရင်ပြည်နယ်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ဒေသတွင်း တိရစ္ဆာန်အစာဖူလုံစေရေး၊ အရည်အသွေးပြည့်ဝပြီး ဈေးနှုန်းချိုသာသော အစာများကို အလွယ်တကူဝယ်ယူရရှိနိုင်စေရေးအတွက် Gold Feed အစာစပ်စက်ရုံဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် ဘားအံ-လှိုင်းဘွဲ့ကားလမ်းမကြီး ဘေးရှိဘားအံစက်မှုဇုန် ဇုန်အမှတ် (၂)၌ ကျင်းပသည်။

အခမ်းအနားတွင် ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦး၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌဦးစန်းကို၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ် ဦးညွန့်လင်း၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် ဒုတိယ



တိုင်းမှူးနှင့် တာဝန်ရှိသူများက Gold Feed အစာစပ်စက်ရုံကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး စက်ရုံပိုင်ရှင်က ကြက်စာမှုန့် အိတ် ၂၀ ကို ပြည်နယ်အစိုးရအဖွဲ့သို့ ပေးအပ်လှူဒါန်းသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားပြီး Gold Feed အစာစပ်စက်ရုံအတွင်း ဒေသထွက်ကုန်ကြမ်းများကိုအသုံးပြု၍ တိရစ္ဆာန်အစာထုတ်လုပ်သောစက်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးကာ တာဝန်ရှိသူများနှင့် အတူ စက်ရုံအတွင်းလှည့်လည်ကြည့်ရှုကြသည်။

ဘားအံစက်မှုဇုန်၏ စက်မှုကဏ္ဍရင်းနှီးမြှုပ်နှံမှုတန်ဖိုးသည် နှစ်စဉ်တိုးတက်လျက်ရှိပြီး ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် စက်ရုံ ၁၁ ရုံအသစ်တည်ဆောက်နိုင်ခဲ့ကာ ရင်းနှီးမြှုပ်နှံမှုတန်ဖိုးငွေကျပ် ၁၁၀၈ သန်း၊ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် စက်ရုံ ၁၆ ရုံ၊ ရင်းနှီးမြှုပ်နှံမှုတန်ဖိုးငွေကျပ် ၆၄၅၀ သန်းတိုးတက်ခဲ့ကာ ယခု ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်တွင် စက်ရုံသုံးရုံအသစ်တည်ဆောက်၍ ရင်းနှီးမြှုပ်နှံမှုတန်ဖိုးငွေကျပ် ၃၈၀၀ သန်းတိုးတက်လာကြောင်း အဆိုပါ စက်ရုံဖွင့်ပွဲမှ သိရသည်။

ယင်းနေ့ဂျက်ပြည်နယ်ဝန်ကြီးချုပ်သည် အဖွဲ့ဝင်များနှင့်အတူ (၇၁) နှစ်မြောက် ကရင်ပြည်နယ်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ကျင်းပသည့် ပြည်နယ်ပြည်သူ့ဆေးရုံကြီး (ဘားအံ)၏ လေးခန်းတွဲလေးထပ်ဆရာဝန်အိမ်ရာ အဆောက်အအုံသစ်ဖွင့်ပွဲသို့ တက်ရောက်ပြီး အဆောက်အအုံသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ကမ္ဘည်းမော်ကွန်းအား အမွေးနုံသာရည်များပက်ဖျန်းပေးကာ အဆောက်အအုံသစ်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဖွင့်ပွဲအခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး အဆောက်အအုံဦးစီးဌာန အဆောက်အအုံအထူးအဖွဲ့ (၁၃) ဒုတိယညွှန်ကြားရေးမှူးက ဆရာဝန်အိမ်ရာ အဆောက်အအုံသစ်နှင့်ပတ်သက်သည့် စာရွက်စာတမ်းများကို ပြည်နယ်ပြည်သူ့ဆေးရုံအုပ်ကြီးထံလွှဲပြောင်းပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

စောမျိုးမင်းသိန်း(ပြန်/ဆက်)

မိုးထစ်ချုန်းရွာမည်

နေပြည်တော် နိုဝင်ဘာ ၅

နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့်ရှမ်းပြည်နယ်(တောင်ပိုင်းနှင့် အရှေ့ပိုင်း)တို့တွင် နေရာကျဲကျဲမှ နေရာစိပ်စိပ်မိုးထစ်ချုန်းရွာမည်။

(မိုး/၈လ)



❐ ဘော်လီဘောပြိုင်ပွဲမှ

အားကစားရုံ(B)၌ ကျင်းပသည်။

ဖွင့်ပွဲအခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဦးရဲမြင့်ထွန်းက ယခုကျင်းပသည့် ဝန်ကြီးဌာနပေါင်းစုံ ပြိုင်ပွဲများမှတစ်ဆင့် လက်ရွေးစင်အဆင့်မီ မျိုးဆက်သစ်အားကစားသမားကောင်းများ စဉ်ဆက်မပြတ်ပေါ်ထွက်လာပြီး နိုင်ငံတကာအဆင့်ထိတက်လှမ်းနိုင်စေရေးနှင့် မြန်မာ့ဘော်လီဘောအားကစားနည်းကို ပြန်လည်ဦးမော့လာစေရေးတို့အတွက်မြန်မာနိုင်ငံဘော်လီဘောအဖွဲ့ချုပ်မှတာဝန်ရှိသူများအနေဖြင့် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ပေးသွားရန် တိုက်တွန်းမှာကြားလိုပါကြောင်း၊ ယခုပြိုင်ပွဲမှတစ်ဆင့် နိုင်ငံတော်က အားထားရမည့် နိုင်ငံဂုဏ်ဆောင်အားကစားသမားကောင်းများ ဖြစ်အောင် ဆက်လက်ကြိုးစားသွားကြရန် တိုက်တွန်းမှာကြားပြီး ၂၀၂၆ ခုနှစ် ဝန်ကြီးဌာနပေါင်းစုံ ဘော်လီဘောပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။

ထို့နောက်ပြည်ထောင်စုဝန်ကြီးများသည်ဒုတိယဝန်ကြီးများနှင့်အတူ ၂၀၂၆ ခုနှစ် ဝန်ကြီးဌာနပေါင်းစုံ ဘော်လီဘောပြိုင်ပွဲ အမျိုးသားပထမအဆင့်အုပ်စုပတ်လည်ပွဲစဉ် အဖြစ် ဆောက်လုပ်ရေးဝန်ကြီးဌာနအသင်းနှင့် နယ်စပ်ရေးရာဝန်ကြီးဌာနအသင်းတို့၏အကြိတ်အနယ် ယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးကြသည်။

အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီးဖုန်းမြတ်၊ ဦးသန်းမောင်၊ ဒေါက်တာစိုးဝင်း၊ ဒေါက်တာသက်သက်ဇင်၊ ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဦးထွန်းလူ၊ ဒေါ်သန်းသန်းလင်း၊ ဗိုလ်ချုပ်ကျော်စွာဦး၊ ဦးစိုင်းထွန်းညို၊ ဒေါက်တာတင်ထွန်း၊ ဦးရဲတင့်၊ ဒေါက်တာသောင်းနိုင်ဦး၊ ဦးမျိုးကျော်သူ၊ ဦးစစ်နိုင်၊ ဒေါက်တာသောင်းနိုင်၊ ဦးသက်ထွန်းအောင်၊ ဒေါ်ခိုင်ခိုင်အောင်၊ အားကစားနှင့် ကာယပညာဦးစီးဌာနညွှန်ကြားရေးမှူးချုပ်၊ ဌာနဆိုင်ရာများမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ အားကစားရေးရာဝန်ကြီးဌာန၊ အားကစားနှင့်ကာယပညာဦးစီးဌာနနှင့် ပြိုင်ပွဲကျင်းပရေးအဖွဲ့မှ တာဝန်ရှိပုဂ္ဂိုလ်များ၊ မြန်မာနိုင်ငံဘော်လီဘောအဖွဲ့ချုပ်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့်တာဝန်ရှိသူများ၊ ဝန်ကြီးဌာနများအလိုက်ပြိုင်ပွဲဝင် အသင်းများမှ အသင်းအုပ်ချုပ်သူ၊ နည်းပြများနှင့် အားကစားသမားများ တက်ရောက်ကြသည်။

ယနေ့ အမျိုးသားပထမအဆင့် အုပ်စုပတ်လည်ပြိုင်ပွဲ ပွဲစဉ်များအဖြစ်ဆောက်လုပ်ရေးဝန်ကြီးဌာနအသင်းနှင့်နယ်စပ်ရေးရာဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ နယ်စပ်ရေးရာဝန်ကြီးဌာန အသင်းက ဆောက်လုပ်ရေးဝန်ကြီးဌာနအသင်းကို ၃ပွဲ ၁ ပွဲဖြင့်လည်းကောင်း၊ ပညာရေးဝန်ကြီးဌာနအသင်းနှင့် ကျန်းမာရေးဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ပညာရေးဝန်ကြီးဌာနအသင်းက ကျန်းမာရေးဝန်ကြီးဌာနအသင်းကို ၃ ပွဲ ၁ ပွဲဖြင့်လည်းကောင်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအသင်းနှင့် သာသနာရေးဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအသင်းက သာသနာရေးဝန်ကြီးဌာနအသင်းကို ၃ ပွဲပြတ်ဖြင့် လည်းကောင်း၊ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနအသင်းနှင့် ပြန်ကြားရေးဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနအသင်းက ပြန်ကြားရေးဝန်ကြီးဌာနအသင်းကို ၃ ပွဲပြတ်ဖြင့်လည်းကောင်း၊ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနအသင်းနှင့် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနအသင်းက သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနအသင်းကို ၃ ပွဲ ၁ ပွဲဖြင့်လည်းကောင်း ယှဉ်ပြိုင်အနိုင်ရရှိကြသည်။

ဆက်လက်၍ အမျိုးသမီး ပထမအဆင့်အုပ်စုပတ်လည်ပြိုင်ပွဲ ပွဲစဉ်အဖြစ် အားကစားရေးရာဝန်ကြီးဌာနအသင်းနှင့် ပို့ဆောင်ရေးဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ အားကစားရေးရာဝန်ကြီးဌာနအသင်းက ပို့ဆောင်ရေးဝန်ကြီးဌာနအသင်းကို ၃ ပွဲ ၀ ပွဲပြတ်ဖြင့်လည်းကောင်း ယှဉ်ပြိုင်အနိုင်ရရှိခဲ့သည်။

နိုဝင်ဘာလ ၆ ရက် နံနက် ၉ နာရီအချိန်မှစတင်၍ အမျိုးသားအုပ်စုပတ်လည် ပွဲစဉ်များအဖြစ် မြန်မာနိုင်ငံတော်ဗဟိုဘဏ်အသင်းနှင့် လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာနအသင်း၊ အမျိုးသားစီမံကိန်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနအသင်းနှင့် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနအသင်း၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနအသင်းနှင့် ပို့ဆောင်ရေးဝန်ကြီးဌာနအသင်း၊ ကာကွယ်ရေးဝန်ကြီးဌာနအသင်းနှင့် ကျန်းမာရေးဝန်ကြီးဌာနအသင်း၊ အမျိုးသမီးအုပ်စုပတ်လည်ပွဲစဉ်များအဖြစ် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအသင်းနှင့် သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေး ဝန်ကြီးဌာနအသင်း၊ ပြည်ထဲရေးဝန်ကြီးဌာနအသင်းနှင့် နယ်စပ်ရေးရာဝန်ကြီးဌာနအသင်းတို့ ဆက်လက်ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။

အားကစားရေးရာဝန်ကြီးဌာနအနေဖြင့်ဘော်လီဘောအားကစားနည်း ပြန်လည်ဦးမော့လာစေရေးနှင့်မြန်မာ့အားကစားအဆင့်အတန်း ပိုမိုမြင့်မားလာစေရေးတို့အတွက် ရည်ရွယ်၍ ၂၀၂၆ ခုနှစ် ဝန်ကြီးဌာနပေါင်းစုံဘော်လီဘောပြိုင်ပွဲကို ၂၀၂၆ ခုနှစ် နိုဝင်ဘာလ ၅ ရက်မှ ၁၉ ရက်အထိ ပြိုင်ပွဲကာလ ၁၅ ရက်ကြာဖြင့် နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်းရှိ အားကစားရုံ(B)၌ ကျင်းပသွားမည်ဖြစ်ပြီး ဝန်ကြီးဌာနများမှ ပြိုင်ပွဲဝင်အမျိုးသားအသင်း ၁၉ သင်း၊ အမျိုးသမီးအသင်း ၉ သင်း စုစုပေါင်းအင်အား ၄၅၉ ဦး ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်ပြီး အားကစားဝါသနာရှင်မိဘပြည်သူများအနေဖြင့် မည်သူမဆို **အခမဲ့** လာရောက်ကြည့်ရှုအားပေးနိုင်ကြောင်း သိရသည်။

မြဝတီ

အာဆင်နယ်အသင်း ဆလားဗီးယားပရက်ဂ်အသင်းကို ၂ ဂိုး ၁ ဂိုးဖြင့် အနိုင်ရ

ရန်ကုန် နိုဝင်ဘာ ၅

ချန်ပီယံလိဂ်ပြိုင်ပွဲ ပွဲစဉ်(၄)အဖြစ် ဆလားဗီးယားပရက်ဂ်အသင်းနှင့် အာဆင်နယ်အသင်းတို့ ချက်နိုင်ငံ ပရက်ဂ်မြို့ Fortuna Arena ကွင်း၌ နိုဝင်ဘာလ ၅ ရက် နံနက် ၂ နာရီ မိနစ် ၃၀ တွင် ယှဉ်ပြိုင်ကစားကြရာ အာဆင်နယ်အသင်းက ဆလားဗီးယားပရက်ဂ်အသင်းကို အနိုင်ရရှိခဲ့သည်။





အဆိုပါပွဲစဉ်တွင် အာဆင်နယ်အသင်း ပိုမိုတိုက်စစ်မြှင့်ကစားခဲ့ပြီး ပွဲကစားချိန် ၉ မိနစ်တွင် နိုနီမာ ဒူအီကီက အာဆင်နယ်အသင်း အတွက်ဦးဆောင်ဂိုးသွင်းယူပေးကာ ပွဲကစားချိန် ၃၈ မိနစ်တွင် ဗစ်တာ ယောကီရက်က ဒုတိယဂိုးထပ်မံသွင်းယူခဲ့သောကြောင့် ပထမပိုင်း ပြီးဆုံးချိန်တွင် အာဆင်နယ်အသင်းက ဆလားဗီးယားပရက်ဂ်အသင်းကို နှစ်ဂိုးအသာဖြင့် ဦးဆောင်ခဲ့သည်။

ဒုတိယပိုင်း ပြန်လည်စတင်ချိန်တွင် အာဆင်နယ်အသင်းကပင် ပွဲကို ပိုမိုထိန်းချုပ်ကစားလာခဲ့သည်။ ထို့နောက် ပွဲပြီးဆုံးခါနီးနောက်ဆုံး မိနစ်များတွင်ဆလားဗီးယားပရက်ဂ်အသင်းတိုက်စစ်ပိုမိုမြှင့်ကစားခဲ့၍ ပွဲကစားချိန် မိနစ် ၉၀ တွင် ဝစ်တာနိုဝက်ကဆလားဗီးယားပရက်ဂ်အသင်းအတွက် ချေပဂိုးတစ်ဂိုး ပြန်လည်သွင်းယူပေးခဲ့သောကြောင့် ပွဲပြီးဆုံးချိန်တွင် အာဆင်နယ်အသင်းက ဆလားဗီးယားပရက်ဂ်အသင်းကို ၂ ဂိုး ၁ ဂိုးဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

အာဆင်နယ်အသင်းသည်ချန်ပီယံလိဂ်ပြိုင်ပွဲ ပွဲစဉ်(၅)အဖြစ် နိုဝင်ဘာလ ၂၅ ရက်တွင် ဒေ့ဒ်မွန်အသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်ကြောင်း သိရသည်။

ZMO

အားကစားမြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မှုးယစ်ဆေး။

▲ MFF ယူ-၁၆ မှ

ယှဉ်ပြိုင်ကစားသည့် အဆင့်(၃) နေရာမှ MAHAR BURMA အသင်းနှင့် အဆင့်(၂)နေရာမှ SGF YOUTH အသင်းတို့ပွဲတွင် SGF YOUTH အသင်းက ၂ ဂိုး ၁ ဂိုးဖြင့်အနိုင်ရရှိပြီး နံနက် ၁၀ နာရီတွင်ကစားသည့် အဆင့်(၆)နေရာမှ UNITED CITY အသင်းနှင့် အဆင့်(၁၂) နေရာမှ MER REIN အသင်းတို့ပွဲတွင် ဂိုးမရှိသရေကျကာ နံနက်၁၁ နာရီခွဲတွင်ကစားသည့်အဆင့်(၉)နေရာမှ TKA STAR အသင်းနှင့် အဆင့်(၇) နေရာမှ AVENGERS JUNIOR အသင်းတို့ပွဲတွင် AVENGERS JUNIOR အသင်းက ၃ ဂိုး ၂ ဂိုးဖြင့် အနိုင်ရရှိသည်။

ထို့အတူ မွန်းလွဲ ၁ နာရီတွင် ယှဉ်ပြိုင်ကစားသည့် အဆင့်(၁၁) နေရာမှ SHWE PYI THAR UTD အသင်းနှင့်အဆင့်(၈)နေရာမှ JULLNISS အသင်းတို့ပွဲတွင် JULLNISS အသင်းက ၄ ဂိုး ၁ ဂိုးဖြင့်လည်းကောင်း၊ မွန်းလွဲ ၂ နာရီခွဲတွင် ယှဉ်ပြိုင်သည့် အဆင့်(၅)နေရာမှ FFU MINMAHAW အသင်းနှင့်အဆင့်(၁၀)နေရာမှ BUSHIDO အသင်းတို့ပွဲတွင် FFU MINMAHAW အသင်းက ၇ ဂိုး ၂ ဂိုးဖြင့်လည်းကောင်း၊ ညနေ ၄ နာရီတွင်ယှဉ်ပြိုင်ကစားသည့် အဆင့်(၁)နေရာမှ VICTORIA အသင်းနှင့် အဆင့်(၄)နေရာမှ PACIFIC SUN FAR အသင်းတို့ပွဲတွင် PACIFIC SUN FAR အသင်းက ၃ ဂိုး ၂ ဂိုးဖြင့်လည်းကောင်း အသီးသီးအနိုင်ရရှိခဲ့ကြသည်။ **ဝန်းရံခ**

✦ ကျောဖုံးမှအဆက်

စနူကာအဖွဲ့ချုပ်နှင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့တို့ ပူးပေါင်း၍ ၂၀၂၆ ခုနှစ် တိုင်းဒေသကြီးနှင့်ပြည်နယ် ဘိလိယက်နှင့်စနူကာပြိုင်ပွဲနှင့်ဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့ညနေပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး သင်္ဃန်းကျွန်းမြို့နယ် အမျိုးသားအားကစားပြိုင်ပွဲရုံ(၁) သုဝဏ္ဏ၌ ကျင်းပသည်။

အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးဗိုလ်ဌေး၊ အားကစားနှင့် ကာယပညာဦးစီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဘိလိယက်နှင့် စနူကာအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးအောင်ခန့်ကျော်၊ ဒုတိယဥက္ကဋ္ဌ၊ အမှုဆောင်များ၊ အတွင်းရေးမှူးနှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ အထူးဖိတ်ကြားထားသောဧည့်သည်တော်များ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များမှ ဆုရအားကစားသမားများ တက်ရောက်၍ ဗိုလ်လုပွဲ များဖြစ်သော 9 Ball Pool၊ ဘိလိယက်၊ စနူကာ 6-Red နှင့် စနူကာ15-Red ပြိုင်ပွဲတို့ကို ကြည့်ရှုအားပေးသည်။

ဆက်လက်၍ ဆုပေးပွဲကို ကျင်းပရာ ရွှေတံဆိပ်တစ်ခု၊ ကြေးတံဆိပ်တစ်ခုဖြင့် ပူးတွဲအမျိုးသမီးတံခွန်စိုက်ဆုဖလားရရှိသွားသော ရန်ကုန်တိုင်းဒေသကြီးအသင်းနှင့် ရှမ်းပြည်နယ်အသင်းအား မြန်မာနိုင်ငံ ဘိလိယက်နှင့် စနူကာအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးအောင်ခန့်ကျော်ကလည်းကောင်း၊ ရွှေတံဆိပ်တစ်ခု၊ ကြေးတံဆိပ်နှစ်ခုဖြင့်အမျိုးသားတံခွန်စိုက်ဆုဖလားရရှိသွားသော ရန်ကုန်တိုင်းဒေသကြီးအသင်းနှင့်ရွှေတံဆိပ်နှစ်ခု၊ ကြေးတံဆိပ်သုံးခုဖြင့် စုပေါင်းတံခွန်စိုက်ဆုဖလားရရှိသွားသော ရန်ကုန်တိုင်းဒေသကြီးအသင်းတို့ကို ရန်ကုန်တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးဗိုလ်ဌေးကလည်းကောင်း ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

မြဝတီ

MYAWADY IN ENGLISH DAILY EDITION

Commander-in-Chief of Defence Services General Ye Win Oo and Myanmar Tatmadaw delegation visit National Defence Academy in Vientiane and leaves for Luang Prabang

NAY PYI TAW November 5

The Myanmar Tatmadaw goodwill delegation led by Commander-in-Chief of Defence Services General Ye Win Oo, who is on a goodwill visit to Lao People's Democratic Republic visited the National Defence Academy in Vientiane this morning.



Commander-in-Chief of Defence Services General Ye Win Oo exchanges emblems with Political Department Head Major General Phanseng Bounphan of Lao National Defence Academy.

On their arrival at the National Defence Academy, the General and party were welcomed by Major General Phanseng Bounphan, Head of Political Department of the academy and party with the Guard of Honour.

The Head of Political Department of the academy explained the historical occurrences, syllabuses, training sessions for trainees, educational reforms, and cooperation with some ASEAN countries in training session. The General asked about things he wanted to know. Both sides exchanged views on promotion of existing friendship and military cooperation between Myanmar and Laos and two armed forces, exchanges of training, experiences and technologies between military training depots, exchange of military technology and training experiences, enhancement of leadership and management capacity of officers, and prospects for future cooperation in further development of military technology between the two countries in addition to research and subjective-wise cooperation. They exchanged emblems and gifts and posed for documentary photos.



Commander-in-Chief of Defence Services General Ye Win Oo visits the museum of Lao National Defence Academy in Vientiane.

Thereafter, the General and party toured the history museum of the National Defence Academy, where they observed photographs, historical records and exhibits documenting the academy's history, the circumstances surrounding its establishment and its successive stages of development. They also observed the collection and preservation of publications on national defence and security and their use in teaching and learning activities. Officials conducted the General and party round the museum. The General then raised questions and held discussions on matters of interest before signing the visitors' book.

This afternoon, the General and party left Wattay International Airport in Vientiane by the special aircraft of Myanmar Tatmadaw for Luang Prabang. They were seen off at the airport by Myanmar Ambassador to Laos U Aung Ko and wife, the Head of Foreign Relations Department of the Lao Ministry of National Defence and officials.

When the special aircraft carrying the General and party arrived at Luang Prabang International Airport, they were welcomed by Brigadier General Thongla Xayavongsack, Commander of Luang Prabang Provincial Command and wife, and officials. **100**

Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

Nine scam/gambling buildings in Shwe Kokko (Part-II) dismantled as remaining ones underway for systematic demolition

NAY PYI TAW November 5

As the government has combined teams completely demolished buildings in Shwe Kokko, where most of online scams and gambling were operated, so that they cannot be used again for such crimes, the systematic dismantling of nine illegal buildings there have completed so far.



Systematic demolition of a 6-storey illegal building used in online scams and gambling in Shwe Kokko (Part-II).



Systematic demolition of a 6-storey illegal building used in online scams and gambling in Shwe Kokko (Part-II).



Systematic demolition of a 6-storey illegal building used in online scams and gambling in Shwe Kokko (Part-II).



Systematic demolition of a 6-storey illegal building used in online scams and gambling in Shwe Kokko (Part-II).

As one 6-storey building being mechanically demolished was knocked down 100 percent today, the dismantling of a total of nine illegal buildings completed and demolition of another 6-storey completed up to 70 percent today.

As 63 buildings used in online scams and gambling in Shwe Kokko (Part-II) were scheduled for mechanical demolition, detonation and dismantling manually floor by floor due to their proximity to residential ones and demolition works are being systematically carried out, a total of nine buildings including four for detonation and five for mechanical demolition completed and plans are under way to systematically dismantle the remaining 54 illegal ones.

In coordination not only with domestic forces but also with neighbouring governments, the government has continued to take measures to completely prevent online scams and gambling from taking root in Myanmar as a national responsibility. **100**

Pwintbyu Township to grow more than 15,000 acres of winter sesame this year

PWINTBYU November 5

According to the Township Agriculture Department, local authorities in Pwintbyu Township of Magway Region earmarked cultivation of sesame on 15,479 acres of croplands in coming cold season this year.

In Pwintbyu Township, plans have been set to cultivate 15,479 acres of sesame during this year's winter crop planting season. Planting is scheduled to begin in October to meet the targeted cultivation acreage.

"For this year's winter crop season, we have targeted planting over 15,000 acres of sesame in Pwintbyu Township. We will support local farmers so they can reach the designated cultivation targets. We are also collaborating with relevant departments to expand acreage and cultivate high-yielding sesame varieties," said Daw Moe Moe Wai, Head of the Pwintbyu Township Department of Agriculture.

During the upcoming winter cropping season, the Township Department of Agriculture will carry out agricultural awareness activities for farmers growing oilseed crops, including sesame. These initiatives will cover achieving targeted acreages, boosting crop yields, pest and disease prevention, Good Agricultural Practices (GAP), and the use of certified quality seeds.

Daw Moe Moe Wai added that increasing sesame yields will not only ensure local edible oil self-sufficiency, but the surplus can also be sold to generate income and enhance socio-economic livelihoods. Therefore, concerted efforts should be made across regions to expand the cultivation of oilseed crops like sesame.

SK

Mawlamyinegyun Township supplies feather back fish to Yangon market

MAWLAMYINEGYUN November 5

Local merchants from Mawlamyinegyun Township of Ayeyawady Region sent a large volume of feather back fish to Yangon market said Daw Su Su Htwe, the seafood trader from Mawlamyinegyun Township.

Mawlamyinegyun Township aquatic product traders are systematically inspecting featherback fish before transporting and selling them to the Yangon market.

Locally produced featherback fish shipped from Mawlamyinegyun Township to the Yangon market are fetching between Ks-18,500 and Ks- 29,500 per viss. As aquatic product shipments from the area to the Yangon market have increased, dried-fish producers, fishermen and dried-fish workers are also benefiting from the stronger trade. **SMK**

Mawlaik District to plant more than 7,000 acres of soya bean

MAWLAIK November 5

Statistics from Mawlaik District Agriculture Department in Sagaing Region stated that local farmers will grow more than 7,000 acres of soya bean as this year's cold season crops in the district.

During the 2026-2027 winter crop cultivation season, the township-wise cultivation targets for soybean in Mawlaik District are 388 acres in Mawlaik Township and 7,212 acres in Phaungpyin Township, totaling 7,600 acres.

"More than 7,000 acres of soybean are planned to be cultivated in Mawlaik District during this year's winter crop cultivation season. We will make efforts to ensure that the planned acreage is fully cultivated. Awareness-raising activities will also be carried out to prevent pest infestations," said Daw Kywe Kywe Hlaing, Head of the District Agriculture Department in Mawlaik District.

In Mawlaik District, the Township Agriculture Departments will provide farmers cultivating soybeans with technical knowledge on obtaining good-quality and pure varieties suitable for local conditions, proper cultivation methods, prevention of pest infestations, systematic use of fertilizers and improvement of crop yields.

During this year's winter crop cultivation season, efforts are also being made in cooperation with farmers to provide the good-quality and pure seeds, agricultural inputs and post-harvest technologies necessary to improve the yield and quality of various pulse crops.

SK

Putin receives Secretary of Iran's Supreme National Security Council in Moscow - Kremlin

MOSCOW November 5

Russian President Vladimir Putin met with Iranian Supreme National Security Council Secretary Mohsen Rezaei in Moscow, Kremlin spokesman Dmitry Peskov said on Thursday.

"President Vladimir Putin received Iranian Supreme National Security Council Secretary Mohsen Rezaei, who is currently in Moscow, in the Kremlin," Peskov said.

On November 2, media reported that Putin and Rezaei had held a phone conversation, during which they discussed the situation in the Middle East, among other issues.

Sputnik



Agenda of possible meeting between Putin, Xi, Trump in China being agreed on - Kremlin

MOSCOW November 5

The agenda for a possible meeting between Russian President Vladimir Putin, Chinese President Xi Jinping and US President Donald Trump on the sidelines of the APEC summit in China is being agreed upon, Kremlin spokesman Dmitry Peskov said on Wednesday.

"It is being agreed upon now," Peskov said on Channel One, answering the question of whether the agenda of a possible meeting of the leaders in China is already clear.

Peskov noted that this issue is being coordinated with both the Chinese and US sides.

There is no talk of continuing talks between Russian President Vladimir Putin, Chinese President Xi Jinping and US President Donald Trump at the G20 in Miami after a possible meeting at the APEC summit sidelines, Peskov.

"No, this is out of the question yet," Peskov told Channel One, answering the question whether the leaders' negotiations at the G20 could be continued if the negotiations at the APEC summit were successful.

Sputnik

Eiffel tower closed to visitors amid nationwide protests



MOSCOW November 5

The Eiffel Tower, an iconic landmark of the French capital, is closed to visitors amid nation-wide protests, according to a statement on its official website published on Thursday.

"Due to a nationwide demonstration, the Eiffel Tower is closed today," the statement read.

Meanwhile, operations at around 33 percent of France's higher education institutions have been disrupted amid demonstrations across the country, French broadcaster BFMTV reported, citing data from the education ministry.

A nationwide demonstration, organized by the country's major trade unions, is taking place in France on Thursday. Authorities expect up to 700,000 protesters across the regions, with another 80,000 anticipated in the capital. The French Interior Ministry said that approximately 70,000 law enforcement officers had been deployed to maintain public order.

Protests began in France in mid-September, when high school students took to the streets in Paris suburbs demanding improvements to the condition of schools. Later, they were joined by those dissatisfied with rising prices in the country, and the actions spread to other regions.

Sputnik

Trump to engage more actively in Ukraine issue after defeat of Republicans - Ex-Diplomat

WASHINGTON November 5

The defeat of the Republican Party in the US congressional elections may allow President Donald Trump to take a more active approach to the issue of settlement in Ukraine, retired US diplomat and former Assistant Secretary of Defence for International Security Chas Freeman said.

The United States held midterm congressional elections on November 3, as a result of which the Democrats gained control of both chambers. The new Congress will start its work in January 2027.

"There is also a possibility that he [Trump] will be less constrained by the fierce domestic opposition to his pursuit of rapprochement with Russia in the context of pressure on Ukraine to accommodate Russian demands on it," Freeman said.

He also noted that the Democratic victory will allow the president to carry out foreign policy without regard to how it will affect the popularity of his party.

At the same time, there is a risk that the United States may now allow a new escalation in the conflict with Iran or commit aggression against Cuba, Freeman added.

The next round of trilateral talks between Russia, the United States and Ukraine is scheduled for November 10-11 in Abu Dhabi. US special envoy Steve Witkoff said that the parties intend to discuss security guarantees, de-escalation, humanitarian issues and further steps towards a peaceful settlement. The Kremlin confirmed the participation of the Russian delegation in the negotiations. It will be headed by presidential aide Vladimir Medinsky.

Sputnik

Hackers siphon millions from French bank into crypto

PARIS November 5

Hackers have stolen around €-100 million from French banking group Credit Mutuel Arkea in a sophisticated cyberattack, the lender has confirmed. The attackers exploited a third-party service provider to siphon money into other bank accounts, with some of the funds potentially converted into cryptocurrency.

Blockchain investigator Zach XBT initially estimated the theft at more than US$-106 million before identifying another US$-27 million in suspicious withdrawals, bringing the total to over US$-133 million. In a statement on Wednesday, Crddit Mutuel Arkea acknowledged the scale of the attack but declined to confirm the exact amount stolen.

The hackers reportedly gained access through a compromised external service provider and used the bank's own account to carry out fraudulent transfers to other financial institutions. The money was then moved through multiple accounts, with investigators examining possible conversions into cryptocurrency.

The bank described the breach as "a sophisticated attack coming from the outside," saying it was not caused by human error. It has not disclosed how long the attackers had access to its systems or how many fraudulent transactions were carried out.

French prosecutors have launched an investigation into what they described as an "attack on an automated data processing system by an organized group." No suspects have been publicly identified, and the authorities have not established who was behind the operation.

The massive bank heist comes just days after hackers targeted refrigeration systems at three regional blood banks in France, part of a wider wave of cyberattacks that has hit hundreds of supermarkets across Europe.

RT

English Grammar in Use (Intermediate Level)

Unit 64

to … , for … and so that …

B We say 'a place **to park**', 'something **to eat**', 'work **to do**' etc. :

- It's hard to find **a place to park** in the city centre. (= a place where you can park)
- Would you like **something to eat**? (= something that you can eat)
- Do you have **much work to do**? (= work that you must do)

Sometimes there is a preposition (**on, with** etc.) after the verb:

- Is there **a chair to sit on**? (= a chair that I can sit on)
- I get lonely if there's **nobody to talk to.**
- I need **something to open** this bottle **with**.

We also say **money/time/chance/opportunity/energy/courage** (etc.) **to** do something:

- They gave us **money to buy** food.
- Do you have **much opportunity to practise** your English?
- I need **a few days to think** about your proposal.

C Compare **for** … and **to** …

for + *noun*

- We stopped **for petrol**.
- I had to run **for the bus**.

to + verb

- We stopped **to get** petrol.
- I had to run **to catch the bus**.

You can say 'for somebody to do something':

- There weren't any chairs for us to sit on, so we sat on the floor.

We use **for** (do)**ing** to say what something is used for:

- This brush is **for washing** the dishes.

But we do not use **for -ing** to say why somebody does something:

- I went into the kitchen **to wash** the dishes. (not for washing)

You can use **What … for**? to ask about purpose:

- **What** is this switch **for**? (= what is it used for?)
- **What** did you do that **for**? (= why did you do that?)

D **so that**

We use **so that** (not **to** …) especially with **can/could** and **will/would**:

- She's learning English **so that** she **can** study in Canada.
- We moved to London **so that** we **could** see our friends more often.
- I hurried **so that** I **wouldn't** be late.
  (= because I didn't want to be late)

You can leave out that. So you can say:

- I hurried **so that** I wouldn't be late. *or* I hurried **so** I wouldn't be late.

Exercise

64.1 **Choose from Box A and Box B to make sentences with** to … .

A	B
1 I shouted	I wanted to be nearer my friends
2 I opened the box	I wanted someone to help me with my work
3 I moved to a new apartment	I wanted to report the accident
4 I couldn't find a knife	I wanted to warn people of the danger
5 I called the police	I wanted to see what was in it
6 I called the hotel	I wanted to chop the onions
7 I employed an assistant	I wanted to find out if they had any rooms free

1 I shouted to warn people of the danger.
2 I opened the box ……
3 I ……
4 ……
5 ……
6 ……
7 ……

Raymond Murphy

စစ်သူကြီး မဟာမင်းထင်နော်ရထာ

ကြည်မင်းဝေ



ယမန်နေ့မှအဆက်

ထိုသူမှာ ပါးစပ်ကဗလုံးဗထွေး အော်ဟစ်ရုန်းကန်ရင်း နောက်သို့လက်ညှိုး ထိုးပြလေရာ ကျောက်စီခေါင်းလွတ်တစ် ချောင်းကိုင်လျက် ဆံပင်ဖားလျားဖြင့် အလွန်ချောမောလှပသော မင်းသမီးတစ် ပါးကိုတွေ့ရလေသည်။ ဆင်ယင်ထုံးဖွဲ့မှု ကြောင့်သာ မင်းသမီးတစ်ပါးဟု သိရသော် လက်ထဲကဆောင်ခေါင်းနှင့် ဒေါသအမျက် ထွက်နေသော အမူအရာကြောင့် ချက်ချင်း ပင်ခေါင်းကာ စံနက်ကျော် သူ့ရှေ့က အပြေးပိတ်ရပ်လိုက်သည်။

“သခင်မလေးဘုရား သခင်မလေး ဘုရား”

“မယ်မင်းတို့ အားလုံးတိတ်စမ်း ဒါ နန်းရင်ပြင် အမြန်ဒူးတုပ်ခစားကြစေ”

“သယ်မောင်မင်းက ဘယ်သူလဲ သခင်မ ဘုရားကို မသိလေရော့သလား”

“မှန်လှပါ ဒီအချိန်မှာဘဝရှင်ထီးဘုရား ကြီးအန္တရာယ်ကို ကာကွယ်ရန်မှတစ်ပါး ကျွန်တော်မျိုးမှာ တခြားမရှိပါဘုရား”

လက်ရှိအနေထားအရ ဖြစ်နေပုံအလုံး စုံက ဥပရာဇာကိုယ်တော်ကြီးအား လုပ်ကြံ ခဲ့သည့်ပုံသဏ္ဌာန်နှင့် လွန်စွာဆင်တူလျက် ယိုးမှားဖွယ်ဖြစ်နေရာ မင်းသမီး၏ခံစားကိုင် လက်ကို စံနက်ကျော်ရဲ့ခံစားက ဖိတွန်းထား လိုက်သည်။ မင်းတရားကြီးအပြေးထ တော်မူကြွချီလေရာ ဦးကောင်းတို့ ဝန်ကြီး တစ်ဦးက်လည်း နောက်မှအပြေးလိုက်လာ ကြကာ စံနက်ကျော်ကို ဆောင်ခံားချ ခစား ရန် ပြောကြလေသည်။

“ဟဲ့ ငစံငယ် ခံားချစမ်း၊ သခင်မဖုရား လေးကို ခစားစမ်း၊ ထီးဘုရားကြွချီလာပြီ ခစား၊ ငစံ ခစား”

စောစောက အော်ဟစ်ပြေးလွှားလာ သူလည်း ခေါင်းပေါင်းပဝါအင်္ကျီ ကပိုကရို ပုဆိုးစွန်တောင်တိုနှင့် တံတောင်စာမိ ကျောကော့လျက် ရှုံ့မဲ့ကာ နောက်တော် ပါးက ပါလာ၏။ ဦးဖိုးလှိုင်က မျက်မှောင် ကြုတ်လျက် မင်းသမီးကိုကြည့်နေသည်။

“အလို နှမတော် ဘယ့်နှယ်ကျန်းခန့်သာ တော်မူပြီလားကွဲ့၊ မောင်ဘုရားအမိန့်နဲ့ နှမတော်ဝေဒနာကို ကုစားပေးရှာတဲ့ သမားတော်ကြီးပါကွယ် ရွှေစိတ်တော်မဆိုး ပါနဲ့”

ယင်းကိစ္စနှင့်ပတ်သက်၍ ဘဝရှင်မင်း တရားကြီးက အားရနှစ်သက်တော်မူသဖြင့် ဦးဖိုးလှိုင်နှင့်စံနက်ကျော်ကို ဆုလာဘ် ပကာများ ပေးသနားခဲ့သော်လည်း နောက် တစ်ရက်တွင် အတွင်းဝန်မင်းကြီးနှင့်အတူ ထိုမိဖုရားငယ်လေးကို ထိုက်ထိုက်တန်တန် ပူဇော်တောင်းပန်ကြရလေသည်။ မိဖုရား ငယ်လေးအား ဆေးကုပေးသော သမား တော်ကြီးဦးတူလည်း မိဖုရားငယ်လေး ကို ပူဇော်တောင်းပန်နေသည်ကို တွေ့ ရ၏။

ရွှေနန်းတော် အတွင်းဝယ် ဦးတူမှာ အဘိသက္ကရာဇာဘွဲ့ ရည်ခံသမားတော် ဆယ်ဦးမှ စိတ်ကျမ်းဓာတ်ကုသမား တော်ကြီး ယိုးဒယားလူမျိုးဖြစ်၏။ ထီးဘုရားလက်ထက်တော်တွင် သူငယ်နာ သမားတော်ဦးဘဲ၊ မီးယပ်သမားတော် ဦးနှောင်း၊ အနာပြည်ပေါက်သမားတော် ဦးစံကင်းနှင့်ဦးစာ၊ အရိုးအဆစ်သမားတော် ဦးနက်၊ ယောကျ်ားရောဂါ သမားတော် ဦးမိုင်း၊ ဦးမိန်နှင့် ဘုရင်ထီး ဘုရားကြီး၏ လက်စွဲတော် ကာမသျှတ္တရတော်နစ် ဆေးသမားတော် ဦးခဲတို့ရှိလေရာ ယခုကိစ္စမှာ ဦးခဲက စလိုက်သောကိစ္စ ဖြစ်လေသည်။

ဘုရင်ထီးဘုရားကြီးမှာ အစ်မတော် စကြာဒေဝီမိဖုရားကြီးနှင့် အိမ်တော်ပါ ငယ်ချစ်မယား မြောက်နန်းမိဖုရားမယ်သဲ တို့ ရှေ့နောက်ကံတော်ကုန်သွားကြ သဖြင့် ရွှေစိတ်တော်မကြည်မလင်မရွှင်မဖျ။ မစားနိုင်မအိပ်နိုင် ဆောင်တော်မကူးနိုင် ဖြစ်နေလေရာ တော်နစ်သမားတော် ဦးခဲက ဆေးစွမ်းတစ်လက် ဖော်စပ်ကာ မင်းတရားကြီးအား ဆက်သအသုံးပြု စေပြီး အနောက်ဆောင်တော်မှ လွန်စွာ ချောမောလှပပြီး အပြုစုအယုအယ ကောင်းသော ဆယ်ကျော်သက်အရွယ် ရှုံ့မျိုးနွယ်မိဖုရားငယ်တစ်ပါးကို အဆောင် တော်ဝင်ကာ အပြုစုခိုင်းလေသည်။

မင်းတရားကြီးမှာ ရွှေစိတ်တော် ရွှင်လန်းတက်ကြွလာသော်လည်း တစ်လ ခန့်အကြာတွင် မိဖုရားငယ်လေးမှာ အားအင်ကုန်ခန်းပြီး မစားချင်မသောက် ချင်နှင့် စိတ်အာရုံနည်းသောရောဂါဖြစ်ကာ ကယောင်ချောက်ချား သွေးလေဖောက်ပြား လေတော့သည်။ ဆေးဖော်သူဦးခဲပင် မတတ်နိုင်ဘဲ လက်လျှော့ထားရ၏။ သမားတော်လည်းစုံနေကာ မည်သူကမျှ လည်း အာမခံရဲဖြစ်နေကြချိန်တွင် စိတ်ကုဓာတ်ကြမ်းသမားတော် ဦးတူက “မိဖုရားငယ်တွင် စွဲကပ်နေသောဝေဒနာ ကို သူကုပေးနိုင်ပါသည်။ သို့သော် မည်သို့ သောနည်းဖြင့်ကုသည်ဖြစ်စေ ပျောက်ကင်း ပါက မင်းဘုရားမှအပြစ်တော်မယူပါဘူး ဟူသောကတိပေးနိုင်လျှင် သူကုသပေး ပါမည်”ဟု သတ္တိရှိရှိ လျှောက်တင်လေရာ ထီးဘုရားကြီးက ခွင့်ပြုပေးတော်မူခဲ့ သည်။

ပထမတွင် မိဖုရားငယ် အားရှိစေမည့် အစားအစာတို့ကို ဖွယ်ဖွယ်ရာရာ နေ့ဆက်၊ ညဆက် ကျွေးမွေးစေကာ တစ်ရက်တွင် သမားတော်ဦးတူက မိဖုရားငယ်၏ အခန်း ထဲမှ ရံရွှေဖော်အပျိုတော်များ တစ်ယောက် ပါးမျှ အနားဦ၍မရှိစေရ၊ အကုန်ဝေးရာသို့ ထွက်စေကာ အခန်းတံခါးများအလုံပိတ်၍ မိဖုရား၏ သလွန်ထက်အပြေးတက်ကာ ဘာမပြောညာမပြော ဆံပင်များကို ဆွဲဆောင့်၊ ပါးများကိုဘယ်ညာပြန်ရိုက်၊ ပါးစပ်ကလည်း မင်းသမီးမခံမရပ်နိုင်မည့် စကားများ အော်ဟစ်ဆူငေါက်လေတော့ သည်။ **ဆက်လက်ဖော်ပြပါမည်။**

သီးနှံအခြေခံတန်ဖိုးမြှင့်စားသောက်ကုန်ထုတ်လုပ်မှု နည်းပညာသင်တန်းဖွင့်



ပူတာအို နိုဝင်ဘာ ၅

ကချင်ပြည်နယ် ပူတာအိုခရိုင် အသေးစား စက်မှုလက်မှုလုပ်ငန်း ဦးစီးဌာနမှကြီးမှူး၍ ဒေသထွက် သီးနှံများဖြစ်သည့် ဂရိတ်ဖရုသီး၊ ကျောက်ဖရုံသီး၊ သဧော်သီး၊ ဘုရင် သီး၊ နာနတ်သီး စသည်တို့ကို ကျန်းမာရေးနှင့် ညီညွတ်သော တန်ဖိုးမြှင့် စားသောက်ကုန်များ ထွက်ပေါ်လာစေရန်၊ တန်ဖိုးမြှင့် စားသောက်ကုန်များ ထုတ်လုပ် သည့် နည်းပညာများ ပြန့်ပွားခြင်း ဖြင့် စိုက်ပျိုးတောင်သူများနှင့် စားသောက်ကုန်လုပ်ငန်းရှင်များ ဝင်ငွေတိုးပွား၍ အလုပ်အကိုင် အခွင့်အလမ်းများ ပိုမိုရရှိလာနိုင် စေရန်အတွက် သီးနှံအခြေခံ တန်ဖိုး မြှင့်စားသောက်ကုန် ထုတ်လုပ်မှု နည်းပညာသင်တန်းကို နိုဝင်ဘာ လ ၄ ရက်က ပူတာအိုမြို့ ဒုတ္ထန် ရပ်ကွက်၌ ဖွင့်လှစ်သည်။

အခမ်းအနားတွင် မြို့နယ်သမ ဝါယမဦးစီးဌာန ဦးစီးမှူး ဦးခမ်း ကိုင်က အဖွင့်အမှာစကားပြော ကြားပြီး ခရိုင်အသေးစားစက်မှု လက်မှုလုပ်ငန်းဦးစီးဌာန ဦးစီးမှူး ဦးအောင်ကိုထွေးက သင်တန်းဖွင့် လှစ်ရခြင်း၏ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍မြို့နယ်ကျေးလက် ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးဇော်လင်းက သင်တန်း သုံးကုန်ကြမ်းပစ္စည်းများကို သင် တန်းသူများထံပေးအပ်ပြီး အခမ်း အနားတက်ရောက်လာသည့် ခရိုင်/ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန် ရှိသူများနှင့် သင်တန်းသူများက သင်တန်းတွင် အသုံးပြုမည့်ကုန် ကြမ်းပစ္စည်းများ ခင်းကျင်းပြသ ထားရှိမှုများကို ကြည့်ရှုအားပေး ကြသည်။

အဆိုပါသင်တန်းတွင် ပူတာအို မြို့ ဒုတ္ထန်ရပ်ကွက်မှ သင်တန်းသူ ၂၀ ဦးတက်ရောက်ကြပြီး ဒေသ ထွက်သီးနှံများဖြစ်သည့် ဂရိတ်ဖရု (ယို/ဖျော်ရည်/ဝိုင်)၊ ခရမ်းချဉ်သီး ယို၊ နာနတ်သီးဖျော်ရည်၊ ကျောက် ဖရုံယို၊ အမေရိကန်သံပရာယို၊ သဧော်သီးယို(အချို/အစပ်)။ ဘုရင် သီးဖျော်ရည်၊ အာလူးကြော်ပြုလုပ် နည်းတို့ကို ခရိုင်အသေးစားစက်မှု လက်မှုလုပ်ငန်းဦးစီးဌာနမှ သင်ကား နည်းပြများက နိုဝင်ဘာလ ၄ ရက်မှ ၁၃ ရက်အထိ စာတွေ့၊ လက်တွေ့ သင်ကြားပို့ချပေးလျက်ရှိကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

မြန်မာ့သနပ်ခါးယဉ်ကျေးမှု UNESCO စာရင်းဝင်ရေး ဒီဇင်ဘာလတွင် ဆုံးဖြတ်မည်

ရန်ကုန် နိုဝင်ဘာ ၅

မြန်မာ့ရိုးရာ သနပ်ခါးလိမ်းခြယ် မှုယဉ်ကျေးမှုဓလေ့ကို UNESCO ၏ လူသားမျိုးနွယ်ကိုယ်စားပြု ဒြပ်မဲ့ယဉ်ကျေးမှု အမွေအနှစ် စာရင်းတွင် ထည့်သွင်းသတ်မှတ် နိုင်ရေးအတွက် ၂၀၂၅ ခုနှစ်က တင်သွင်းထားသည့် စာရင်းကို ယခုနှစ် ဒီဇင်ဘာလတွင် ဆုံးဖြတ်မည်ဖြစ်ကြောင်း သိရ သည်။

မြန်မာ့သနပ်ခါးယဉ်ကျေးမှုကို UNESCO ၏ လူသားမျိုးနွယ် ကိုယ်စားပြု ဒြပ်မဲ့ယဉ်ကျေးမှု အမွေအနှစ် စာရင်းဝင်အဖြစ် သတ်မှတ်နိုင်ရေး ကြိုးပမ်းမှုကို ၂၀၂၀ ပြည့်နှစ်က စတင်ခဲ့သော် လည်း ပထမအကြိမ်တင်သွင်း သည့် အမည်စာရင်းတွင် လိုအပ် ချက်ရှိနေသဖြင့် UNESCO က ပြန်လည် ပြင်ဆင်တင်သွင်းရန် ဆုံးဖြတ်ခဲ့သည်။ ထို့ကြောင့် ၂၀၂၅ ခုနှစ် မတ်လ ၁၁ ရက်က ပြင်ဆင် ဖြည့်စွက်ထားသည့် အမည်စာရင်း ကို ပြန်လည်ပေးပို့ခဲ့ခြင်းဖြစ်ပြီး အဆိုပါအမည်စာရင်းကို UNESCO ၏ ၂၀၂၆ ခုနှစ်အတွက် စိစစ်မည့်အစီအစဉ်တွင် ထည့်သွင်း ထားကာ နိုဝင်ဘာလ ၃၀ ရက်မှ ဒီဇင်ဘာလ ၅ ရက်အထိ တရုတ် နိုင်ငံ ရှမန်မြို့၌ ကျင်းပမည့် ဒြပ်မဲ့ယဉ်ကျေးမှု အမွေအနှစ် ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ အစိုးရအချင်းချင်း ကော်မတီ၏ (၂၁) ကြိမ်မြောက် အစည်းအဝေး တွင် စာရင်းဝင်ရေးနှင့် ပတ်သက်၍ ဆုံးဖြတ်သွားမည်ဖြစ်သည်။

UNESCO ၏ ဒြပ်မဲ့ယဉ်ကျေးမှု အမွေအနှစ်ဆိုင်ရာ တရားဝင် ဝက်ဘ်ဆိုက်တွင် ဖော်ပြထားချက် အရ "Practice of Thanakha Culture in Myanmar" မြန်မာ့ သနပ်ခါးယဉ်ကျေးမှုသည် ၂၀၂၆ ခုနှစ်အတွင်း စိစစ်ဆုံးဖြတ်မည့် အမည်စာရင်းများတွင် ပါဝင်ပြီး ဖိုင်အမှတ် ၂၃၇၇ ဖြင့် မှတ်တမ်း တင်ထားသည်။ မြန်မာ့သနပ်ခါး သည် အလှအပအတွက်သာမက အသားအရေ ထိန်းသိမ်းခြင်းနှင့် အေးမြမှု ရရှိစေခြင်းတို့အတွက် အသုံးပြုကြပြီး အမျိုးသား၊ အမျိုး သမီးနှင့် ကလေးသူငယ်များပါ အသက်အရွယ်မရွေး အသုံးပြုကြ သည့် မြန်မာ့လူမှုဘဝနှင့် နက်ရှိုင်း စွာ ဆက်နွယ်နေသည့် ယဉ်ကျေးမှု တစ်ရပ်ဖြစ်သည်။

သနပ်ခါးလိမ်းခြယ်သည့် ဓလေ့ ကို မိသားစုအတွင်း မျိုးရိုးတစ် ဆက်မှတစ်ဆက်သို့ လက်ဆင့်ကမ်း ထိန်းသိမ်းလာခဲ့ကြပြီး သက်ကြီး ရွယ်အိုများက ကလေးငယ်များအား သနပ်ခါးလိမ်းပေးရင်း ယဉ်ကျေးမှု ဓလေ့များကို သင်ကြားပေးသည့် အစဉ်အလာလည်းဖြစ်သည်။

ထို့ပြင် မြန်မာ့သနပ်ခါးအသုံးပြု မှုသည် နေ့စဉ်လူမှုဘဝအပြင် ဘာသာရေးပွဲတော်များနှင့် ရိုးရာ ဓလေ့ထုံးတမ်းများတွင်လည်းပါဝင် ပြီး ရှေးဟောင်းသုတေသနဆိုင်ရာ အထောက်အထားများအရသနပ်ခါး လိမ်းသည့်ဓလေ့သည် ၁၂ ရာစုခန့် ကတည်းကရှိခဲ့ကြောင်း UNESCO ၏မှတ်တမ်းတွင် ဖော်ပြထား ကြောင်း သိရသည်။

ခန့်ခန့်

ယူကရိန်းအရေးမှာ ဘယ်လိုနည်းနဲ့မဆို ရုရှားရဲ့လိုအင်တွေ ပြည့်ရမယ်လို့ဆို

မော်စကို၊ နိုင်ငံရေး

ယူကရိန်းအရေးနဲ့ပတ်သက်လို့ ပြောရမယ်ဆိုရင် ယူကရိန်းနိုင်ငံမှာ တစ်ယောက်ယောက်က နိုင်ငံရေးအရဆန္ဒရှိကြောင်းဖော်ပြလာပြီး နိုင်ငံရေးအရတာဝန်ခံမယ်ဆိုရင် ရုရှားနိုင်ငံရဲ့လိုအင်တွေဟာ ဘယ်လိုနည်းနဲ့မဆို ပြည့်ရလိမ့်မယ်လို့ ရုရှားသမ္မတရုံးမှပြောရေးဆိုခွင့်ရှိသူ ဒီမီထရီပက်စကော့ကနိုဝင်ဘာလ ၄ ရက်မှာပြောပါတယ်။

အကယ်၍များ ယူကရိန်းဘက်က နိုင်ငံရေးနည်းလမ်းနဲ့ဖြေရှင်းဖို့ စိတ်မဝင်စားဘူးဆိုရင်လည်း ရုရှားဘက်က စစ်ရေးနည်းလမ်းအတိုင်း အကောင်အထည်ဖော်ပြီး အဆုံးသတ်ငြိမ်းချမ်းရေးရရှိလာအောင် ဆောင်ရွက်သွားမှာဖြစ်တယ်လို့ ပက်စကော့ကပုံမှန်သတင်းစာရှင်းလင်းပွဲမှာပြောထားပါတယ်။

Ref: Sputnik

ဘင်္ဂလားဒေ့ရှ်မှာ အထည်ချုပ်သမားများ ဆန္ဒပြမှုပြန်လုပ်

ဒါကာ၊ ပြည်တွင်းရေး

ဘင်္ဂလားဒေ့ရှ်နိုင်ငံမှာ အထည်ချုပ်သမားတွေက ဆန္ဒပြမှုတွေကို ပြန်လည်လုပ်ဆောင်နေပါတယ်။ နိုဝင်ဘာလ ၅ ရက်မှာလုပ်ဆောင်တဲ့ဆန္ဒပြမှုတွေကြောင့် အထည်ချုပ်စက်ရုံတွေ လုပ်ငန်းလည်ပတ်မှုဆိုင်းငံ့လိုက်ရပါတယ်။

ဒီဆန္ဒပြမှုတွေက အောက်တိုဘာလ ၃၁ ရက်မှာစတင်ဖြစ်ပွားခဲ့တာပါ။ သူတို့ရဲ့တောင်းဆိုချက်က လုပ်ခလစာတွေကိုတိုးမြှင့်ပေးဖို့ဖြစ်ပါတယ်။ လက်ရှိအထည်ချုပ်အလုပ်သမားတွေက လစာအနေနဲ့ တစ်လကို တာကာ ၁၂၅၀၀ ရရှိနေတာပါ။ ဒါကြောင့် တာကာ ၃၀၀၀၀ အထိတိုးမြှင့်ပေးဖို့ သူတို့ကဆန္ဒပြတောင်းဆိုနေတာဖြစ်ပါတယ်။

ဒါနဲ့ပတ်သက်ပြီး လစာဘုတ်အဖွဲ့က ပြန်လည်သတ်မှတ်လိုက်တဲ့ လစာနှုန်းထားအတိုင်း လာမယ့် နှစ်ဇန်နဝါရီလကစရရှိမယ်လို့ဆိုတဲ့အတွက် နိုဝင်ဘာလ ၄ ရက်မှာ ဆန္ဒပြမှုတွေငြိမ်သွားပါတယ်။ ဒါပေမဲ့ နိုဝင်ဘာလ ၅ ရက်မှာ လစာဘုတ်အဖွဲ့ရဲ့အခုထက်ပိုပြီးတိုးကျရှင်းလင်းတဲ့ထုတ်ပြန်ချက်လိုချင်တယ်ဆိုပြီး ဆန္ဒပြသူများကတောင်းဆိုလာတာဖြစ်ပါတယ်။**Ref: AGC**

သတင်းမှတ်စု

ရုရှား-တရုတ်-အမေရိကန် သုံးပွင့်ဆိုင်ဆွေးနွေးမှုကို ဥရောပကထိတ်လန့်နေလား



ကမ္ဘာကြီးအဆုံးသတ်သွားမယ့် အချိန်က ဘယ်တော့များပါလိမ့်။ မာယာလူမျိုးတွေရဲ့ပြက္ခဒိန်မှာက ၂၀၁၂ ခုနှစ် ဒီဇင်ဘာလ ၂၁ လို့ဆိုပါတယ်။ မကြာသေးခင်က တောင်အာဖရိကမှ တရားဟောဆရာတစ်ဦးက ၂၀၂၆ ခုနှစ် အောက်တိုဘာလ ၁၃ ရက်လို့ပြောပြန်ပါတယ်။ အခုတော့ ဥရောပမှာရှိတဲ့ လူတချို့ရဲ့ပြောစကားကိုယုံကြည်မယ်ဆိုရင် မိမိတို့သိရှိထားတဲ့ လူ့ယဉ်ကျေးမှုက နောက်ထပ်ကံကြမ္မာတစ်ခုနဲ့ ရင်ဆိုင်ရမယ့်အချိန်က နိုဝင်ဘာလ ၁၈ ရက်နဲ့ ၁၉ ရက်ဖြစ်တယ်လို့ ပြောရပါလိမ့်မယ်။

ဘာကြောင့် အခုလိုတွေပြောရတာလဲဆိုတော့ နိုဝင်ဘာလ ၁၈ရက်နဲ့ ၁၉ ရက်တို့မှာ အာရှ-ပစိဖိတ်စီးပွားရေးပူးပေါင်းဆောင်ရွက်မှုအဖွဲ့ (APEC) ရဲ့ထိပ်သီးအစည်းအဝေးရှိနေလို့ဖြစ်ပါတယ်။ တရုတ်နိုင်ငံရှန်ဇန်းမြို့မှာကျင်းပသွားမှာပါ။ ဒီအစည်းအဝေးမှာ တရုတ်သမ္မတရှီကျင့်ဖျင်၊ ရုရှားသမ္မတဗလာဒီမာပူတင်၊ အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်တို့က သုံးပွင့်ဆိုင်တွေ့ဆုံနိုင်ခြေလည်းရှိနေပါတယ်။

သူတို့အနေနဲ့ တွေ့ဆုံဆွေးနွေးမှုတွေလုပ်မှာလား၊ မလုပ်ဘူးလားဆိုတာကတော့ အတည်မပြုနိုင်သေးပါဘူး။ ဒါပေမဲ့ တွေ့ဆုံနိုင်ခြေရှိတယ်ဆိုတဲ့သတင်းနဲ့တင် ဥရောပမှာရှိတဲ့နိုင်ငံတွေအနေနဲ့ ရင်းနှီးပြီးသားအိပ်မက်ဆိုးကြီးတစ်ခုကို ရင်ဆိုင်ရတော့မလိုဖြစ်နေပါတယ်။ အဲဒါကတော့ အဲဒီအင်အားကြီးသုံးနိုင်ငံက စားပွဲပိုင်းမှာထိုင်လိုက်တာနဲ့တစ်ပြိုင်နက် ကမ္ဘာ့နယ်ပယ်များကို သူတို့အချင်းချင်းခွဲဝေသတ်မှတ်လိုက်ကြမယ်ဆိုတဲ့ အိပ်မက်ပါပဲ။

လက်ရှိအခြေအနေကို ၁၉၄၅ ခုနှစ် ယော်တာညီလာခံနဲ့နှိုင်းယှဉ်နေကြတာကိုလည်း တွေ့ရပါတယ်။ အဲဒီလိုနှိုင်းယှဉ်မယ်ဆိုရင် ရုရှားကယူကရိန်းကိုသိမ်းပိုက်မယ်၊ တရုတ်က ထိုင်ဝမ်ကျွန်းကိုအုပ်ချုပ်မယ်၊ အမေရိကန်က သူအလိုရှိရာကိုရအောင်ယူလိမ့်မယ်ဆိုပြီးယူဆနေကြတာဖြစ်ပါတယ်။ ဒီအခြေအနေဖြစ်လာမှာကို ဥရောပနိုင်ငံများကစိုးရွံ့ကြောက်လန့်နေကြတာပါ။ ဒါပေမဲ့လည်း ဒါဟာ အလွန်အမင်းချဲ့ကားထားတဲ့ခန့်မှန်းချက်တစ်ခုသာဖြစ်တယ်လို့ဆိုရပါလိမ့်မယ်။

တကယ်လို့ ရုရှား၊ တရုတ်၊ အမေရိကန်ခေါင်းဆောင်များကတွေ့ဆုံဖြစ်ခဲ့တယ်ဆိုဦးတော့ သူတို့သုံးဦးစလုံးရဲ့ ကမ္ဘာ့နိုင်ငံရေးရည်မှန်းချက်တွေက မတူညီပါဘူး။ ဒါဆိုရင် ဥရောပအနေနဲ့ဘာဖြစ်လို့ကမ္ဘာ့ခေါင်းဆောင်သုံးဦးတွေ့ဆုံမယ့်အခြေအနေကို စိုးရိမ်ကြောက်လန့်နေရတာလဲ။ အဲဒီအတွက်ပေးရမယ့်အဖြေကတော့ သူတို့ရဲ့ဂုဏ်သိက္ခာအတွက်ဖြစ်တယ်လို့ဆိုရပါလိမ့်မယ်။

ဥရောပနိုင်ငံတွေဆိုတာ နိုင်ငံတကာစနစ်အနာဂတ်နဲ့ပတ်သက်တဲ့ဆွေးနွေးမှုတိုင်းမှာ သူတို့ကမပါမဖြစ်ဆိုတဲ့ပုံစံမျိုး ယူဆထားခဲ့ကြတာပါ။ အထူးသဖြင့် ဥရောပသမဂ္ဂက ကမ္ဘာ့ရေးရာများနဲ့ပတ်သက်လာရင် ဆွေးနွေးဖို့သူ့အတွက်စားပွဲပိုင်းမှာထိုင်ခုံတစ်လုံးကိုတော့ရလိမ့်မယ်လို့ ယုံကြည်ထားခဲ့တာပါ။ ဒါပေမဲ့ အခုလုပ်တဲ့ဆွေးနွေးပွဲက အာရှ-ပစိဖိတ်စီးပွားရေးပူးပေါင်းဆောင်ရွက်မှုထိပ်သီးအစည်းအဝေးဖြစ်ပါတယ်။ နိုင်ငံတကာစနစ်ကို ပြုပြင်ပြောင်းလဲနိုင်ဖို့ အကောင်အထည်ဖော်မယ့် အစည်းအဝေးမဟုတ်ပါဘူး။

ဒါပေမဲ့လည်း ဥရောပသမဂ္ဂလိုအဖွဲ့အစည်းတောင်မပါတဲ့ ဒီတွေ့ဆုံပွဲမှာ ရုရှားနိုင်ငံကထိပ်တန်းကနေပါဝင်နေတာကိုပဲ ဥရောပနိုင်ငံများက မလိုလားတဲ့ပုံစံဖြစ်နေပါတယ်။ အဓိကကတော့ တရုတ်တို့၊ ရုရှားတို့က ပြုပြင်ပြောင်းလဲမှုတွေလုပ်ဖို့ကြွေးကြော်ထားတဲ့ ဗဟုဝင်ရိုးနိုင်ငံတကာစနစ်ကို အကောင်အထည်ဖော်ဖို့အတွက် အမေရိကန်သမ္မတနဲ့ဆွေးနွေးသွားမလားဆိုတာကို စိုးရိမ်နေတဲ့အနေအထားလည်းရှိပါတယ်။

တကယ်တမ်းကျတော့ ဥရောပဟာ အစိုးရိမ်လွန်နေတာလို့သာဆိုရမှာဖြစ်ပါတယ်။ ဘာကြောင့်လဲဆိုရင် အပေါ်မှာပြောခဲ့သလိုမျိုးပဲ ကမ္ဘာ့ခေါင်းဆောင်သုံးဦးက တွေ့ဆုံမယ်၊ မတွေ့ဆုံဘူးဆိုတာ ယတိပြတ်မသေချာသေးပါဘူး။ အကယ်၍တွေ့ဆုံဖြစ်ခဲ့တယ်ဆိုရင်တောင် သူတို့တွေကြားမှာ စီးပွားရေးအရပူးပေါင်းဆောင်ရွက်ရေးကိုအဓိကထားဆွေးနွေးဖြစ်မယ့်အခြေအနေဖြစ်ပါတယ်။ အရှေ့အလယ်ပိုင်းအရေးနဲ့ ယူကရိန်းအရေးလည်းပါလာနိုင်ပါတယ်။ ဒီလောက်ပါပဲ။ ဥရောပနိုင်ငံများကစိုးရိမ်နေသလိုနိုင်ငံတကာစနစ်ကြီးတစ်ခုလုံးကိုပြုပြင်ပြောင်းလဲဖို့အတွက်ဆွေးနွေးမှုကတော့ ဖြစ်လာနိုင်ဦးမှာမဟုတ်ပါဘူး။

Ref: RT

ထက်မြတ်

ဥရောပတစ်ဝန်းမှာ ခရီးသည်တင်လေယာဉ်များစွာပုံးလန့်မှုဖြစ်ပွား



ပဲရစ်၊ ပုံးလန့်မှု

ဥရောပဒေသတစ်ဝန်းမှာရှိတဲ့ ခရီးသည်တင်လေကြောင်းလိုင်းများစွာဟာ နိုဝင်ဘာလ ၅ ရက်မှာ ပုံးလန့်မှုများနဲ့ရင်ဆိုင်ခဲ့ရတယ်လို့ သိရပါတယ်။ အခုလိုဖြစ်တာဟာ ဒီသီတင်းပတ်အတွင်းမှာပဲ ဒုတိယအကြိမ်ဖြစ်ပါတယ်။ ပုံးလန့်မှုတွေဖြစ်ပွားပြီးနောက် ခရီးသည်တင်လေယာဉ်များစွာဟာ အရေးပေါ်ဆင်းသက်မှုတွေ၊ အစောင့်လိုက်ပါဆင်းသက်မှုတွေလုပ်ဆောင်ခဲ့ရပါတယ်။ အခုလိုဖြစ်စဉ်တွေထဲ ဘယ်လေယာဉ်မှာမှ ပုံးမတွေ့ရှိရဘူးလို့သိရပါတယ်။

ဒီကနေ့ဖြစ်ပွားတဲ့ ပုံးလန့်မှုမှာ ခရီးသည်တင်လေယာဉ် ၁၂ စင်းကပစ်မှတ်ထားခံခဲ့ရတာဖြစ်တယ်လို့ သတင်းဌာနတချို့ကဖော်ပြထားပါတယ်။ ပြင်သစ်အစိုးရတော့ Aer Lingus လေကြောင်းလိုင်းမှာ ဒီဖြစ်စဉ်ဖြစ်တယ်လို့ သတင်းရရှိတာနဲ့ချက်ချင်း တိုက်လေယာဉ်တွေစေလွှတ်ပြီး ခရီးသည်တင်လေယာဉ်ကိုအစောင့်လိုက်ကာ ဘေးကင်းစွာဆင်းသက်နိုင်အောင် ကူညီပေးခဲ့တယ်လို့ဆိုပါတယ်။ အဲဒီအခြေအနေတစ်ခုလုံးကို ဝန်ကြီးချုပ်ရုံးက ကွပ်ကဲခဲ့တယ်လို့ သိရပါတယ်။

အလားတူဒီလိုမျိုးပုံးလန့်မှုဖြစ်စဉ်ကြောင့် ခရီးသည်တင်လေယာဉ်များစွာဟာ ဗီယန်နာလေဆိပ်၊ ဘရပ်ဆဲလေဆိပ်၊ ဆိုဖီယာလေဆိပ်၊ လော့ဒစ်လေဆိပ်၊ ပရာ့လေဆိပ်၊ ဘူခါရက်လေဆိပ်တို့မှာ အရေးပေါ်ဆင်းသက်ခဲ့ရပါတယ်။

ပြီးခဲ့တဲ့ နိုဝင်ဘာလ ၃ ရက်ကလည်း ဥရောပတစ်ဝန်းရှိခရီးသည်တင်လေယာဉ် ၁၀ စင်းဟာ ပုံးလန့်မှုအတွက်ပစ်မှတ်ထားခံခဲ့ရပါသေးတယ်။ အဲဒီအခြေအနေကြောင့် ဝါဆောလေဆိပ်ကိုပိတ်ခဲ့ရသလို ရောမမြို့တစ်ဝန်းမှာ လေတပ်မှလေယာဉ်များစွာပျံဝဲခဲ့ရပါတယ်။

Ref: AGC

အရှေ့အလယ်ပိုင်း စစ်ရေးအခြေအနေ မတည်ငြိမ်မှုကြောင့် ကမ္ဘာ့ရေနံဈေးနှုန်း မြင့်တက်လာ

လန်ဒန်၊ ရေနံဈေးနှုန်း

အရှေ့အလယ်ပိုင်းမှာ အမေရိကန်-အစ္စရေးနဲ့ အီရန်တို့ကြားဖြစ်ပွားနေတဲ့ စစ်ရေးအခြေအနေကတည်ငြိမ်မှုမရှိပါဘူး။ အထူးသဖြင့် အမေရိကန်က အီရန်အပေါ်စစ်ပွဲနောက်တစ်ကြိမ်ဆင်နွှဲမယ်လို့ဆိုတဲ့အတွက် နိုဝင်ဘာလ ၅ ရက်မှာ ကမ္ဘာ့ရေနံစိမ်းဈေးနှုန်းမြင့်တက်လာပါတယ်။

ဘရန့်ရေနံစိမ်းဆိုရင် တစ်စည်ကို ၁ ဒသမ ၅ ဒေါ်လာ သို့မဟုတ် ၁ ဒသမ ၆ ရာခိုင်နှုန်းမြင့်တက်ပြီး ၉၆ ဒသမ ၁၅ ဒေါ်လာအထိရှိလာပါတယ်။ တစ်ချိန်တည်းမှာပဲ အမေရိကန်ရဲ့ WTI ရေနံစိမ်းက တစ်စည်ကို ၅၂ ဆင့် သို့မဟုတ် သုည ဒသမ ၆ ရာခိုင်နှုန်းမြင့်တက်ပြီး ၈၈ ဒသမ ၆၄ ဒေါ်လာအထိရောက်ရှိလာတာဖြစ်ပါတယ်။ **Ref: AGC**

အရေးပေါ်လာရင် နိုင်ငံအတွင်း ချူကလီးယားလက်နက် ဖြန့်ကြက်ခွင့်ပြုရေး ဂျပန်စဉ်းစားနေ

တိုကျို၊ ချူကလီးယားအရေး

ဂျပန်အစိုးရက ပြန်လည်ပြင်ဆင်ထားတဲ့ အမျိုးသားလုံခြုံရေးမဟာဗျူဟာကို ဒီနှစ်ကုန်ပိုင်းမှာ အပြီးသတ်နိုင်ဖို့လုပ်ဆောင်နေပါတယ်။ အဲဒီမဟာဗျူဟာမှာထူးခြားချက်တစ်ခုအနေနဲ့ နိုင်ငံမှာအရေးပေါ်အခြေအနေကြုံလာရင် နိုင်ငံအတွင်း ချူကလီးယားလက်နက်ဖြန့်ကြက်ခွင့်ပြုသွားမယ်ဆိုတဲ့ အဆိုပြုချက်တစ်ခုပါဝင်လာတာဖြစ်ပါတယ်။

တစ်ချိန်တည်းမှာပဲ ဂျပန်အစိုးရက သူတို့အနေနဲ့ ချူကလီးယားရှောင်ကြဉ်ရေးမူကြီးသုံးချက်ကို အလေးထားလိုက်နာသွားမယ်လို့ ဆိုထားပြန်ပါတယ်။ ဒါကြောင့် သူတို့က အဲဒီမူကြီးသုံးချက်ကိုတော့ ပြောင်းလဲမှုပြုမှာမဟုတ်ဘဲ အရေးကြုံလာရင် ချူကလီးယားလက်နက်ဖြန့်ကြက်ခွင့်ပြုသွားမယ်ဆိုတဲ့ ကင်းလွတ်ခွင့်လေးတစ်ခုကိုသာထပ်ထည့်သွားမှာဖြစ်တယ်လို့ ဒီကိစ္စနဲ့ပတ်သက်ပြီး သိရှိသူများကပြောပါတယ်။

မူကြီးသုံးချက်ကတော့ ချူကလီးယားလက်နက်မပိုင်ဆိုင်ရေး၊ မထုတ်လုပ်ရေး၊ မိတ်ဆက်ခွင့်မပြုရေးတို့ဖြစ်တယ်လို့သိရပါတယ်။

Ref: Xinhua



BYD က တစ်လအတွင်း ကားအစီးရေ သုံးသိန်းကျော်ရောင်းချရ

BYD ဟာ ၂၀၂၆ ခုနှစ် အောက်တိုဘာလ အတွင်း လျှပ်စစ်သီးသန့် ကားအစီးရေ ၃၀၅၇၄၃ စီး ရောင်းချနိုင်ပြီး ဒါဟာ တစ်လ အတွင်း အစီးရေ သုံးသိန်းကျော် ရောင်းချနိုင်ခဲ့တဲ့ ပထမဆုံးလအဖြစ် စံချိန်အသစ် တင်လိုက်နိုင်ပါတယ်။ အဲဒီရောင်းအားဟာ ၂၀၂၅ ခုနှစ် အောက်တိုဘာလနဲ့ နှိုင်းယှဉ်ပါက ၃၇ ရာခိုင်နှုန်းခန့် မြင့်တက်လာတာ ဖြစ်ပါတယ်။ ဒါ့အပြင် လျှပ်စစ်သီးသန့်ကား ရောင်းအားအတွက်သုံးလဆက်တိုက်လစဉ် စံချိန်အသစ်တစ်ခုတင်နိုင်ခဲ့တာလည်း ဖြစ်ပါတယ်။

လျှပ်စစ်သီးသန့်ကားတွေအပြင် Plug-in Hybrid ကားတွေနဲ့ လုပ်ငန်းသုံးယာဉ်တွေပါ ထည့်သွင်းတွက်ချက်ရမယ်ဆိုရင် BYD ရဲ့ အောက်တိုဘာလ စုစုပေါင်းစွမ်းအင်အသစ် သုံးယာဉ်ရောင်းအားဟာ ၄၉၀၁၆၈ စီးရှိပါတယ်။ ယင်းပမာဏဟာ ယခင်နှစ်ကာလ တူထက် ၁၁ ရာခိုင်နှုန်းခန့် ပိုများပါတယ်။

သို့သော် Plug-in Hybrid ကားရောင်းအားမှာ ၁၇ ဒသမ ၂ ရာခိုင်နှုန်းကျဆင်းပြီး ၁၇၇၃၈၂ စီးသာ ရောင်းချနိုင်ခဲ့ပါတယ်။ ဒီအချက်က BYD ရဲ့ ရောင်းအားတိုးတက်မှုမှာ လျှပ်စစ်သီးသန့်ကားတွေက အရေးပါတဲ့ အခန်းကဏ္ဍကနေ ပါဝင်လာကြောင်း ပြသနေပါတယ်။ နိုင်ငံတကာဈေးကွက်မှာလည်း BYD ရဲ့ တိုးချဲ့မှုအားကောင်းလာပြီး အောက်တိုဘာလအတွင်း ပြည်ပသို့ ယာဉ်အစီးရေ ၁၇၀၁၉၄ စီး တင်ပို့ထားနိုင်ကာ ဒါဟာ ယခင်နှစ်ကထက် နှစ်ဆ ကျော်မြင့်တက်ခဲ့ပါတယ်။ **Ref: EA**

ကိုထက်


ကိုယ်ခံအားကောင်းစေပြီး ကင်ဆာကို ပိုမိုတိုက်ဖျက်နိုင်မယ့် နည်းလမ်းအသစ်

လူ့ခန္ဓာကိုယ်ရဲ့ ကိုယ်ခံအားစနစ်ကို အသုံးချပြီး ကင်ဆာကို ပိုမိုထိရောက်စွာ တိုက်ဖျက်နိုင်မယ့် နည်းလမ်းအသစ်တစ်ခုကို သုတေသီတွေက ရှာဖွေတွေ့ရှိလိုက်ပါပြီ။ အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယား တက္ကသိုလ် လော့အိန်ဂျလိမ္မ သုတေသီတွေဟာ ကိုယ်ခံအားစနစ်မှာ အရေးပါလှတဲ့ T ကလာပ်စည်းတွေရဲ့ လုပ်ဆောင်နိုင်စွမ်းကို မြှင့်တင်နိုင်မယ့်နည်းလမ်းကို လေ့လာတွေ့ရှိခဲ့တာပါ။

T ကလာပ်စည်းတွေဆိုတာက ကင်ဆာကလာပ်စည်းတွေကို ရှာဖွေတိုက်ခိုက်ပေးတဲ့ ကိုယ်ခံအားကလာပ်စည်းတွေဖြစ်ပါတယ်။ ဒါပေမဲ့ ကင်ဆာကလာပ်စည်းတွေကို အချိန်ကြာကြာတိုက်ခိုက်ရတဲ့အခါ T ကလာပ်စည်းတွေဟာ တဖြည်းဖြည်း အားနည်းလာပြီး တိုက်ခိုက်နိုင်စွမ်းလည်း ကျဆင်းလာတတ်ပါတယ်။

သုတေသီတွေက ဒီပြဿနာကို ဖြေရှင်းဖို့ p53 လို့ခေါ်တဲ့ ပရိုတင်းရဲ့လုပ်ဆောင်မှုကို မြှင့်တင်ပေးခဲ့ပါတယ်။ အဲဒီအတွက် navte-madlin ဆေးဝါးအသုံးပြုပြီး T ကလာပ်စည်းတွေကိုစမ်းသပ်ရာ ကင်ဆာကလာပ်စည်းတွေကို ပိုမိုထိရောက်စွာ တိုက်ခိုက်နိုင်တာ တွေ့ရှိခဲ့ပါတယ်။ စမ်းသပ်မှုအတွင်း ပြုပြင်ထားတဲ့ T ကလာပ်စည်းတွေဟာ အရေပြားကင်ဆာကလာပ်စည်းတွေကို ပိုမိုဖျက်ဆီးနိုင်သလို ရေရှည်အသက်ရှင်ပြီး ပြန်လည်ပွားများနိုင်စွမ်းလည်း ပိုကောင်းလာခဲ့ပါတယ်။ ဒီတွေ့ရှိမှုဟာ CAR-T လို ကိုယ်ခံအားကလာပ်စည်းအသုံးပြုကင်ဆာကုသနည်းတွေကို ပိုမိုကောင်းမွန်လာစေနိုင်တဲ့အလားအလာရှိပါတယ်။ **Ref: STD**

ကိုထက်



အမေရိကန်က နျူကလီးယားထိပ်ဖူးသယ်ယာဉ်ကို အောင်မြင်စွာစမ်းသပ်

အမေရိကန်နိုင်ငံရဲ့ မျိုးဆက်သစ် တိုက်ချင်းပစ်ဒဏ်ခုံးကျည် (ICBM) မှာ တပ်ဆင်အသုံးပြုမယ့် နျူကလီးယားထိပ်ဖူးသယ်ယာဉ် Mk21A ကို ပစိဖိတ်သမုဒ္ဒရာအပေါ်မှာ စမ်းသပ်ပျံသန်းခဲ့ရာ အောင်မြင်မှုရရှိခဲ့ပါတယ်။ အမေရိကန်လေတပ်နဲ့ကာကွယ်ရေးပစ္စည်းထုတ်လုပ်ရေး ကုမ္ပဏီဖြစ်တဲ့ Lockheed Martin တို့ ပူးပေါင်းဆောင်ရွက်တဲ့ အဲဒီစမ်းသပ်မှုမှာ နျူကလီးယားထိပ်ဖူးမတပ်ဆင်ထားတဲ့ Mk21A ယာဉ်ကို ကယ်လီဖိုးနီးယားပြည်နယ်ရှိ Vandenberg အာကာသတပ်ဖွဲ့စခန်းကနေ လွှတ်တင်ခဲ့တာဖြစ်ပါတယ်။ ဒီစမ်းသပ်မှုဟာ အမေရိကန်ရဲ့အနာဂတ် LGM-35A Sentinel တိုက်ချင်းပစ်ဒုံးကျည်စီမံကိန်းအတွက် အရေးပါတဲ့အဆင့်တစ်ခုလည်းဖြစ်ပါတယ်။

Mk21A ဟာ Sentinel ဒုံးကျည်ရဲ့ ရှေ့ပိုင်းမှာတပ်ဆင်မယ့်ထိပ်ဖူးသယ်ဆောင်ရေးယာဉ်ဖြစ်ပြီး W87-1 နျူကလီးယားထိပ်ဖူးကို သယ်ဆောင်နိုင်ဖို့ ဒီဇိုင်းထုတ်ထားပါတယ်။ အာကာသအတွင်းကနေ ကမ္ဘာ့လေထုထဲ ပြန်လည်ဝင်ရောက်ချိန်မှာ ဖြစ်ပေါ်လာမယ့် အပူချိန်မြင့်မားမှုနဲ့ ဖိအားဒဏ်တွေကို ခံနိုင်ရည်ရှိတာတွေ့ရပါတယ်။

Sentinel ဒုံးကျည်ဟာ ပျံသန်းမှုအဆုံးပိုင်းမှာ အမြန်နှုန်းအနေနဲ့ တစ်နာရီလျှင် မိုင် ၁၅၀၀၀ ခန့်အထိရောက်ရှိနိုင်မယ်လို့ အမေရိကန်လေတပ်က ခန့်မှန်းပါတယ်။ အဲဒီအမြန်နှုန်းကြောင့် လေထုထဲပြန်လည်ဝင်ရောက်ချိန်မှာ ထိပ်ဖူးကို အပူဒဏ်ကနေ ကာကွယ်ပေးနိုင်စေဖို့ အရေးကြီးပါတယ်။ Sentinel စီမံကိန်းဟာ လက်ရှိအသုံးပြုနေတဲ့ Minuteman III ဒုံးကျည်တွေကို အစားထိုးဖို့ ရည်ရွယ်ထားတာပါ။ **Ref: IE**

ကိုထက်



ရေမြုပ်မိုင်းများကို အလိုအလျောက်ရှာဖွေဖျက်ဆီးမယ့် မောင်းသူမဲ့ရေယာဉ်

အန္တရာယ်များလှတဲ့ရေမြုပ်မိုင်းတွေကို လူအင်အားများစွာအသုံးမပြုဘဲ ရှာဖွေဖော်ထုတ်ပြီး ဖျက်ဆီးနိုင်မယ့် မောင်းသူမဲ့ရေယာဉ်စနစ်တစ်ခုကို အမေရိကန်ကုမ္ပဏီ HII နဲ့ ပြင်သစ်ကာကွယ်ရေးနည်းပညာကုမ္ပဏီ Thales တို့ ပူးပေါင်းစမ်းသပ်ပြသခဲ့ပါတယ်။ အဆိုပါစမ်းသပ်မှုမှာ HII ရဲ့ REMUS 620 မောင်းသူမဲ့ရေအောက်ယာဉ်နဲ့ Thales ရဲ့ Expeditionary PathMaster စနစ်တို့ကို ပေါင်းစပ်အသုံးပြုခဲ့တာဖြစ်ပါတယ်။ အဲဒီစနစ်ဟာ ရေမြုပ်မိုင်းများကို ရှာဖွေခြင်း၊ အမျိုးအစားခွဲခြားခြင်း၊ ဖျက်ဆီးခြင်းအဆင့်တွေကို တစ်ဆက်တည်း လုပ်ဆောင်နိုင်ခဲ့ပါတယ်။



REMUS 620 ယာဉ်မှာ တပ်ဆင်ထားတဲ့ SAMDIS 600 ဆိုနာစနစ်က ရေအောက်ကြမ်းပြင်ကို စကန်ဖတ်ပြီး သံသယဖြစ်ဖွယ် အရာတွေကိုရှာဖွေပေးပါတယ်။ ရလာတဲ့ ပုံရိပ်တွေကို ကွန်ပျူတာစနစ်က ခွဲခြမ်းစိတ်ဖြာကာ မိုင်းဖြစ်နိုင်ခြေရှိတဲ့ အရာဝတ္ထုတွေရဲ့တည်နေရာနဲ့ အမျိုးအစားကို ဖော်ထုတ်ပေးနိုင်ပါတယ်။

တွေ့ရှိထားတဲ့ အရာဝတ္ထုတွေကိုတော့ အဝေးထိန်းရေအောက်ယာဉ်နဲ့ ထပ်မံစစ်ဆေးပါတယ်။ မိုင်းဖြစ်ကြောင်းအတည်ပြုပြီးမှ ANGLER လို့ခေါ်တဲ့ ရေအောက်ဖျက်ဆီးရေးစနစ်ကို အသုံးပြုကာ ရှင်းလင်းနိုင်ပါတယ်။ အရေးကြီးတာက မိုင်းရှိနိုင်တဲ့နေရာကို ရေတပ်သားတွေကိုယ်တိုင်သွားရောက်စရာမလိုတော့တာကြောင့် ရေမြုပ်မိုင်းရှင်းလင်းရေးလုပ်ငန်းတွေ ပိုမိုမြန်ဆန်လာနိုင်ပါတယ်။ **Ref: IE**

ကိုထက်

လပေါ်မှာ လျှပ်စစ်ဓာတ်အား ၁၀၀ ကီလိုဝပ်ကျော် ထုတ်ပေးနိုင်မယ့်ကွန်ရက်

လပေါ်မှာ ရေရှည်နေထိုင်ရေးနဲ့ သိပ္ပံသုတေသနလုပ်ငန်းတွေ လုပ်ဆောင်နိုင်ဖို့ လိုအပ်တဲ့ လျှပ်စစ်ဓာတ်အားနဲ့ ဆက်သွယ်ရေးဝန်ဆောင်မှုတွေပေးနိုင်မယ့် ကွန်ရက်တစ်ခု တည်ဆောက်ဖို့ Astrolab ကုမ္ပဏီက စီစဉ်နေပါတယ်။ ကုမ္ပဏီက မိတ်ဆက်လိုက်တဲ့ Lunar Utility Module for Industrial Services (LUMIS) စနစ်ဟာ လပေါ်မှာ လျှပ်စစ်ဓာတ်အား ၁၀၀ ကီလိုဝပ်ကျော် ပေးနိုင်တဲ့ ကွန်ရက်တစ်ခုဖြစ်လာမှာပါ။

ဒီစနစ်မှာ လက်ရှိစမ်းသပ်မယ့် ယူနစ်တစ်ခုစီက လျှပ်စစ်ဓာတ်အား ၂ ကီလိုဝပ် ထုတ်ပေးနိုင်မှာဖြစ်ပြီး အနာဂတ်မော်ဒယ်တွေမှာတော့ ၂၀ ကီလိုဝပ်အထိ တိုးမြှင့်နိုင်မယ်လို့ ကုမ္ပဏီကပြောပါတယ်။ အဲဒီယူနစ်တွေကို အများအပြားပေါင်းစပ်တပ်ဆင်ခြင်းအားဖြင့် ၁၀၀ ကီလိုဝပ်ကျော် ထုတ်ပေးနိုင်မယ့် ကွန်ရက်တစ်ခုဖြစ်လာမှာပါ။



အထူးခြားဆုံးအချက်ကတော့ အဲဒီဓာတ်အားပေးစနစ်တွေကို တစ်နေရာတည်းမှာ အခြေစိုက်မှာမဟုတ်ဘဲ FLEX လို့ခေါ်တဲ့ လပေါ်သွားယာဉ်တွေနဲ့ လိုအပ်တဲ့နေရာတွေကို ရွှေ့ပြောင်းတပ်ဆင်နိုင်တာဖြစ်ပါတယ်။ ဒါကြောင့် နေရောင်ခြည်ပိုမိုရရှိတဲ့နေရာတွေမှာ ဆိုလာပြားတွေကို ရွှေ့ထားနိုင်သလို ကမ္ဘာနဲ့ ဆက်သွယ်ရေးကောင်းမွန်မယ့်နေရာတွေမှာလည်း စနစ်တွေကို တပ်ဆင်နိုင်ပါတယ်။ အဲဒီစနစ်မှာ ဆိုလာပြားမျှော်စင်၊ ဘက်ထရီ၊ ဆက်သွယ်ရေးကိရိယာနဲ့ ကြိုးမဲ့ဓာတ်အားပို့လွှတ်နိုင်တဲ့ နည်းပညာပါဝင်မှာဖြစ်ပါတယ်။ **Ref: IE**

ကိုထက်



ပေါ်တူဂီလက်ရွေးစင်အသင်းကစားသမားဘဝမှ အနားယူကြောင်း စီရော်နယ်ဒိုအတည်ပြုကြေညာ

လစ္စဘွန်း နိုဝင်ဘာ ၅

ပေါ်တူဂီအသင်း ဝါရင့်တိုက်စစ်ကစားသမား စီရော်နယ်ဒိုသည် ပေါ်တူဂီလက်ရွေးစင်အသင်းကစားသမားဘဝမှ အပြီးတိုင်အနားယူပြီဖြစ်ကြောင်း အတည်ပြုကြေညာခဲ့သည်။

အသက် ၄၁ နှစ်အရွယ် စီရော်နယ်ဒိုသည် ၂၀၀၃ ခုနှစ်က ပေါ်တူဂီအသင်းနှင့်အတူ စတင်ပါဝင်ကစားခဲ့သူဖြစ်ပြီး လက်ရှိဘောလုံးလောကတွင် အာဂျင်တီးနားအသင်းကစားသမားဟောင်း မက်ဆီနှင့်အတူ အအောင်မြင်ဆုံးဘောလုံးကစားသမားအဖြစ် ရပ်တည်လျက်ရှိသည်။

စီရော်နယ်ဒိုသည် နည်းပြဂျီးဆပ်နှင့် ဆက်ဆံရေးတင်းမာမှုများကြောင့် ပေါ်တူဂီလက်ရွေးစင်အသင်း ကစားသမားစာရင်းမှနုတ်ထွက်ပြီး အနားယူမည့်အစီအစဉ်နှင့် ပတ်သက်၍ မကြာမီပြန်လည်အတည်ပြုကြေညာမည်ဟု ပြောကြားပြီးနောက် လက်ရှိတွင် ပေါ်တူဂီအသင်းကစားသမားဘဝမှ အပြီးတိုင်အနားယူရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

စီရော်နယ်ဒိုသည် ပေါ်တူဂီအသင်းနှင့်အတူ ၂၀၁၆ ခုနှစ်တွင် ယူရိုဖလား၊ ၂၀၁၉ ခုနှစ်နှင့် ၂၀၂၅ ခုနှစ်တို့တွင် နေးရှင်းလိဂ်ဖလားတို့ကို ဆွတ်ခူးနိုင်ခဲ့သူဖြစ်သည်။

စီရော်နယ်ဒိုသည် ပေါ်တူဂီအသင်းနှင့်အတူ ၁၄၆ ဂိုးသွင်းယူနိုင်ပြီး လက်ရှိလက်ရွေးစင်အသင်း၌ သွင်းဂိုးအများဆုံးကစားသမားအဖြစ် ရပ်တည်နေကြောင်း သိရသည်။

Ref;433

ပဲရစ်မာစတာအိုးပင်းတင်းနစ်ပြိုင်ပွဲမှ ထိပ်တန်းကစားသမား ဂျိုကိုဗစ်ချ် ဒုတိယအဆင့်မှထွက်ခွာခဲ့ရ

ပါရီ နိုဝင်ဘာ ၅

ပြင်သစ်နိုင်ငံ၌ ကျင်းပလျက်ရှိသည့် ပဲရစ်မာစတာအိုးပင်းတင်းနစ်ပြိုင်ပွဲတွင် ဆားဘီးယား ထိပ်တန်းတင်းနစ်ကစားသမား ဂျိုကိုဗစ်ချ်အနေဖြင့် ဒုတိယအဆင့်မှပင် ထွက်ခွာခဲ့ရကြောင်း သိရသည်။

ဂျိုကိုဗစ်ချ်အနေဖြင့် ပဲရစ်မာစတာအိုးပင်းတင်းနစ်ပြိုင်ပွဲတွင် ချန်ပီယံဆုဆွတ်ခူးနိုင်ခြေအဆင့်(၁၀) သတ်မှတ်ခံထားရသူဖြစ်သော်လည်း ဒုတိယအဆင့်တွင် ဩစတြေးလျှတင်းနစ်ကစားသမား ဟီဂျီကာတာကိုရှုံးနိမ့်ပြီး ပြိုင်ပွဲမှထွက်ခွာခဲ့ရခြင်းဖြစ်သည်။

အဆိုပါပွဲစဉ်၌ ဂျိုကိုဗစ်ချ်အနေဖြင့် ပထမပွဲငယ်တွင်(၆-၂)ရလဒ်ဖြင့်အနိုင်ရရှိသော်လည်း ဒုတိယပွဲငယ်တွင်(၃-၆) ရလဒ်ဖြင့် ရှုံးနိမ့်ခဲ့သကဲ့သို့ တတိယပွဲငယ်တွင်လည်း (၃-၆)ရလဒ်ဖြင့် ထပ်မံရှုံးနိမ့်ခဲ့သည့်အတွက် နှစ်ပွဲတစ်ပွဲဖြင့် ပြိုင်ပွဲမှထွက်ခွာခဲ့ရခြင်းဖြစ်သည်။

ဂျိုကိုဗစ်ချ်သည် ပရော်ဖက်ရှင်နယ်တင်းနစ်ကစားသမားဘဝတွင် ပဲရစ်မာစတာအိုးပင်းတင်းနစ်ပြိုင်ပွဲ၌ ချန်ပီယံဆုဖလား ခုနစ်ကြိမ်ဆွတ်ခူးနိုင်သည်အထိ အောင်မြင်မှုများရယူနိုင်ခဲ့သော်လည်း ယခုနှစ်ပြိုင်ပွဲတွင် ဒုတိယအဆင့်မှပင် စောစီးစွာထွက်ခွာရခြင်းဖြစ်သည်။

ဂျိုကိုဗစ်ချ်အနေဖြင့် ယခုနှစ်ကုန်ပိုင်းတွင်ကျင်းပမည့် ATP Finals တင်းနစ်ပြိုင်ပွဲဝင်ရောက်ယှဉ်ပြိုင်ခွင့်ရရှိရန်အတွက် လက်ရှိ ပဲရစ်မာစတာအိုးပင်းတင်းနစ်ပြိုင်ပွဲတွင် အနည်းဆုံး ဆီမီးဖိုင်နယ်အဆင့် တက်ရောက်နိုင်ရန် လိုအပ်နေသော်လည်း ဒုတိယအဆင့်မှပင် ထွက်ခွာခဲ့ရသည့်အတွက် ATP Finals တင်းနစ်ပြိုင်ပွဲဝင်ရောက်ယှဉ်ပြိုင်ရန် မျှော်လင့်ချက်ရပ်တန့်ခဲ့ရသည်။

ကမ္ဘာ့အဆင့်(၁)တင်းနစ်ကစားသမားဟောင်း ဂျိုကိုဗစ်ချ်သည် နောက်ပိုင်းနှစ်များတွင် အောင်မြင်မှုများနှင့်ဝေးကွာနေပြီး ရုန်းကန်နေရသူဖြစ်ကြောင်း သိရသည်။

Ref;AGTP Tennis

ပရီးမီးယားလိဂ်ပြိုင်ပွဲ ပွဲစဉ်(၉)အကောင်းဆုံးကစားသမားဆုကို လတ်ဗီးယားရရှိ

လန်ဒန် နိုဝင်ဘာ ၅

ပရီးမီးယားလိဂ်ပြိုင်ပွဲ ပွဲစဉ်(၉) ၏ အကောင်းဆုံးကစားသမားဆုကို ချယ်လ်ဆီးအသင်းမှ ကွင်းလယ်ကစားသမား လတ်ဗီးယားက ဆွတ်ခူးနိုင်ခဲ့ကြောင်း သိရသည်။

ပရီးမီးယားလိဂ်ပြိုင်ပွဲ ပွဲစဉ်(၆)အဖြစ် ကစားခဲ့သည့် ချယ်လ်ဆီးအသင်းက မန်ယူအသင်းကို ၂ ဂိုး - ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သောပွဲစဉ်တွင် လတ်ဗီးယားသည် အသင်းကွင်းလယ်ပိုင်းတွင် အကောင်းဆုံးခြေစွမ်းပြနိုင်ကာ အဖွင့်ဂိုးသွင်းယူပေးနိုင်သည့် ရော်ဂျာ၏သွင်းဂိုးတွင်လည်း အကောင်းဆုံးဖန်တီးပေးမှုများ လုပ်ဆောင်နိုင်ပြီး နောက် ပရီးမီးယားလိဂ်ပြိုင်ပွဲ ပွဲစဉ်(၉)၏ အကောင်းဆုံးကစားသမားဆုကို ဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်သည်။

လတ်ဗီးယားသည် မန်ယူအသင်းနှင့် ပွဲစဉ်တွင် မန်ယူအသင်းကွင်းလယ်ပိုင်းကို အကောင်းဆုံးထိန်းချုပ်နိုင်ခဲ့သည့် အပြင် တိုက်စစ်လမ်းကြောင်းများကိုလည်း အကောင်းဆုံးပံ့စိုဖြင့် ဖြတ်တောက်နိုင်သည်အထိ ခြေစွမ်းပြနိုင်ပြီးနောက် ဆန်ခါတင်ကစားသမားခြောက်ဦးအနက် တစ်ပတ်တာအကောင်းဆုံးကစားသမား ဆုကို ဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်သည်။

ယခုဘောလုံးရာသီ ပရီးမီးယားလိဂ် ပြိုင်ပွဲတွင် တစ်ပတ်တာအကောင်းဆုံးကစားသမားဆုများကို ချယ်လ်ဆီးအသင်းမှ ကစားသမားအများစုက ဆွတ်ခူးထားပြီး ပရီးမီးယားလိဂ်ပွဲစဉ် (၁)၊ ပွဲစဉ်(၆) ပွဲစဉ်(၇)နှင့် ပွဲစဉ်(၉)တို့တွင် ချယ်လ်ဆီးအသင်းမှ ကစားသမားများက ဆွတ်ခူးနိုင်ခဲ့ကြခြင်းဖြစ်သည်။

ပရီးမီးယားလိဂ်ပွဲစဉ်(၁)တွင် ကွင်းလယ်ကစားသမား ကိုးလ်ပယ်မာ၊ ပွဲစဉ်(၆)တွင် ဝါရင့်ကစားသမား ဟတ်ဒါဆန်၊ ပွဲစဉ်(၇)တွင် တောင်ပံကစားသမား နက်တို့နှင့် လက်ရှိပွဲစဉ်(၉)တွင် လတ်ဗီးယားက ဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

Ref;Premierleague

GiveMeSport ကရွေးချယ်ခဲ့သည့် ချန်ပီယံလိဂ်ပြိုင်ပွဲ ထာဝရနေရာအလိုက် အကောင်းဆုံးကစားသမားစာရင်းတွင် ရီးယဲလ်မက်ဒရစ်အသင်းမှအများစုပါဝင်

မက်ဒရစ် နိုဝင်ဘာ ၅

ထိပ်တန်း အားကစားသတင်းဝက်ဘ်ဆိုက်တစ်ခုဖြစ်သည့် Give-MeSport ကရွေးချယ်ခဲ့သည့် ချန်ပီယံလိဂ်ပြိုင်ပွဲ၏ ထာဝရနေရာအလိုက်အကောင်းဆုံးကစားသမားစာရင်းတွင် ရီးယဲလ်မက်ဒရစ်အသင်းမှ ကစားသမားဟောင်းအများစုပါဝင်လာကြောင်း သိရသည်။

GiveMeSport က ချန်ပီယံလိဂ်ပြိုင်ပွဲ၏ ထာဝရနေရာအလိုက် အကောင်းဆုံးကစားသမားစာရင်းကို ၄-၃-၃ ပုံစံဖြင့် ရွေးချယ်ခဲ့ခြင်းဖြစ်သည်။ အကောင်းဆုံးကစားသမားစာရင်းတွင် ရီးယဲလ်မက်ဒရစ်အသင်းမှ ကစားသမားဟောင်းရှစ်ဦးအထိပါဝင်ပြီး ဘာစီလိုနာအသင်း ကစားသမားဟောင်းနှစ်ဦးနှင့် အေစီမီလန်အသင်းကစားသမားဟောင်းတစ်ဦး ပါဝင်လာသည်။

အကောင်းဆုံး ကစားသမားစာရင်း၌ ဂိုးသမားနေရာတွင် ရီးယဲလ်မက်ဒရစ်အသင်းနှင့်အတူ ကာလရှည်ကစားခဲ့ပြီး အောင်မြင်မှုများရယူနိုင်ခဲ့သည့် ဂိုးသမား ကာဆီးလက်၊ ခံစစ်ကစားသမား လေးဦးနေရာတွင် ရီးယဲလ်မက်ဒရစ်အသင်းမှ ကစားသမားဟောင်းများဖြစ်ကြသည့် ဘယ်ခံစစ်နေရာ၌ မာဆယ်လို၊ ညာခံစစ်နေရာ၌ ကာဗာဂျယ်၊ ဗဟိုခံစစ်နေရာ၌ ရာမို့စ်နှင့် အေစီမီလန်အသင်း ဂန္ဓဝင်ကစားသမား မာဒီနီတို့ပါဝင်လာကြသည်။

အလားတူ ကွင်းလယ်ကစားသမား သုံးဦးနေရာတွင်လည်း ရီးယဲလ်မက်ဒရစ်အသင်း ကစားသမားဟောင်းများ ဖြစ်ကြသည့် လူကာမိုဒရစ်၊ ကက်စ်မဲရိုးတို့နှင့်အတူ ဘာစီလိုနာအသင်း ဂန္ဓဝင်ကစားသမားတစ်ဦးဖြစ်သည့် အင်နီယေစတာ ပါဝင်လာသည်။

တိုက်စစ်ကစားသမား သုံးဦးနေရာတွင် ရီးယဲလ်မက်ဒရစ်အသင်း ကစားသမားဟောင်း ဘင်ဇီမာနှင့်



စီရော်နယ်ဒို၊ ဘာစီလိုနာအသင်း ပါဝင်လာကြောင်း သိရသည်။

Ref;GiveMeSport

ဘာစီလိုနာအသင်း အဓိကကွင်းလယ်ကစားသမားရိုဒရီ ပေါင်ကြွက်သား ဒဏ်ရာကြောင့် တစ်လခန့်အနားယူရမည်

ဘာစီလိုနာ နိုဝင်ဘာ ၅

ဘာစီလိုနာအသင်း၏ အဓိကကွင်းလယ်ကစားသမားတစ်ဦးဖြစ်သည့် ရိုဒရီသည် ညာဘက်ပေါင်ကြွက်သားဒဏ်ရာကြောင့် အနည်းဆုံးတစ်လခန့် အနားယူရမည်ဖြစ်ကြောင်း သိရသည်။

ရိုဒရီသည် ချန်ပီယံလိဂ်ပြိုင်ပွဲ အုပ်စုပွဲစဉ်(၄)အဖြစ် ကစားခဲ့သည့် ဘာစီလိုနာအသင်းနှင့် အက်စ်တွန်ဗီလာအသင်းတို့ပွဲစဉ်၌ ပထမပိုင်းပြီးဆုံးခါနီးတွင် ညာဘက်ပေါင်ကြွက်သားဒဏ်ရာရရှိခြင်းဖြစ်ပြီး အသေးစိတ်ဆေးစစ်မှုများလုပ်ဆောင်ပြီးနောက် ကြံခိုင်မှုပြန်လည်ပြည့်ဝရန် အနည်းဆုံးတစ်လခန့်အနားယူရမည်ဖြစ်ကြောင်း ဘာစီလိုနာအသင်းက အတည်ပြုကြေညာခဲ့ခြင်းဖြစ်သည်။

ရိုဒရီသည် ပြီးခဲ့သည့်နွေရာသီကစားသမားအပြောင်းအရွှေ့ကာလက မန်စီးတီးအသင်းမှ ဘာစီလိုနာအသင်းသို့ ပြောင်းရွှေ့ကစားခဲ့သူဖြစ်ပြီး အသင်းကွင်းလယ်ပိုင်း၌ အကောင်းဆုံးခြေစွမ်းပြနိုင်ကာ အဓိကကစားသမားတစ်ဦးအဖြစ် ပါဝင်နေသူဖြစ်သည်။ ယခုအခါ ရိုဒရီကို တစ်လခန့် လက်လွှတ်ရမည်ဖြစ်သည့်အတွက် ဘာစီလိုနာအသင်း ကွင်းလယ်ပိုင်းအတွက် ထိုးနှက်ချက်ဖြစ်လာဖွယ်ရှိသည်။

ရိုဒရီအနေဖြင့် တစ်လခန့် အနားယူရမည်ဖြစ်သည့်အတွက် အက်သလက်တီကိုအသင်း၊ ဗီလာရီးယဲလ်အသင်း စသည့်အသင်းများနှင့်ကစားမည့် အရေးကြီးပွဲစဉ်များအပြင် နိုဝင်ဘာလ ၂၉ ရက်တွင် ကစားမည့် ဒီပို့တီဗိုအသင်းနှင့်ပွဲစဉ်အထိ လွဲချော်ဖွယ်ရှိနေကြောင်း သိရသည်။

Ref;Fabrizio Romano

အယ်လ်နီညိုရာသီဥတုဆိုင်ရာ အသိပညာပေးဟောပြောပွဲကျင်းပ

ရမည်းသင်း နိုဝင်ဘာ ၅

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ် ကန်မြင့်ကျေးရွာ၌ မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အယ်လ်နီညိုရာသီဥတု ဖြစ်စဉ်ကြောင့် သောက်သုံးရေရှားပါးပြတ်လပ်မှု မရှိစေရေးနှင့် အယ်လ်နီညိုရာသီဥတုဆိုင်ရာ အသိပညာပေးဟောပြောပွဲကို ယနေ့နံနက်ပိုင်းတွင် တာဝန်ရှိသူများက ကွင်းဆင်းဆောင်ရွက်သည်။

ထိုသို့ ဆောင်ရွက်ရာတွင် ရမည်းသင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်အေးအေးဝင်းနှင့်တာဝန်ရှိသူများသည် မြို့နယ်အတွင်းရှိကန်မြင့်ကျေးရွာ၏လက်ရှိရေသုံးစွဲမှုအခြေအနေများကိုကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ မြို့နယ်ဦးစီးမှူးနှင့် တာဝန်ရှိသူများသည် ကန်မြင့်ကျေးရွာရှိ ရေရရှိရေးကော်မတီဝင်များ၊ ရပ်မိရပ်ဖများနှင့် တွေ့ဆုံကာ အယ်လ်နီညိုရာသီဥတုဖြစ်စဉ်ကြောင့် ဖြစ်ပေါ်လာနိုင်သည့် မိုးရွာသွန်းမှုများ မူမမှန်ခြင်း၊ မိုးခေါင်ခြင်း၊ ရေရှားခြင်းများဖြစ်ပေါ်လာနိုင်သည့် အတွက် သောက်သုံးရေပြတ်လပ်မှု မရှိစေရေး၊ ရေကိုကြိုတင်စုဆောင်းထားရှိရန်၊ ရေကိုလေလွင့်မှုမရှိအောင် စနစ်တကျသုံးစွဲကြရန်၊ အယ်လ်နီညို အပူဒဏ်ကာကွယ်ရေးလိုက်နာဆောင်ရွက်ရန် အချက်များ၊ ရှောင်ကြဉ်ရန်အချက်များကို အသိပညာပေးဟောပြောပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးကြောင်း သိရသည်။

ချိုသန်းညွှန့်(ကျေးလက်)

ကောက်ပဲသီးနှံများတွင် ဓာတ်ကြွင်းလျှော့ချရေး ပညာပေးဆွေးနွေး

ဒိုက်ဦး နိုဝင်ဘာ ၅

ပဲခူးတိုင်းဒေသကြီး ဒိုက်ဦးမြို့အမှတ်(၃)တောင်သူပညာပေးစခန်း၌ နိုဝင်ဘာလ ၄ ရက်နံနက်ပိုင်းတွင် ကောက်ပဲသီးနှံများတွင် ဓာတ်ကြွင်းလျှော့ချရေး ပညာပေးဆွေးနွေးပွဲကျင်းပသည်။

ရှေးဦးစွာ ဒိုက်ဦးမြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးသန်းထွန်းအေးက အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် ပဲခူးတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန ဒုတိယတိုင်းဒေသကြီးဦးစီးမှူး ဦးမြတ်မင်းထွေးက ဆွေးနွေးပွဲကျင်းပရခြင်းရည်ရွယ်ချက်ကို ရှင်းလင်းဆွေးနွေးပြီး တိုင်းသီးနှံကာကွယ်ရေးတာဝန်ခံ ဒေါ်အေးအေးမြင့်က သီးနှံများတွင် ဓာတ်ကြွင်းလျှော့ချရေးဆိုင်ရာ အချက်အလက်များကို အကျယ်တဝင့် ရှင်းလင်းပြောကြားကြောင်း သိရသည်။



(၄၁၀)

စားအုန်းဆီအခြေခံလက်ကားရည်ညွှန်းဈေးနှုန်း
တစ်ပိသာ ငွေကျပ် ၇၄၅၀ ဖြစ်ကြောင်း ထုတ်ပြန်ကြေညာ

နေပြည်တော် နိုဝင်ဘာ ၅

စားသုံးသူပြည်သူများစားသုံးဆီဝယ်ယူစားသုံးရာတွင် ဘေးအန္တရာယ်ကင်းရှင်းပြီး သင့်တင့်သောဈေးနှုန်းဖြင့် ဝယ်ယူစားသုံးနိုင်စေရန်နှင့် ပြည်တွင်းလိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီက ဆောင်ရွက်ပေးလျက်ရှိသည်။

စားအုန်းဆီကို ပြည်ပမှဝယ်ယူတင်သွင်းရာတွင် စားအုန်းဆီတင်ပို့သည့်နိုင်ငံများ၏ ဈေးနှုန်းအတက်အကျပေါ်မူတည်၍ ပြည်တွင်း၌ဖြစ်သင့်ဖြစ်ထိုက်သည့်ဈေးနှုန်းများဖြစ်ပေါ်စေရေးကို ထိန်းကျောင်းဆောင်ရွက်လျက်ရှိသည်။

ပြည်ပမှ စားအုန်းဆီထုတ်လုပ်တင်ပို့သည့်နိုင်ငံများတွင် ဈေးကွက်နှင့် ဈေးနှုန်းဖြစ်ပေါ်မှုများအရ နိုဝင်ဘာလ ၆ ရက်မှ ၁၂ ရက်အထိ ရန်ကုန်အထိုင်ဈေး အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းမှာ စားအုန်းဆီတစ်ပိသာလျှင် ငွေကျပ် ၇၄၅၀ ဖြစ်ကြောင်း စားသုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီက အသိပေးထုတ်ပြန်ကြေညာထားကြောင်း သိရသည်။

စားအုန်းဆီအခြေခံလက်ကားရည်ညွှန်းဈေးနှုန်းကို အပတ်စဉ်သောကြာနေ့တိုင်းထုတ်ပြန်ကြေညာလျက်ရှိပြီး စားသုံးသူပြည်သူများအနေဖြင့် စားသုံးသူရေးရာဦးစီးဌာန၏ Website: www.doca.gov.mm၊ Facebook Page နှင့် မြန်မာနိုင်ငံ ဆီကုန်သည်နှင့်ဆီလုပ်ငန်းရှင်များအသင်း၏ Facebook Pageတို့တွင် ဝင်ရောက်ကြည့်ရှုလေ့လာနိုင်ကြောင်း သိရသည်။

မြဝတီ

အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH ၊ NUG ၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

⇨ **ငှက်မျိုးစိတ်မှ**

၁၂ မျိုး မိုးယွန်းကြီးအင်းတောရိုင်းတိရစ္ဆာန်ဘေးမဲ့တောတွင် ဆောင်းခိုငှက်များအဖြစ် စတင်ဝင်ရောက်ကျက်စားနေပြီဖြစ်ကြောင်း သိရသည်။

အယ်လ်နီညိုဖြစ်စဉ်ကြောင့် ဆောင်းရာသီတွင် ရေဝပ်ဒေသများနှင့် ဘေးမဲ့တောများရှိရာသို့ ဆောင်းခိုငှက်များ ဝင်ရောက်ကျက်စားမှုအခြေအနေပြောင်းလဲနိုင်မှုကို စောင့်ကြည့်နေကြပြီး ယခုအခါ မိုးယွန်းကြီးအင်းနှင့် ဆက်စပ်ရေဝပ်ဧရိယာများသို့ ဆောင်းခိုငှက်များ စတင်ဝင်ရောက်လာခြင်းဖြစ်သည်။

"မိုးယွန်းကြီးအင်းကို ဆောင်းခိုငှက်အချို့ စတင်ဝင်ရောက်နေတာ ရှိပါတယ်။ ဆောင်းခိုငှက် ဘဲပြာကလေးဆိုရင် မနှစ်ကထက်စောပြီး ဝင်လာတာတွေ့ရတယ်။ ဒါက ထူးခြားမှုပါ။ ဒီနှစ်က အယ်လ်နီညိုဖြစ်စဉ်ကြောင့် ဆောင်းခိုငှက် ဝင်ရောက်မှုအခြေအနေကို စောင့်ကြည့်ရဦးမှာပါ" ဟု ပဲခူးတိုင်းဒေသကြီး မိုးယွန်းကြီးအင်းတောရိုင်း တိရစ္ဆာန်ဘေးမဲ့တော အုပ်ချုပ်ရေးမှူးက ပြောသည်။

ပဲခူးတိုင်းဒေသကြီး မိုးယွန်းကြီးအင်း တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောသို့ ဆောင်းဦးရာသီ၌ ကမ္ဘာပေါ်တွင် မျိုးသုဉ်းရန်အန္တရာယ်ရှိနေသည့် ခရုစုတ်ခေါင်းမဲ၊ ငှက်ကြီးဝန်ပို၊ ဂျေါတွေ့၊ မြစ်တွေး၊ ငှက်ကျား၊ ဥပန်း၊ စာဘုန်းကြီး၊ ကြိုးကြာ၊ လင်းယုန်၊ ချည်ခင်စွပ်၊ ဘဲနီစပ်နှင့် နှုတ်သီးဂေါက်ကြီးစသည့် ဆောင်းခိုငှက်မျိုးစိတ်များ ဝင်ရောက်ကျက်စားမှုရှိပြီး ပြီးခဲ့သည့် ဆောင်းရာသီတွင်မိုးယွန်းကြီးအင်းသို့ ဆောင်းခိုငှက်ပေါင်း ၃၀၀၀၀ ကျော် ကျက်စားခဲ့သည်။

မိုးယွန်းကြီးအင်း တောရိုင်းတိရစ္ဆာန် ဘေးမဲ့တောအပါအဝင် လန်ပိအဏ္ဏဝါ အမျိုးသားဥယျာဉ်၊ အင်းလေးကန်၊ အင်းတော်ကြီးကန်၊ မိန်းမလှကျွန်း၊ စလင်းဝကတီးကန် စသည့်ဘေးမဲ့တောများသို့ နှစ်စဉ် ဆောင်းခိုငှက်များနှင့်ကမ္ဘာပေါ်တွင် မျိုးသုဉ်းရန်အန္တရာယ်ရှိနေသည့် ရေပျော်ငှက်များဝင်ရောက်ကျက်စားလေ့ရှိကြောင်း သိရသည်။

ညိမ်းသူ(သတင်းစဉ်)

❖ **သဘာဝကပေး ရေချိုအေး၊ ခန်းခြောက်မသွားအောင် ထိန်းသိမ်းပေး။**

❖ **မိုးခေါင်ရေရှား ရင်ဆိုင်ငြားက ရေချိုစုဆောင်း နောင်ရေးကောင်း၏။**

ပျောက်ဆုံးကြောင်း
မေလွှာသန်း(ဘ)ဦးသန်းရွှေ ၇/ပခန(နိုင်) ၃၄၄၀၁၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၆၂၃၀၅၅၁၁

ပျောက်ဆုံးကြောင်း
သန့်ဇင်အောင်(ဘ)ဦးမောင်မောင်ဌေး ၁၂/ဒဂတ(နိုင်)၀၈၈၂၁၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MG 069688)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၈၆၈၀၉၉၇၆

ပျောက်ဆုံးကြောင်း
သက်လွင်မောင်(ဘ)ဦးတင့်လွင် ၇/ပတန(နိုင်)၁၀၅၅၆၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၃၀၄၃၃၆၁

ပျောက်ဆုံးကြောင်း
မစန္ဒာကျော်(ဘ)ဦးမောင်ကျော် ၇/ထတပ(နိုင်)၀၉၃၀၈၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၅၃၀၇၂၆

ပျောက်ဆုံးကြောင်း
အောင်ဌေး(ဘ)ဦးကံမြင့် ၁၂/ကမရ(နိုင်) ၀၂၉၉၅၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၉၂၄၅၄၆၁

ပျောက်ဆုံးကြောင်း
ပြည့်ပြည့်ဖြိုး(ဘ)ဦးသန်းဝင်း ၁၀/သထန(နိုင်)၂၀၂၇၇၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၀၇၄၁၅၆

ပျောက်ဆုံးကြောင်း
ဆန်းကျော်(ဘ)ဦးစိုးမင်း ၉/ကပတ(နိုင်) ၂၄၃၅၆၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၇၇၇၃၇၈၄၁

ပျောက်ဆုံးကြောင်း
ဌေးဌေး(ယ)ဦးကြောင်ထွက်စိန်၁၂/မရက(ပြု) ၀၀၀၀၇၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၅၀၂၁၁၆

ပျောက်ဆုံးကြောင်း
ရဲဇာနည်ဟိန်း(ဘ)ဦးမြလွင်၁၃/ပလတ(နိုင်) ၀၀၇၅၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၈၀၂၆၀၀၄၅

ပျောက်ဆုံးကြောင်း
ပြည်စုံအောင်(ဘ)ဦးဓိဟာမတ်အိစပ် ၁၂/ဒဂတ(နိုင်)၁၅၄၂၂၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၆၆၉၄၅၅၅၀၂

ပျောက်ဆုံးကြောင်း
ဥမ္မာသင်း(ဘ)ဦးစိန်မြင့်မောင်၁၂/ဥကမ(နိုင်) ၂၅၂၂၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၉၉၆၂၁၃၂၁

ပျောက်ဆုံးကြောင်း
ချစ်သဲအောင်(ဘ)ဦးညွှန့်ဆွေ ၇/ရတန(နိုင်) ၁၀၅၈၂၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၉၉၆၂၁၃၂၂၁

ပျောက်ဆုံးကြောင်း
ယန်တားမီး(ဘ)ဦးစိုင်းဝင်း ၁၃/မမတ(နိုင်) ၀၅၀၆၅၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၆၃၈၆၀၄၃

ပျောက်ဆုံးကြောင်း
ထက်အောကာကျော်(ဘ)ဦးကိုကိုအောင် ၆/ကသန(နိုင်)၁၀၂၄၃၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၂၅၀၅၁၁၁၇၇

ပျောက်ဆုံးကြောင်း
မင်းကောင်းထက်(ဘ)ဦးအေးသိန်း ၃/ဘအန(နိုင်)၃၄၄၆၁၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(ME 891277)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၂၅၀၅၁၁၁၇၇

ပျောက်ဆုံးကြောင်း
ရဲအောင်(ဘ)ဦးလှနွယ် ၁၂/သဃက(နိုင်) ၀၀၁၆၉၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MG 975214)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အ ကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၂၅၀၅၁၁၁၇၇

ပျောက်ဆုံးကြောင်း
မင်းဝိုင်(ဘ)ဦးဇော်ဝမ်း ၃/ကကရ(နိုင်) ၂၇၁၂၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MF 107848)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အ ကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၂၅၀၅၁၁၁၇၇

ပျောက်ဆုံးကြောင်း
ခင်အေး(ဘ)ဦးကျင်ဟန် ၇/သနပ(နိုင်) ၁၄၅၅၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၀၇၄၁၅၆

ပျောက်ဆုံးကြောင်း
ဇင်ဇင်မိုး(ဘ)ဦးပန်းလှိုင် ၇/သနပ(နိုင်)၁၄၂၁၀၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၀၇၄၁၅၆

ပျောက်ဆုံးကြောင်း
အေးချေ(ဘ)ဦးအောင်သိန်းဦး ၁၁/ကတန(နိုင်)၀၅၀၇၉၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MJ 067085)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

ပျောက်ဆုံးကြောင်း
နိုင်အောင်(ဘ)ဦးအောင်စိုး ၁၄/ဇလန(နိုင်)၁၁၉၂၁၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MD 269507)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန
၂၀၂၆ - ၂၀၂၇ ဘဏ္ဍာရေးနှစ်၊ အထွေထွေပို့လျှံရန်ပုံငွေ(GRF)ဖြင့်ဆောင်ရွက်မည့် အကြီးစားပြင်ဆင်ခြင်းလုပ်ငန်း(၁)ခုအတွက် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာနအောက်ရှိ နည်းပညာတက္ကသိုလ်(မုံရွာ)တွင် ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်၊ အထွေထွေပို့လျှံရန်ပုံငွေ(GRF)ဖြင့် တစ်ထပ်စာသင်ဆောင် (၁)ခု ပြင်ဆင်ဆောင်ရွက်ရန်ရှိပါသဖြင့် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါ တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန(ရုံးချုပ်)၊ အင်ဂျင်နီယာဌာန၊ HRD Building၊ နေပြည်တော်တွင် (၄-၁၁-၂၀၂၆)ရက်နေ့မှ(၁၈-၁၁-၂၀၂၆)ရက်နေ့ အထိ ရုံးချိန်အတွင်း ရောင်းချမည်ဖြစ်ပြီး ပြန်လည်တင်သွင်းလာမည့်တင်ဒါပုံစံများအား (၁၈-၁၁-၂၀၂၆)ရက်နေ့တွင် ရုံးချိန်အတွင်း တင်ဒါပုံစံဝယ်ယူခဲ့သောနေရာ၌ ပြန်လည်တင်သွင်းရမည်ဖြစ်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါပုံစံ၊ စည်းကမ်းချက်များနှင့် အသေးစိတ်အချက်အလက်များကို ရုံးချိန်အတွင်း ဖုန်း-၀၆၇-၃၄၀၄၆၅၀(ဦးစီးဌာန၊ ရုံးချုပ်)တွင် ဆက်သွယ်စုံစမ်းနိုင်ပြီး ဦးစီးဌာန၏ Website ဖြစ်သော https://dast.edu.mm/ တွင်လည်း ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန

ရန်ကုန်အထိုင်လက်ကား မြေဩဇာရည်ညွှန်းဈေးနှုန်းများ သိရှိနိုင်ပါရန် ကြေညာခြင်း

၁။ ယူရီးယားမြေဩဇာဝယ်ယူဖြန့်ဖြူးရောင်းချရေး ဦးဆောင်ကော်မတီ၏ကြီးကြပ်မှုဖြင့် မြန်မာနိုင်ငံမြေဩဇာ၊ မျိုးစေ့နှင့် စိုက်ပျိုးရေးဆေးလုပ်ငန်းရှင်များအသင်း(MFSPEA)အနေဖြင့် တောင်သူများ အဓိက သုံးစွဲလျက်ရှိသော အောက်ပါမြေဩဇာများကို ဖော်ပြပါဈေးနှုန်းအတိုင်း ရန်ကုန်အထိုင်လက်ကားဈေးနှုန်း အဖြစ် ၁-၁၁-၂၀၂၆ ရက်နေ့မှ ၃၀-၁၁-၂၀၂၆ ရက်နေ့အထိရောင်းချရန် အသင်းဝင်ကုမ္ပဏီများသို့ ညွှန်ကြားထားရှိပါသည်-

(က) ယူရီးယားမြေဩဇာ(အလုံးကြီး) ၅၀ ကီလိုတစ်အိတ် ၁၂၄,၆၀၀ ကျပ်

(ခ) DI Ammonium Phosphate အခြေခံ ၁၅ ပတ်လည် ၅၀ ကီလိုတစ်အိတ် ၁၅၀,၀၀၀ ကျပ်

၂။ Complex ၁၅ ပတ်လည်မြေဩဇာကို ရည်ညွှန်းဈေးနှုန်းသတ်မှတ်ခြင်းမရှိပါ။ အထက်ပါဈေးနှုန်းများသည် ရန်ကုန်အထိုင်လက်ကားဈေးနှုန်း လက်ငင်းငွေချေစနစ်ဈေးများဖြစ်ပါသည်။ အဆိုပါဈေးနှုန်းများသည် ဒေသအလိုက်သယ်ယူပို့ဆောင်စရိတ်များအပေါ်တွင်မူတည်၍ ဈေးနှုန်းကွာခြားနိုင်ပါသည်။ ရည်ညွှန်းဈေးနှုန်းများနှင့်အညီရောင်းချခြင်းမရှိပါက အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်အသိပေးနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

(က) ဦးဆောင်ကော်မတီ ၀၆၇-၄၁၀၀၃၅

(ခ) MFSPEA အသင်း ၀၉-၉၈၈၅၃၉၃၆၀

မြန်မာနိုင်ငံ မြေဩဇာ၊ မျိုးစေ့နှင့် စိုက်ပျိုးရေးဆေးလုပ်ငန်းရှင်များအသင်း

ဝမ်းနည်းကြေကွဲခြင်း
ဦးစိန်အေး(ကာတွန်းအိမောင်)
အသက်(၇၁)နှစ်

မြန်မာနိုင်ငံစာရေးဆရာအသင်း၊ ပုဗ္ဗသိရိမြို့နယ်အသင်းဝင် ဦးစိန်အေး(ကာတွန်းအိမောင်)သည် ၄-၁၁-၂၀၂၆ ရက်(ဗုဒ္ဓဟူးနေ့)တွင် နေအိမ်၌ ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

မြန်မာနိုင်ငံစာရေးဆရာအသင်း
ပုဗ္ဗသိရိမြို့နယ်

ဖခင်တစ်ဦးတည်းဖြစ်ကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ သင်္ဃန်းကျွန်းမြို့နယ်၊ (၂၉)ရပ်ကွက်၊ မင်းဒင်လမ်းနေ မသက်ထားဆု၊ မောင်ဇွဲမာန်ပိုင်၊ မောင်ဇွဲယံပိုင်တို့၏ဖခင် ဦးမျိုးဇော်ဦး(ခ)ဦးမျိုးဇော်မင်းဦး ၁၂/သဃက(နိုင်) ၀၀၀၃၇၂ သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

ဦးမျိုးဇော်ဦး(ခ)ဦးမျိုးဇော်မင်းဦး

တစ်ဦးတည်းဖြစ်ကြောင်းနှင့် မွေးသက္ကရာဇ်အမှန်

မော်လမြိုင်မြို့နယ်၊ ဆည်မြောင်းဦးစီးဌာန၊ ညွှန်ကြားရေးမှူးရုံးမှ ဒေါစန်းစန်းဝင်း ၁၀/သထန(နိုင်)၀၁၉၁၄၃ ကိုင်ဆောင်သူ၏ဖခင် ဦးဘဌေး(ခ)ဦးဘငွေမှာ တစ်ဦးတည်းဖြစ်ပါကြောင်းနှင့် ဒေါစန်းစန်းဝင်း၏ မွေးသက္ကရာဇ်အမှန်မှာ ၁၈-၁၀-၁၉၆၈ ဖြစ်ပါကြောင်း။

ဦးဘဌေး(ခ)ဦးဘငွေ၊ ၁၈-၁၀-၁၉၆၈

သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
မြန်မာ့သစ်လုပ်ငန်း
ဒီဇယ်ဆီအိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

၁။ မြန်မာ့သစ်လုပ်ငန်းတွင် သုံးစွဲရန်လိုအပ်သောဒီဇယ်ဆီများကို မြန်မာကျပ်ငွေဖြင့်ဝယ်ယူလိုပါ၍ အိတ်ဖွင့်တင်ဒါ(Open Tender)ပေးသွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ ဝယ်ယူမည့်ဂါလန်အရေအတွက်နှင့် ပေးပို့ရမည့်နေရာအသေးစိတ်အားရောင်းချမည့်တင်ဒါပုံစံတွင် ဖော်ပြထားပါသည်။

၃။ အသေးစိတ်သိရှိလိုပါက မြန်မာ့သစ်လုပ်ငန်း(ရုံးခွဲ)၊ ရွှေတိဂုံဘုရားလမ်း၊ အင်ဂျင်နီယာဌာနသို့ ရုံးချိန်အတွင်း စုံစမ်းနိုင်ပါသည်။

တင်ဒါရောင်းချမည့်ရက် - ၅-၁၁-၂၀၂၆/နံနက် ၁၀:၀၀ နာရီ
တင်ဒါပိတ်မည့်ရက် - ၁၉-၁၁-၂၀၂၆/နေ့လယ် ၁၅:၀၀ နာရီ
တင်ဒါရောင်းချမည့်နေရာ - အင်ဂျင်နီယာဌာန၊ မြန်မာ့သစ်လုပ်ငန်း

တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ
အမှတ်-၇၄/၇၆၊ ရွှေတိဂုံဘုရားလမ်း၊ ရန်ကုန်မြို့၊
ဖုန်း-၀၁-၈၂၅၄၁၉၊ ၀၉-၅၂၄၁၆၀၅၊ ၀၉-၅၁၁၈၉၂၅

အမျှားသီစေရန်ကြေညာခြင်း

ထားဝယ်ခရိုင်၊ ထားဝယ်မြို့နယ်၊ ကန်နိုင်းဒါကျေးရွာအုပ်စု၊ ကွင်းအမှတ်နှင့် အမည် ၁၃၃/ကနိုင်းဒါ ဦးပိုင်အမှတ် ၁၇၂/၂ မြေချိန်ဧရိယာ ၂.၉၀ ဧကအား အခွန်စည်းကြပ်ခံရသူ ကျွန်တော် ဦးအောင်ဝင်းအမည်ဖြင့် လယ်ယာမြေလုပ်ကိုင်ခွင့်လက်မှတ်မြေစာရင်းပုံစံ(၁၀၅)နှင့် ပုံစံ(၇)ရရှိပြီးဖြစ်ပါသည်။ အဆိုပါမြေကွက်မှာ မိမိတစ်ဦးတည်းပိုင်ဖြစ်လျက် အခြားတစ်စုံတစ်ယောက်က ဖော်ပြပါမြေယာအား ပေါင်နှံရောင်းချ၊ စွန့်ကြဲပေးကမ်း၊ လှူဒါန်းခြင်း မပြုလုပ်ရန် တားမြစ်ကြေညာလျက် ကျွန်ုပ်၏ခွင့်ပြုချက်မရှိဘဲ ဆောင်ရွက်ပါက တည်ဆဲဥပဒေအရ စီစဉ်မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

(ပုံ)ဦးအောင်ဝင်း

ကွာရှင်းပြတ်စဲပြီးကြောင်း ကြေညာခြင်း

ကျွန်တော် ဦးမော်ရဲအောင်(ဘ)ဦးရွှေမော် ၉/ကဆန(နိုင်) ၁၅၉၈၄၇ နှင့် ဒေါဇင်သူအောင်(ဘ)ဦးအောင်ဇော်မင်း ၁၂/တကန(နိုင်)၂၄၄၄၃၄ တို့သည် စိတ်သဘောထားချင်းတိုက်ဆိုင်မှုမရှိ၍ ဆက်လက်ပေါင်းသင်းနေထိုင်ရန် မဖြစ်နိုင်သောကြောင့် အကြင်လင်မယားအဖြစ်မှ (၂၇-၈-၂၀၂၆)ရက်နေ့တွင် အသိသက်သေများရှေ့၌ နှစ်ဦးသဘောတူကွာရှင်းပြတ်စဲပြီးဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

ဦးမော်ရဲအောင်

SHWE PHONE NYUNT COMPANY LIMITED
လူမွဲခံယူခြင်းဆိုင်ရာဥပဒေ ၁၄၇(က)အရ
အစုရှင်များ၏ ဆန္ဒအရ စာရင်းရှင်းလင်းဖျက်သိမ်းခြင်း

၁။ ၂၀၂၆ ခုနှစ်၊ နိုဝင်ဘာလ(၄)ရက်နေ့တွင် ကုမ္ပဏီရုံးခန်းဌိုကျင်းပပြုလုပ်သော အစုရှယ်ယာရှင်များ၏အထွေထွေအစည်းအဝေးဆုံးဖြတ်ချက်အရ SHWE PHONE NYUNT COMPANY LIMITED အား (၄-၁၁-၂၀၂၆)ရက်နေ့မှစ၍ အစုရှယ်ယာရှင်များ၏ဆန္ဒအလျောက် စာရင်းရှင်းလင်းဖျက်သိမ်းရန် ဆုံးဖြတ်ခဲ့ပြီးဖြစ်ပါသည်။ ယင်းသို့ စာရင်းရှင်းလင်းဖျက်သိမ်းရာတွင် ဦးကျော့မောင်(လက်မှတ်ရပြည်သူ့စာရင်းကိုင်)လူမွဲခံယူခြင်းဆိုင်ရာကျွမ်းကျင်သူ(စဉ်-၁၀၉၅၅၀) အား စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ်ခန့်အပ်လိုက်ပါသည်။ ကုမ္ပဏီမှ ရရန်နှင့် ပေးရန်ရှိသည်များကို ၂၀၂၇ ခုနှစ်၊ နိုဝင်ဘာလ(၃)ရက်နေ့ကိုနောက်ဆုံးထား၍ အထက်ဖော်ပြပါ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံသို့ ဆက်သွယ်တောင်းခံခြင်းများနှင့် ပေးသွင်းခြင်းများ ပြုလုပ်နိုင်ကြောင်း ကြေညာအပ်ပါသည်။

စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ

ဦးကျော့မောင်
လူမွဲခံယူခြင်းဆိုင်ရာ ကျွမ်းကျင်သူ(စဉ်-၁၀၉၅၅၀)
အမှတ်-၃၊ ၁၀၅ လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊
ရန်ကုန်မြို့။

U Win Nyunt
Managing Director
SHWE PHONE NYUNT CO., LTD.

ပျောက်ဆုံးကြောင်း

ဝေါမြို့နယ်၊ လက်ပန်ကျေးရွာနေ မလဲ့ရီဝင်း(ဘ)ဦးသန်းမြင့် ၇/၀မန(နိုင်)၁၃၇၂၁၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(ME 256513)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၂၀၇၄၁၅၂

ပျောက်ဆုံးကြောင်း

ဝေါမြို့နယ်၊ ဝိုင်းပါတ်ကျေးရွာနေ မောင်စိန်မြမိုး(ဘ)ဦးတင်ဦး ၇/၀မန(နိုင်)၁၆၂၂၆၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(ME 484410)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၂၀၇၄၁၅၂

ပျောက်ဆုံးကြောင်း

မြဝတီမြို့၊ အမှတ်(၃)ရပ်ကွက်နေ မောင်မင်းဌေး(ဘ)ဦးစန်းကြည် ၇/၀မန(နိုင်)၁၃၆၅၇၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(ME 188760)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၂၀၇၄၁၅၂

ပျောက်ဆုံးကြောင်း

ဘားအံမြို့နယ်၊ ကောရင်းအောက်နေ စောသိန်းဇော် ဦး(ဘ)ဦးမြခိုင် ၃/ဘအန(နိုင်)၃၅၁၄၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၂၀၇၄၁၅၂

မွေးသက္ကရာဇ်အမှန်

လယ်ဝေးမြို့၊ အ.လ.က(ခွဲ)(မြို့မ) Grade-9(A) မှ မရွှေရုပ်လွှာ၏မွေးသက္ကရာဇ်အမှန်မှာ ၂၀-၁၀-၂၀၁၀ ဖြစ်ပါကြောင်း။

၂၀-၁၀-၂၀၁၀

ဖခင်အမည်မှန်

မကွေးတိုင်းဒေသကြီး၊ ရေစကြိုမြို့၊ စိတ္တသုခအ.ထ.က တွင် ဆန္ဒမတန်းထိပညာသင်ကြားခဲ့သော ကျောင်းဝင်အမှတ် ၉၂၆၈ မောင်သူရဟိန်း၏ဖခင် ဦးမောင်နိုင်၏အမည်မှန်မှာ ၈/ရစက(နိုင်)၁၃၆၃၃၈ အရ ဦးစိုးနိုင်ဖြစ်ပါကြောင်း။

ဦးစိုးနိုင်

ပျောက်ဆုံးကြောင်း

စအောင်ပိုင်ထက်(ဘ)ဦးသူရိန်အုန်း ၁၄/ကပန(နိုင်)၂၇၅၈၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၂၀၇၄၁၅၂

ပျောက်ဆုံးကြောင်း

ဇော်ဝင်းနိုင်(ဘ)ဦးငွေသောင်း ၅/ကဘလ(နိုင်)၁၆၅၃၆၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၂၀၇၄၁၅၂

ပျောက်ဆုံးကြောင်း

နန့်ဝေဇင်ဦး(ဘ)ဦးသန်းဦး ၁၄/အမန(နိုင်) ၂၀၇၀၈၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၉၈၉၉၃၄၇၁၇၁

ပျောက်ဆုံးကြောင်း

ဇော်ဇော်အောင်(ဘ)ဦးရှိန်း ၇/ရကန(နိုင်) ၀၀၀၁၄၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၆၈၁၁၀၇၇၀၃

အမည်ပြောင်း

ပဲခူးတိုင်းဒေသကြီး၊ တောင်ငူမြို့နယ်၊ အ.ထ.က(နတ်စင်ကုန်း) Grade-11 မှ ပညာသင်ကြားနေသော အဘဦးသော်တာဟိန်း ၅/ရဥန(နိုင်)၀၇၀၁၉၈၏သား မောင်ရဲရင့်မြင့်မိုရ်ဟိန်းအား မောင်လှိုင်သုတဟိန်းဟု ပြောင်းလဲခေါ်ဆိုပါရန်။

မောင်လှိုင်သုတဟိန်း

တစ်ဦးတည်းဖြစ်ပါကြောင်း

လားရှိုးမြို့၊ ရပ်ကွက်(၈)၊ နယ်မြေ(၈)နေ မောင်အောင်မြင့်အောင်၏ဖခင် ဦးလုံဟွီး(ခ)ရန်လုံရီး ၁၃/လရန(နိုင်) ၂၅၅၆၆၂ သည် နာမည်နှစ်မျိုးဖြစ်သော်လည်း လူပုဂ္ဂိုလ်တစ်ဦးတည်းဖြစ်ပါကြောင်း။

ဦးလုံဟွီး(ခ)ရန်လုံရီး

ပျောက်ဆုံးကြောင်း

နေပြည်တော်၊ တပ်ကုန်းမြို့နယ်၊ ခရမ်းစပ်ကုန်းကျေးရွာအုပ်စု၊ ညောင်ပင်သာကျေးရွာနေ ခင်နှင်းဝေ(ဘ)ဦးအေး ၉/တကန(နိုင်) ၂၀၅၂၃၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MB 635659)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၂၅၃၇၅၈၄၇၈

ပျောက်ဆုံးကြောင်း

ဘားအံမြို့နယ်၊ ကောဘဲကဒါအုပ်စု၊ ကော့ဓကလို့ရွာနေ နန်းလှရှင်(ဘ)ဦးတတ်ဘော(ခ) တဘော ၃/ဘအန(နိုင်)၃၃၂၄၅၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(ME 414385)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၆၉၂၃၃၇၆၁

ပျောက်ဆုံးကြောင်း

ပေါင်မြို့နယ်၊ ဖလပ်ရပ်ကွက်၊ ဇင်းကျိုက်နေ မောင်သန်းရွှေ(ဘ)ဦးဘထော် ၁၀/ပမန(နိုင်)၁၅၃၈၃၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(M 332778)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၂၀၇၄၁၅၂

ပျောက်ဆုံးကြောင်း

ဝေါမြို့နယ်၊ လက်ပန်ကျေးရွာနေ မဖြိုးဇင်ဝေ(ဘ)ဦးစန်းလွင် ၇/၀မန(နိုင်) ၁၈၀၃၅၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၂၀၇၄၁၅၂

ပျောက်ဆုံးကြောင်း

ချောက်မြို့၊ ထိန်စဝမ်းကျေးရွာအုပ်စု၊ တုံကျေးရွာ၊ အလယ်ပိုင်းနေ စိုးမင်းဦး(ဘ)ဦးပန် ၈/ခမန(နိုင်)၁၃၆၈၈၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၂၀၇၄၁၅၂

ပျောက်ဆုံးကြောင်း

ဘားအံမြို့၊ ကောကျဟန်(၄)ရပ်ကွက်နေ နန်းခင်နှင်း၀ေ(ဘ)ဦးခွန်သန်းထွန်း ၃/ဘအန(နိုင်)၄၃၃၃၄၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(ME 599794)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၆၈၄၈၈၉၀၁၁

ပျောက်ဆုံးကြောင်း

မွန်ပြည်နယ်၊ ချောင်းဆုံမြို့နယ်၊ (၁၀)ကမကေးကျေးရွာနေ မောင်သော်ဇင်ကို(ဘ)ဦးဝေမိုး ၁၀/ခဆန(နိုင်)၁၄၇၄၂၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MC 583842)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၆၉၈၆၅၇၂၁၀၇

ပျောက်ဆုံးကြောင်း

တောင်ကြီးမြို့၊ ကျောင်းကြီးစုရပ်ကွက်၊ နယ်မြေ(၁၁)၊ ဖရဲငွေတောင်လမ်း၊ မြတ်လေးလမ်းသွယ်၊ မ/၉၆(ခ)နေ ခွန်ဇမျူဝိမိန်နိုင်(ဘ) ဦးကျော်မိုး(ခ)ဂျိုးကော် ၁၃/ကတလ(နိုင်) ၀၂၆၁၁၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MI 656806)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၄၀၁၂၅၉၉၉

ပျောက်ဆုံးကြောင်း


သံဖြူဇရပ်မြို့နယ်၊ စက်စဝကျေးရွာနေ မနှင်း(ဘ)ဦးငေါက် ၁၀/သဖရ(နိုင်) ၁၆၈၁၈၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(ME 882400)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၂၀၇၄၁၅၂

ပျောက်ဆုံးကြောင်း

အောင်ဇော်လတ်(ဘ)ဦးမြင့်ဦး ၁၂/ကတန(နိုင်)၀၉၈၅၅၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

အလိမ္မာစာမှာရှိ


Card Services
Individual Debit Card/ Credit Card
Corporate Debit Card
Automated Teller Machine Services
Point of Sales Services
Online Payment/ Tax Payment
Via E-commerce
"လုံခြုံလျှို့ဝှက်
ဆောင်ရွက်မြန်မှန်
မြဝတီဘဏ်"
မြဝတီဘဏ်လီမိတက်
MYAWADDY BANK LIMITED
Phone No : (01) 2301367, 2301368,
(01) 2301452, 2301378
MPU
UnionPay


ငွေပင်လယ်မွေးမြူရေးနှင့်ရေလုပ်ငန်းကုမ္ပဏီလီမိတက်
Ngwepinlae Livestock Breedings & Fisheries Co., Ltd
ငါး/ပုစွန် မြုပ်နှံအေးခဲထုတ်လုပ်ခြင်း
(အငေးခန်းစက်ရုံ)
အဆင့်မြင့်ရေထွက်ကုန်ပစ္စည်း
ရောင်းဝယ်ရေးကုမ္ပဏီ
လှိုင်းတွန့်စက္ကူဘူးထုတ်လုပ်ရေးစက်ရုံ
ADDRESS : NO. 55/61, STRAND ROAD,BOTAHTAUNG TOWNSHIP, YANGON, MYANMAR
FAX : 951-397480, 397481 E-MAIL : ngwepinlae.headoffice@gmail.com WEBSITE : ngwepinlae.com


AMM အောင်မြင့်မိုရ်မင်းအာမခံကုမ္ပဏီလီမိတက်
WE PROTECT THE FAMILY
မိသားစုဘဝ လုံခြုံစိတ်ချဖို့
"ကျန်းမာရေးအာမခံ" ထားကြစို့!
ပြည်သူ့ပြည်သားအသက်အာမခံ
တပ်မတော်ဝန်ထမ်း
အသက်အာမခံ
နှစ်တို့ ငွေပင်ငွေရင်း
အသက်အာမခံ
စုပေါင်းအသက်အာမခံ
မြွေအန္တရာယ်အာမခံ
အထူးခရီးသွားအာမခံ
အားကစားသမား
ကိုယ်အင်္ဂါထိခိုက်မှုအာမခံ
ကျန်းမာရေးအာမခံ
ပြင်းထန်သော
ရောဂါကုသမှုအာမခံ
လူထုအခြေပြုကျန်းမာရေး
စောင့်ရှောက်မှုအာမခံ
ကိုယ်အင်္ဂါထိခိုက်မှုအာမခံ
စာသင်သားအသက်အာမခံ
ပြည်သူ့ပြည်သားနှစ်ချင်း
အသက်အာမခံ
(ပရီမီယံတစ်ကြိမ်ပေး)
နှစ်တို့ချေးငွေအသက်အာမခံ
(ပရီမီယံတစ်ကြိမ်ပေး)
ခရီးသွားအာမခံ
ပညာရေးအသက်အာမခံ
ချေးငွေအသက်အာမခံ
တောင်သူလယ်သမား
အသက်အာမခံ
ငွေပင်ငွေရင်း
အသက်အာမခံ
တမူထူးခြားသည့် စုဆောင်းမှု
အသက်အာမခံ
(တစ်လုံးတည်းပေး)
နေပြည်တော် - ဖုန်း - ၀၆၇ - ၃၄၃၄၇၁၂၂၊ ၀၉ - ၄၄၉၁၈၈၀၆၃
အမှတ်(၁၄၀)၊ ရွှေတိဂုံဘုရားလမ်းနှင့် ပန်တျာလမ်းထောင့်၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၁ - ၈၃၇၈၉၆၅၊ ၀၉ - ၄၂၄၄၄၆၆၆၄၊ ဖက်(စ်) - ၀၁ - ၈၃၇၈၉၆၃
၂၉ × ၃၀ လမ်းကြား၊ ၈၄ လမ်း၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး။ ဖုန်း - ၀၉ - ၄၂၄၄၄၆၆၆၅၅၅၅၊ ဖက်(စ်) - ၀၂ - ၄၀၃၀၀၄၆၇

❖ နိုင်ငံတော်ရွှေသီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့။

❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကိုအားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး ဦးဆောင်သည့် မြန်မာ့တပ်မတော်ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ ဗီယင်ကျန်းမြို့ရှိ နိုင်ငံတော်ကာကွယ်ရေးတက္ကသိုလ်သို့ သွားရောက်လေ့လာ၊ လွန်ပရာဘန်မြို့သို့ ဆက်လက်ထွက်ခွာ



နေပြည်တော် နိုဝင်ဘာ ၅

လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံသို့ ချစ်ကြည်ရေးခရီးရောက်ရှိနေသည့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး ဦးဆောင်သည့် မြန်မာ့တပ်မတော်ကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် ဗီယင်ကျန်းမြို့ရှိ နိုင်ငံတော်ကာကွယ်ရေးတက္ကသိုလ်သို့ သွားရောက်လေ့လာကြသည်။

ဦးစွာတပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့ဝင်များသည်နိုင်ငံတော်ကာကွယ်ရေးတက္ကသိုလ်သို့ရောက်ရှိကြရာ နိုင်ငံတော်ကာကွယ်ရေးတက္ကသိုလ် နိုင်ငံရေးဌာနအကြီးအကဲ Major General Phanseng Bounphan နှင့်တာဝန်ရှိသူများက ဂုဏ်ပြုတပ်ဖွဲ့ဖြင့် ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်ကာကွယ်ရေးတက္ကသိုလ်ဧည့်ခန်းမတွင် နိုင်ငံရေးဌာနအကြီးအကဲက သမိုင်းကြောင်းဆိုင်ရာများ၊ သင်ရိုးညွှန်းတမ်းများ၊ သင်တန်းသားများအား လေ့ကျင့်သင်ကြားရေးဆိုင်ရာများ၊ ပညာရေးဆိုင်ရာ တိုးတက်ပြောင်းလဲမှုများ၊ အာဆီယံနိုင်ငံအချို့နှင့်လေ့ကျင့်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများကို ရှင်းလင်းတင်ပြရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က **စာမျက်နှာ ၁၆ ကော်လံ ၁ ➢**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး ဗီယင်ကျန်းမြို့ရှိ နိုင်ငံတော်ကာကွယ်ရေးတက္ကသိုလ် ကျောင်းသမိုင်းပြတိုက်အတွင်း ခင်းကျင်းပြသထားမှုများကို လေ့လာကြည့်ရှုစဉ်။

၂၀၂၆ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် ဘိလိယက်နှင့် စနူကာပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲကျင်းပ



ရန်ကုန် နိုဝင်ဘာ ၅

ဘိလိယက်နှင့်စနူကာအားကစားအဆင့်အတန်း ပိုမိုဖွံ့ဖြိုးတိုးတက်မြင့်မားလာစေရေးနှင့် မျိုးဆက်သစ်အားကစားသမားများ ပေါ်ထွက်လာစေရေးတို့အတွက် ရည်ရွယ်၍ အားကစားရေးရာဝန်ကြီးဌာနကကြီးမှူး၍ အားကစားနှင့်ကာယပညာဦးစီးဌာနမြန်မာနိုင်ငံဘိလိယက်နှင့် **စာမျက်နှာ ၂၀ ကော်လံ ၄ ✦**

MFF ယူ-၁၆ ဖူဆယ်လိဂ်ပြိုင်ပွဲများဆက်လက်ကျင်းပ



ရန်ကုန် နိုဝင်ဘာ ၅

အားကစားရေးရာဝန်ကြီးဌာနနှင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့တို့၏ဦးဆောင်မှုဖြင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်၊ ဖူဆယ်နှင့် သဲသောင်ပြင်ဘောလုံးကော်မတီမှ ကျင်းပသည့် MFF ယူ-၁၆ ဖူဆယ်လိဂ်ပွဲစဉ်(၁၇)ပြိုင်ပွဲကို ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီးသဃ်နန်းကျွန်းမြို့နယ်ရှိ MFF Futsal Stadium ၌ဆက်လက်ကျင်းပသည်၊

ယင်းပြိုင်ပွဲ၏ နံနက် ၈ နာရီခွဲပွဲတွင် **စာမျက်နှာ ၂၀ ကော်လံ ၄ ▲**

၂၀၂၆ ခုနှစ် ဝန်ကြီးဌာနပေါင်းစုံ ဘော်လီဘော(အမျိုးသား/အမျိုးသမီး)ပြိုင်ပွဲ ပထမအဆင့်အုပ်စုပတ်လည်ပွဲစဉ်များ စတင်ကျင်းပ



နေပြည်တော် နိုဝင်ဘာ ၅

အားကစားရေးရာဝန်ကြီးဌာနကကြီးမှူးပြီး အားကစားနှင့်ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံဘော်လီဘောအဖွဲ့ချုပ်တို့ပူးပေါင်း၍ ၂၀၂၆ ခုနှစ် ဝန်ကြီးဌာနပေါင်းစုံဘော်လီဘောပြိုင်ပွဲ ဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ဝဏ္ဏသိဒ္ဓိ အားကစားကွင်းရှိ **စာမျက်နှာ ၂၀ ကော်လံ ၁ ❐**

ကမ္ဘာပေါ်တွင် မျိုးသုဉ်းရန်အန္တရာယ်ရှိနေသည့် ငှက်မျိုးစိတ် ၁၂ မျိုး မိုးယွန်းကြီးအင်းတောရိုင်းတိရစ္ဆာန်ဘေးမဲ့တောတွင် စတင်ဝင်ရောက်ကျက်စား



ရန်ကုန် နိုဝင်ဘာ ၅

ငှက်မျိုးစိတ် ကြွယ်ဝသည့် မြန်မာနိုင်ငံတွင် ယခုဆောင်းဦးရာသီ၌ ကမ္ဘာပေါ်တွင် မျိုးသုဉ်းရန်အန္တရာယ်ရှိနေသည့် ငှက်မျိုးစိတ် **စာမျက်နှာ ၂၉ ကော်လံ ၃ ➪**

ဥရောပတစ်ဝန်းမှာ ခရီးသည်တင် လေယာဉ်များစွာ ပုံးလန့်မှုဖြစ်ပွား စာ - ၂၆ သို့

အရှေ့အလယ်ပိုင်း စစ်ရေးအခြေအနေ မတည်ငြိမ်မှုကြောင့် ကမ္ဘာ့ရေနံဈေးနှုန်း မြင့်တက်လာ စာ - ၂၆ သို့